# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ ပြာသိုလပြည့်ကျော် (၈) ရက် ၊ သောကြာနေ့ ၊ (13-1-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၂၅၈)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ယာဉ်တိုက်မှုအများဆုံးဖြစ်ပွားသည့် လမ်းပိုင်းနေရာများသို့ သွားရောက်ကွင်းဆင်းစစ်ဆေးစဉ်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ် ပုသိမ်အကျဉ်းထောင်၊ အင်းစိန်ဗဟိုအကျဉ်းထောင်နှင့် တောင်ငူအကျဉ်းထောင်တို့ကို ကြည့်ရှုစစ်ဆေး**

စာမျက်နှာ - ၁၆



**အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံနှင့်ပတ်သက်၍ ပြောကြားခဲ့သည့်ကိစ္စ သတင်းထုတ်ပြန်ချက်**

စာမျက်နှာ - ၁၉

**မြန်မာ့နယ်စပ်ကုန်သွယ်ရေးစခန်းများက ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာလကုန်ထိ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၆၀၄၄ ဒသမ ၉၅၃ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့**

စာမျက်နှာ - ၂၇

# လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ပြေးညီ ပြည့်စုံညီညွတ်မှန်ကန်စေရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၂**

နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီဖြစ်စေရေး ဒုတိယအကြိမ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးများ၊ ရန်ကုန်နှင့် မန္တလေးမြို့တော်ဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ လမ်းညွှန်းများ၊

စာမျက်နှာ ၁၈ ကော်လံ ၁ ☞




ရတနာပုံ
၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၃ ရက်
အယ်ဒီတာ့အာဘော်

# ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ပူးပေါင်းကာကွယ်

နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရာတွင် အပြုသဘောဆောင်သည့် ဆောင်ရွက်ချက်များနှင့်အတူ အဖျက်သဘောဆောင်သည့် ဆောင်ရွက်မှုများကိုလည်း ကြုံတွေ့ရလေ့ရှိသည်။ အပြုသဘောဆောင်သည့် ဆောင်ရွက်ချက်များကို နိုင်ငံဖွံ့ဖြိုးတိုးတက်မှုဆီသို့ ရှေးရှုစေ၍ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သော်လည်း အဖျက်သဘောဆောင်သည့် ဆောင်ရွက်ချက်များကိုမူ နိုင်ငံနှင့် ပြည်သူ့အကျိုးစီးပွားကိုရှေးရှု၍ ဖယ်ရှားရှင်းလင်းဆောင်ရွက်အပ်ပေသည်။

နိုင်ငံတော်အစိုးရက အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG၊ CRPH နှင့် PDF အမည်ခံအဖွဲ့များသည် ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများကို ရက်စက်စွာလုပ်ကြံသတ်ဖြတ်ခြင်း၊ လုယက်ခြင်းများကို ဥပဒေမဲ့ကျူးလွန်လျက်ရှိသည်ကို တွေ့ရသည်။

မြန်မာလူနေမှုစနစ်တွင် ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကန်တော့လေ့ရှိကြသော ရဟန်းသံဃာတော်များနှင့် ရဟန်းအသုံးအဆောင်များကိုပင်လျှင် အကြမ်းဖက်ဖောက်ခွဲမှုများ လုပ်ဆောင်ရာတွင် သို့ဝှက်ရာအဖြစ် အသုံးပြုလုပ်ဆောင်လာကြသည်ကို စက်ဆုပ်ဖွယ်ရာတွေ့လာရသည်။ ရဟန်းတော်များအား လှူဒါန်းရန်အတွက်ဖြစ်သော သင်္ကန်းထည့်ခြင်းထဲတွင် ဖောက်ခွဲရေးပစ္စည်းများသို့ဝှက်၍ သယ်ဆောင်ကာ ရဟန်းတော်များသီတင်းသုံးရာနေရာသို့ ရောက်ရှိနေခဲ့သည်ကို အချိန်မီဖော်ထုတ်နိုင်ခဲ့ကြသည်။ တုန်လှုပ်ဖွယ်ကောင်း၍ ယုတ်မာပက်စက်စွာ ကြံစည်လုပ်ဆောင်လာကြသော အဆိုပါဖြစ်ရပ်မှာ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာဟူ၍မရှိ၊ ခင်ပွန်းကြီး ၁၀ ပါးကို ပြစ်မှားရန်ဝန်မလေးသော လူမိုက်အကြမ်းဖက်သမားများ၏ စိတ်ဓာတ်နှင့်လုပ်ရပ်ကို မျက်ဝါးထင်ထင် မြင်ရခြင်းပင်ဖြစ်သည်။

ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို လုံခြုံစိတ်ချစွာ ကာကွယ်နိုင်ရေး ဆောင်ရွက်ရာတွင် အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်ကိုလည်း သတိပြုဖွယ်တွေ့လာရသည်။ ၎င်းမှာ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်ကို ဖော်ပြခဲ့သလို ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်ကိုလည်း အသိပေးထားသည်။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်ကိုလည်း ရှင်းလင်းစွာ နားလည်သိရှိနိုင်ရန် အတိအလင်းဖော်ပြထားသည်။

ပြည်သူတစ်ရပ်လုံး၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ခြင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ခြင်းတို့တွင် မည်သည့်နည်းနှင့်မဆို အပြုသဘောဆောင်သည့် လုပ်ဆောင်ချက်များက အဖျက်သဘောဆောင်သည့် လုပ်ဆောင်ချက်များကို ချေဖျက်လွှမ်းမိုးကာ အောင်မြင်မှုရရှိအောင် ဆောင်ရွက်နိုင်ရမည်သာဖြစ်ပေသည်။

သို့ဖြစ်ပေရာ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားနှင့် အသက်အိုးအိမ်စည်းစိမ်ကို ဖျက်ဆီးရန် ကြိုးပမ်းအားထုတ်မှုများကို လုပ်ဆောင်လျက်ရှိသည့် NUG၊ CRPH၊ PDF အပါအဝင် အကြမ်းဖက်အဖွဲ့များ၏ အဖျက်အမှောင့်လုပ်ရပ်များကို ကာကွယ်နိုင်ရန် ပြည်သူများအနေဖြင့် နိုးကြားသောအသိဖြင့် ပူးပေါင်းပါဝင်ကာကွယ်တွန်းလှန်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

# ဇန်းမော်ဆိပ်ကမ်းမှ မန္တလေး မရမ်းခြံဆိပ်ကမ်းသို့ အဝတ်အထည်၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်းများတင်ပို့သည့်သင်္ဘော များပြားလာ

**မန္တလေး ဇန်နဝါရီ ၁၂**

ဇန်းမော်ဆိပ်ကမ်းမှ မန္တလေး မရမ်းခြံဆိပ်ကမ်းသို့ အဝတ်အထည်၊ အလှကုန်နှင့်လူသုံးကုန်ပစ္စည်းများတင်ပို့သည့်သင်္ဘော များပြားလာကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမောင်က ပြောပြ၍သိရသည်။

ယခုအခါ ပြည်ပမှ တင်သွင်းသည့် အဝတ်အထည်၊ အလှကုန်၊ လူသုံးကုန်ပစ္စည်းများကို ဇန်းမော်ဆိပ်ကမ်းမှ မန္တလေး မရမ်းခြံဆိပ်ကမ်းသို့ ရောဝတီမြစ်ရေလမ်းကြောင်းမှတစ်ဆင့် တင်ပို့မှုများပြားလာကြောင်း သိရသည်။

"အခုရောဝတီမြစ်အတွင်း ရေနည်းချိန်ကာလ ဖြစ်ပေမဲ့လဲ ရေလမ်းကြောင်း ကောင်းမွန်နေပြီးတော့ ကုန်စည်တင်ပို့တဲ့သင်္ဘောတွေ အဆင်ပြေစွာသွားလာနေပါတယ်။ ရောဝတီမြစ်ရေလမ်းကြောင်းကနေတစ်ဆင့် ဇန်းမော်ဘက်ကနေ အဝတ်အထည်၊ အလှကုန်နဲ့ လူသုံးကုန်ပစ္စည်းတွေကို မရမ်းခြံဆိပ်ကမ်းကိုတင်ပို့တဲ့ ကုန်တင်သင်္ဘောတွေ အခု တော်တော်လေးများလာပါတယ်"ဟု ဦးဝင်းမောင်က ပြောပြသည်။

ဇန်းမော်ဆိပ်ကမ်းမှ မရမ်းခြံဆိပ်ကမ်းသို့ အဝတ်အထည်၊အလှကုန်နှင့် လူသုံးကုန်ပစ္စည်းတင်ပို့သည့် ကုန်တင်သင်္ဘောမှာ ဇန်နဝါရီလ ပထမပတ်က အစီးရေ ၃၀ ကျော်သာရှိခဲ့သော်လည်း ဇန်နဝါရီ ၁၁ ရက်မှစ၍ အဝတ်အထည်၊ အလှကုန်နှင့် လူသုံးကုန်ပစ္စည်း တင်ပို့သည့် သင်္ဘောအစီးရေ ၈၀ ကျော်ထိရှိလာကြောင်း သိရသည်။

အလားတူ မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ထီးချိုင့်၊ ကသာ၊ ဇန်းမော် စသည့်မြို့များသို့ ကုန်ပစ္စည်းတင်ပို့သည့် ကုန်တင်သင်္ဘော စုစုပေါင်း အစီးရေ ၃၀၀ ကျော်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သိရသည်။

(၁၈၄)

# မန္တလေး ကုန်စည်ဒိုင်အတွင်း ပဲ၊ ပြောင်း၊ နှမ်း အရောင်းအဝယ်ပြုလုပ်သည့်လုပ်ငန်းရှင် ဦးရေ ၅၀၀ ကျော်ထိရှိ



**မန္တလေး ဇန်နဝါရီ ၁၂**

မန္တလေးကုန်စည်ဒိုင်အတွင်း ပဲ၊ ပြောင်း၊ နှမ်း အရောင်းအဝယ်ပြုလုပ်သည့်လုပ်ငန်းရှင် ဦးရေ ၅၀၀ ကျော်ထိရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

မန္တလေးကုန်စည်ဒိုင်အတွင်း ပဲ၊ ပြောင်း၊ နှမ်း ကုန်စည်များကို ပုံမှန်အတိုင်း အရောင်းအဝယ်ပြုလုပ်လျက်ရှိကြောင်း၊ ဇန်နဝါရီလ ပထမပတ်အတွင်းက ကုန်စည်ဒိုင်အတွင်း၌ အရောင်းအဝယ်ပြုလုပ်သည့်လုပ်ငန်းရှင် အနည်းငယ်သာရှိခဲ့ပြီး ယခုအခါ အရောင်းအဝယ်ပြုလုပ်သည့် လုပ်ငန်းရှင်ဦးရေများ ပြားလာကြောင်း သိရသည်။

"အခုက ပဲ၊ ပြောင်း၊ နှမ်းကုန်စည်အားလုံးနီးပါး အရောင်းအဝယ် အနည်းငယ် ပြန်ပြီးကောင်းလာတယ်။ ကုလားပဲ၊ မတ်ပဲနဲ့ နှမ်းကတော့ အရောင်းအဝယ်ပြန်ကောင်းနေတယ်။ တချို့ အဝယ်မလိုက်ဘဲ အရောင်းအဝယ်သိပ်မကောင်းတဲ့ ကုန်စည်ကတော့ အနည်းငယ် လောက်ပဲရှိပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးကုန်စည်ဒိုင်အတွင်း ပဲ၊ ပြောင်း၊ နှမ်း အရောင်းအဝယ်ပြုလုပ်သည့်လုပ်ငန်းရှင်ဦးရေမှာ ဇန်နဝါရီလ ပထမပတ်က တစ်ရက်လျှင် ဦးရေ ၃၀၀ ကျော်သာ ရှိခဲ့သော်လည်း ဇန်နဝါရီ ၁၁ ရက်မှစ၍ အရောင်းအဝယ်ပြုလုပ်သည့် လုပ်ငန်းရှင်မှာ တစ်ရက်လျှင် ဦးရေ ၅၀၀ ကျော်ထိ ရှိလာကြောင်း သိရသည်။

မန္တလေး ကုန်စည်ဒိုင်အတွင်း ပဲ၊ ပြောင်း၊ နှမ်း စသည့်ကုန်စည်များကို အဆင်ပြေစွာ အရောင်းအဝယ်ပြုလုပ်နိုင်ရေးအတွက် ကုန်စည်ဒိုင်ကို နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၄ နာရီထိ ပုံမှန်အတိုင်း ဖွင့်လှစ်ပေးထားကြောင်း ၎င်းက ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေး ကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက်

**မန္တလေး ဇန်နဝါရီ ၁၂**

မန္တလေး ကားဈေးကွက်အတွင်း ညာမောင်း လုပ်ငန်းသုံးကားများ တင်သွင်းခွင့်မရတော့သဖြင့် လက်ကျန်ညာမောင်း လုပ်ငန်းသုံးကားများ အမြင့်ဈေးဖြင့် အရောင်းအဝယ်ပြုလုပ်နေကြပြီး ဈေးကွက်အကြိုက်ဖြစ်သည့် ငွေကျပ် သိန်း ၃၀၀ ခန့် ညာမောင်းကား ပို၍ အရောင်းအဝယ်ဖြစ်နေကြောင်း ကားဈေးကွက်အတွင်းမှ သိရသည်။

ထို့ပြင် အိမ်စီးကားအမျိုးအစားများမှ ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၅၀၀ ကြားရှိကားများ အရောင်းအဝယ်ရှိနေပြီး ဆီစားသက်သာ ရုပ်ထွက်လှသော ဟွန်ဒါအင်ဆိုက်ကားများလူကြိုက်ပိုများလာကြောင်း၊ ဆူဇူကီးဆွစ်၊ ဟွန်ဒါဖစ်၊ ဟာရီယာ၊ ပရိုဘောက်၊ အင်ဆိုက်၊ ဖစ်ဂ်၊ ကယ်လ်ဒီးနား အစရှိသည့် အိမ်စီးကားများ အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

ထို့အတူ ၆၆၀ စီစီ မီနီထရပ်(ခွေးဘီလူး)ကားများမှာ ဟိုက်ဂျက် Auto ငွေကျပ်သိန်း ၁၆၀ ခန့်၊ Manual ငွေကျပ်သိန်း ၁၄၀ ခန့် ဈေးပေါက်နေပြီး အခြားသော ခွေးဘီလူး ကားများတွင်လည်း Manual ငွေကျပ် သိန်း ၁၂၀၊ Auto ငွေကျပ်သိန်း ၁၃၀ ခန့်ဖြင့် အရောင်းအဝယ် ရှိနေကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ် ၂၀ အမည်ပေါက် စလစ် ငွေကျပ် ၁၃၅ သိန်း၊ စလစ် အပ်ကား ငွေကျပ် ၁၂၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် ၁၂၅ သိန်း၊ တက္ကစီစလစ် ငွေကျပ်သိန်း ၁၂၀ ခန့် ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

ယခုတစ်ပတ် မန္တလေး ဆိုင်ကယ်ဈေးကွက်တွင် ဈေးနှုန်းများ မြင့်တက်နေဆဲဖြစ်သောကြောင့် အရောင်းအဝယ် အေးနေပြီး တစ်ပတ်ရစ်ဈေးကွက်တွင်လည်း ရောင်းချလိုမှု ပို၍များနေကြောင်း မန္တလေးမြို့ ၃၉ လမ်းဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

ယခုအခါ တစ်ပတ်ရစ်ဆိုင်ကယ်ဈေးကွက်တွင် အော်တိုဂီယာ တရုတ်ဘီးများနှင့် Click၊ FZ ဘီးများ ရောင်းချလိုမှုများနေပြီး ဘီးကြောကောင်းမွန်မှုနှင့် ဈေးနှုန်းအသင့်အတင့်ဘီးများသာ ဝယ်ယူမှုရှိနေကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၃၅ သိန်းမှ သိန်း ၅၀၊ အနိမ့်ဘီး Click များမှာ ငွေကျပ် ၁၈ သိန်းမှ ၂၅ သိန်းခန့် ဈေးရှိကြောင်း၊ Scoopy i အမျိုးအစားဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၃၃ သိန်းမှ ၄၅ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၇ သိန်းမှ ၂၃ သိန်းခန့်ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် ဆိုင်ကယ်ဈေးနှုန်းများမှာ အင်ဂျင်ပါဝါ 110 အမျိုးအစားများ ငွေကျပ် ၆ သိန်း ၅ သောင်းမှ ၉ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရုပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၇ သိန်း ၅ သောင်းမှ ၁၂သိန်းခန့်၊ CZI နောက်ဆုံးထုတ်အသစ်တစ်စီးလျှင် ငွေကျပ် ၁၂ သိန်းခန့်၊ ဆိုင်ကလုန်းမှာ ငွေကျပ် ၁၇ သိန်းမှ ၁၈ သိန်း ၈ သောင်းရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးထွန်းထွန်းထံမှ သိရသည်။ (၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကျိုင်းတုံမြို့နယ်တွင် ပန်ဝိုင်အောက်နောင်လျှံလမ်း မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ကျိုင်းတုံ ဇန်နဝါရီ ၁၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံခရိုင် ကျိုင်းတုံမြို့နယ်တွင် ပန်ဝိုင်အောက်နောင်လျှံလမ်း မြေသားလမ်း ဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျိုင်းတုံခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသိန်းလင်းနှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၀၂ ဒသမ ၅၈၉ သန်းဖြင့် တွမ်လီဒေးကုမ္ပဏီက တာဝန်ယူဆောင်ရွက်သည့် ပန်ဝိုင်အောက်နောင်လျှံလမ်း မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြပြီး သက်ဆိုင်ရာဌာန၊ ကုမ္ပဏီတို့မှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို လိုက်လံရှင်းလင်းပြသရာ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)က လုပ်ငန်းများ အချိန်မီပြီးစီးရေး ဆွေးနွေးမှာကြားခဲ့သည်။

ကျိုင်းတုံမြို့နယ် ပန်ဝိုင်အောက်နောင်လျှံလမ်းတွင် မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းသည် အရှည် သုံးမိုင်၊ အကျယ် ၁၈ ပေ၊ အမြင့် လေးလက်မဖြစ်ပြီး လုပ်ငန်းများကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၅ရက်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ၉၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ပြီးစီးပါက ကျေးလက်ဒေသထွက်ကုန်ပစ္စည်းများကို မြို့ပေါ်ဈေးကွက်အရောက် တင်ပို့ရောင်းချနိုင်မည်ဖြစ်ရာ လမ်းဘေးတစ်လျှောက်ရှိ ကျေးရွာ ၁၉ ရွာမှ လူဦးရေ ၄၉၅၁ ဦး၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ပြီး ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိနိုင်မည်ဖြစ်ကြောင်း ကျိုင်းတုံခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသိန်းလင်းထံမှ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# မြောက်ဦးမြို့နယ် မောင်ရှိကန်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**မြောက်ဦး ဇန်နဝါရီ ၁၂**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မောင်ရှိကန်ကျေးရွာအုပ်စု မောင်ရှိကန်ကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘစောနှင့် မြို့နယ် တာဝန်ခံအင်ဂျင်နီယာတို့က ကျေးရွာကွန်ကရစ်လမ်းကော်မတီဝင်များနှင့်အတူ မောင်ရှိကန်ကျေးရွာတွင်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးပြီး တာဝန်ယူဆောင်ရွက်နေသော Libra-92 ကုမ္ပဏီမှတာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ မြို့နယ်ဦးစီးမှူး ဦးဘစောက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး ကြီးကြပ်ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြောက်ဦးမြို့နယ် မောင်ရှိကန်ကျေးရွာ၌ အရှည် ပေ ၅၂၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခုနစ်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စု(မွမ်းမံ)ခွင့်ပြုရန်ပုံငွေကျပ် ၃၀ ဒသမ ၆ သန်းဖြင့် Libra-92 ကုမ္ပဏီက ၂၀၂၂ ခုနှစ် နိုဝင်ဘာလက စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ၉၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ကိုသန်း**

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလထိ နိုင်ငံ ၄၀ ကျော်သို့ ရေထွက်ကုန်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၅၄၈ ဒသမ ၇၃ သန်း ရရှိထား



**နေပြည်တော် ဇန်နဝါရီ ၁၂**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်ထိ နိုင်ငံ ၄၀ ကျော်သို့ ရေထွက် ကုန်ပစ္စည်းများ တင်ပို့မှုမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၅၄၈ ဒသမ ၇၃ သန်း ရရှိထားကြောင်း ငါးလုပ်ငန်းဦးစီးဌာန (နေပြည်တော်) ညွှန်ကြားရေးမှူး ဦးညွန့်ဝင်းက ပြောပြ၍ သိရသည်။

ထိုသို့ တင်ပို့ရာတွင် ဂျပန်နိုင်ငံ အရှေ့အလယ်ပိုင်းနိုင်ငံများ၊ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ မလေးရှားနိုင်ငံ၊ ဩစတြေးလျနိုင်ငံနှင့် တရုတ်(တိုင်ပေ)တို့သို့ ပုံမှန်တင်ပို့လျက်ရှိပြီး ရေထွက်ကုန်တင်ပို့မှုတိုးတက်ရေးအတွက် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့်ငါးလုပ်ငန်းဦးစီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလကနေ ဒီဇင်ဘာလထိ ကိုးလတာကာလအတွင်းမှာ ရေထွက်ကုန်တင်ပို့မှုကနေ ပို့ကုန်ဝင်ငွေရရှိထားမှုကတော့ အမေရိကန်ဒေါ်လာ ၅၄၈ ဒသမ ၇၃ သန်းဖြစ်ပါတယ်။ ဒီလိုတင်ပို့ရာမှာ အရင်နှစ်ကထက် ငါးသလောက်၊ ငါးမြစ်ချင်း၊ ကကတစ်၊ ငါးတန်၊ ငါးခုံးမ စတဲ့ ငါးအမျိုးအစား ၂၀ ကိုပိုမိုတင်ပို့နိုင်ခဲ့သလို ပုစွန်တင်ပို့နိုင်မှုကလဲ မြင့်တက်ခဲ့ပါတယ်။ ပြည်ပကို ရေထွက်ကုန်တွေ တင်ပို့မှုကတော့ ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းဖြစ်တဲ့ ပင်လယ်ရေကြောင်းကနေသာမက နယ်စပ်ကုန်သွယ်ရေးစခန်းတွေကနေလဲ တင်ပို့နေတာဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူး ဦးညွန့်ဝင်းက ပြောပြသည်။

ရေထွက်ကုန်တင်ပို့ရာတွင် ပုံမှန်တင်ပို့မှုများ စဉ်ဆက်မပြတ်ရှိစေရေးနှင့် ဈေးကွက်အနေအထားပေါ်မူတည်၍ ပို့ကုန်မလျော့ကျစေရေးအတွက် ဝယ်ယူနေသည့် နိုင်ငံတစ်နိုင်ငံချင်းစီ၏လိုအပ်ချက်များ ပြည့်မီရေးကို ဌာနနှင့် ပို့ကုန်လုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာန (နေပြည်တော်)မှ သိရသည်။

ASH

# ညောင်ရွှေမြို့နယ် ကလေးကြီးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ညောင်ရွှေ ဇန်နဝါရီ ၁၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကလေးကြီးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့်စီမံကိန်းအကြောင်းအရာများရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ညောင်ရွှေမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မြတ်မြတ်မူနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦး၊ သက်မွေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦး စုစုပေါင်း ၄၁ ဦးကို ငွေကျပ် သန်း ၂၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

# တန့်ယန်းမြို့နယ် မိုင်းပတ်(ရွာမ)ကျေးရွာတွင် VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**တန့်ယန်း ဇန်နဝါရီ ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းပတ်ကျေးရွာအုပ်စု မိုင်းပတ်(ရွာမ)ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇန်နဝါရီ ၁၁ ရက် နံနက် ၉ နာရီက အဆိုပါ ကျေးရွာဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေနွယ်ထွန်းက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း လုပ်ငန်းစဉ်များ၊ စီမံကိန်းမူဘောင်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက ဦးစားပေးဆောင်ရွက်လိုသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာ တာဝန်ရှိသူများက လိုအပ်သည်များ ရှင်းလင်းပြောကြားပြီး ကျေးရွာနေပြည်သူများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါ မိုင်းပတ်(ရွာမ) ကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာနေပြည်သူများ၏ လုပ်အား၊ ငွေအား ထည့်ဝင်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ကျေးရွာ၏ အဓိကလိုအပ်ချက်များပါဝင်သော ဖွံ့ဖြိုးရေးစီမံချက်များ ရေးဆွဲပြီး စီမံချက်ပါ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအလိုက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာများပံ့ပိုးကာ ထပ်မံတိုးချဲ့ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သူသူ**



# နှင်းဖျန်းလို့ လန်းဆန်းနေကြတဲ့ တက္ကသိုလ်ထဲမှ စာပန်းပျိုလေးတွေ

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

မြူတွေကဆိုင်းဆိုင်း၊ ဝန်းကျင်တစ်ခွင်မှာက အုံ့မှိုင်း၊ ဆီးနှင်းတွေကရစ်သိုင်းနေသော ဟေမန္တဆောင်းအခါသမယ၏ ခိုက်ခိုက်တုန်အောင်အေးမြချမ်းစိမ့်မှုက လွမ်းဆွတ်တသ သတိရစရာတွေများလွှန်းလှပါဘိ။

**နှင်းတွေဝေမှဖြင့်ကွယ်**ဟူသော ရုပ်ရှင်တေးသီချင်းကို ပြန်လည်သတိရမိသလို **ဂန္ထဝင်အဆိုတော်ကြီးကိုသန်းလှိုင်**၏ **တစ်ဆောင်းသစ်ပြန်ပြီ** သီချင်းကိုလည်း ကြားယောင်နေမိသည်။

အထူးသဖြင့် ဂီတစာဆို(ဦး)လွင်မြင့် ရေးဖွဲ့ပြီး အဆိုတော်(ဦး)ခင်မောင်ကြီးသီဆိုခဲ့သော **တက္ကသိုလ်မှာ ဝေတဲ့နှင်း** သီချင်းတစ်ပိုင်းတစ်စကိုတော့ ခံစားချက်အပြည့်ဖြင့် ရင်နင့်တမ်းတစွာ မကြာခဏတဖွဖွ သီဆိုနေမိသည်။

"**သံသယတောအလယ် . . . မောတယ်အချစ်ရယ် . . . ပန်းရိုးကျောထက်လှတဲ့ သီလာတက္ကရဲ့ ကျွန်းညိုမြဝယ် မိုးမြေနီမှိုင်ယောင် . . . မာယာဆောင်သို့ . . . မြူနှင်းတို့ဝေတဲ့ကာလ . . . ချမ်းမြမြဟေမန်ဝယ် . . . လှပုံကလေးလည်း တစ်မျိုးကွယ် . . . တစိမ့်စိမ့်လေးလည်းအေးတယ် . . . တသိမ့်သိမ့်တွေးစရာလေးတွေရှိနေပြီမို့ . . . တက္ကသိုလ်မှာဝေတဲ့နှင်းရယ် . . . နှင်းကလေးတွေမှဟုတ်ရဲ့လား . . . နှင်းကလေးတွေမှ ဟုတ်ပါရဲ့လားကွယ်**"

သည်ဇရာအို အရွယ်ကြီးရောက်ခါမှ တရားဘာဝနာ မပွားဘဲ ဘာကြောင့်များ ကလေးကလား ရင်နင့်တမ်းတနေရပါသလဲ၊ မကြာခဏ တဖွဖွသီဆိုနေရပါသလဲ၊ ငယ်မူပြန်နေလေရော့သလားဟု စူးစမ်းမေးမြန်းကြပါက "**သွေးငင်ကြမ္မာ ဝါသနာကြောင့်**"ဟုပဲ ဆရာတက္ကသိုလ်ဘုန်းနိုင်က စာပေဟောပြောပွဲတိုင်းတွင် ပြောလေ့ပြောထရှိသည့် လက်သုံးစကားဖြင့်သာ ပြန်လည်ဖြေကြားလိုက်ချင်ပါသည်။

သာမန်ပုထုဇဉ်ဖြစ်သော ကျွန်တော်ကလည်း စာပေဝါသနာ၊ စာပေအကြင်နာဖြင့် သင်တန်းသား၊ သင်တန်းသူများအပေါ် ထားရှိသော သံယောဇဉ်အမျှင်တန်းများကြောင့် တစ်နှယ်ငင် တစ်စင်ပါ ဆိုသလို အောက်မေ့တမ်းတပြီး လွမ်းတော်မူ၍ စာကိုစီ၊ မှန်းမြော်ရည်၍၊ စာကိုသီနေမိခြင်းရယ်ပါ။

ယခုလိုဆောင်းရာသီနှစ်ဆန်းကာလတွင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန တောင်ငူဆောင်မှာ နှစ်စဉ်ဖွင့်လှစ်ပို့ချသင်ကြားပေးခဲ့ကြရသည့် **စာပေဖန်တီးရေးသားမှုနှင့် တည်းဖြတ်မှုအတတ်ပညာ ဘွဲ့လွန်ဒီပလိုမာသင်တန်းများ**ကို **လွမ်းဆွတ်တမ်းတ သတိရနေမိသောကြောင့်ပင်တည်း။**

ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားကတည်းက ပိတ်ထားခဲ့ရသော အဆိုပါသင်တန်းများကို ငါးနှစ်ခန့် ကျော်လွန်ခဲ့သော်လည်း ယနေ့တိုင်မမေ့ရက်နိုင်ဘဲ ကျွန်တော်လွမ်းဆွတ်တမ်းတနေဆဲပါ။

ထူးထူးခြားခြား ကျွန်တော်မှတ်မိနေသည့်နေ့။ မှတ်မှတ်ရရ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့။ မြန်မာစာဌာနသို့ သုတဘာဏ် စာတမ်းစာအုပ်(၁)၊ (၂)၊ (၃)၊ (၄)နှင့် စာနယ်ဇင်းသမိုင်းစာအုပ်အပါအဝင် ငါးအုပ်လှူဒါန်းခဲ့သည့်နေ့။

ထိုနေ့ နံနက် ၅ နာရီမှာ ကျွန်တော်အိပ်ရာမှထ၊ ကိုယ်လက်သန့်စင်၊ ဘုရားရှိခိုး၊ သီလခံယူ၊ သတ္တဝါများအားလုံးကို မေတ္တာပို့သပြီးနောက် ကျွန်တော်နေထိုင်ရာ ဒဂုံမြို့သစ်(မြောက်ပိုင်း)မှ ရန်ကုန်တက္ကသိုလ်သို့ နံနက် ၆ နာရီ မိနစ် ၃၀ တွင် ထွက်ခွာခဲ့သည်။ နေအိမ်မှထွက်ခွာကတည်းက မြူနှင်းတွေကရစ်သိုင်းအုံ့ဆိုင်းမှိုင်းဝေနေလေရာ ကြည့်လိုက်တိုင်း မျက်စိပသာဒရှိနေပါသည်။ ရန်ကုန်ဆောင်းကို အမြင်စောင်း၊ အထင်သေးရှုတ်ချခဲ့မိသောကျွန်တော် သံဝေဂရသွားခဲ့သည်။ ထိုနေ့က အလွန်ချမ်းအေးလွန်းလှသဖြင့် ဆောင်း၏အရသာကိုလည်း အပြည့်အဝခံစားခဲ့ရသည်။

ကျွန်တော်သွားခဲ့သည့်လမ်းကြောင်းက ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန တောင်ငူဆောင်သို့ဖြစ်သည်။ အဓိပတိလမ်းမှအဝင် မန္တလေးဆောင်ရှေ့မှ ဘယ်ဘက်ချိုးအကွေ့ အမရဆောင်ရှေ့မှဖြတ်၊ ရာမညဆောင်ကိုကျော် ခေတ်သစ်ဦးချစ်ဆိုင်ရှေ့မှဖြတ်၊ ဝေသာလီဆောင်ကိုကျော်ပြီးမှ မြန်မာစာဌာန တောင်ငူဆောင်သို့ရောက်ခဲ့သည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီ ၉ ရက်ကလည်း တာဝန်အရသွားရောက်ခဲ့ရာ ထိုနေ့က ဒုတိယမြောက်နေ့ ရောက်ခဲ့ခြင်းပါ။

သွားရောက်ရသည့်အကြောင်းရင်းက ရန်ကုန်တက္ကသိုလ်မြန်မာစာဌာန၏ **လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအစီအစဉ်အရ စာပေဖန်တီးရေးသားမှုနှင့် တည်းဖြတ်မှုအတတ်ပညာဘွဲ့လွန်ဒီပလိုမာသင်တန်း** (Post Graduate Diploma in Creative Writing and Editing-PGDCWE)တွင် ပို့ချမှုဝေပေးရန်ဖြစ်သည်။ ဘွဲ့ရသင်တန်းသား၊သင်တန်းသူဦးရေ ၁၀၀ ရှိရာ သံယာ နှစ်ပါးပါဝင်သည်။ မြန်မာနိုင်ငံစာရေးဆရာအသင်းက နှစ်စဉ်ဖွင့်လှစ်ပို့ချခဲ့သော စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းဆင်း (စာပေဆုရကြသူများ၊ စာနယ်ဇင်းလောကတွင် နေရာရကြသူများ) တချို့လည်း တက်ရောက်ခဲ့ကြသည်။ အလုပ်သင်အယ်ဒီတာများ၊ လုံးချင်းရေးနေကြသူများ၊ ကာတွန်းဆရာများလည်း ပါဝင်တက်ရောက်ခဲ့ကြသည်။

အသက် ၇၀ ကျော်မှ ရန်ကုန်တက္ကသိုလ်ထဲသို့ စာပေဒါနပေးဝေမှုရန် ရောက်ရှိလာခဲ့သောကျွန်တော်သည် ရာမညဆောင်ရှေ့မှဖြတ်တော့ ထိုအဆောင်တွင် ကျွန်တော်တို့စိတ်ပညာကျောင်းသား၊ ကျောင်းသူများ၊ စိတ်ပညာလက်တွေ့လေ့ကျင့်ခန်းများဆောင်ရွက်ခဲ့ကြသည်ကို ပြန်လည်သတိရခဲ့သည်။ မိခင်စိတ်၊ မိခင်မေတ္တာကို **စေ့ဆော်မှုစိတ်ပညာ**အရ ကြွက်မကြီးနှင့် ကြွက်သားငယ်လေးများကို စမ်းသပ်ခဲ့ရာ အံ့မခန်းကြက်သီးဖြန်းဖြန်းထခဲ့ကြရသည်။ ထိုစိတ်ပညာ သင်ခန်းစာက **ကျေးဇူးကြီးလှ မိနှင့်ဖအတွက်** များစွာကျေးဇူးပြုခဲ့သည်။

ကျွန်တော်တို့ခေတ်က ဦးချစ်ဆိုင်ကို မြင်တွေ့ရတော့လည်း ပျိုမျစ်နုနယ်ငယ်ဘဝများကို ပြန်လည်မှန်းဆလွမ်းတသသခံစားခဲ့ရသည်။ ကျွန်တော်၏ဆရာဦးသိန်းဖေမြင့်ရေးသားခဲ့သော **ဆရာအို ပြဿနာ** ဝတ္ထုတိုကိုလည်း လက်တွေ့ပြန်လည်ခံစားခဲ့မိသည်။ ကျွန်တော်တို့ခေတ်က တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု သွင်ပြင်လက္ခဏာများကား ယနေ့ခေတ်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများနှင့် များစွာကွဲပြားခြားနားသွားလေပြီ။

မည်သို့ပင်ကွဲပြားခြားနားသွားစေကာမူ သွားလာလှုပ်ရှားပြုမူနေထိုင်မှုကတော့ မပြောင်းလဲဘဲ ကျောင်းသား၊ ကျောင်းသူလူငယ်သဘာဝအလျောက်တောက်ပတက်ကြွလန်းဆန်းကြည်နူးရွှင်မြူးနေကြသည်။

ကျွန်တော်သည်ပင်လျှင် သူတို့ကိုကြည့်ပြီး ပီတိမုဒိတာပွားကာ ဇရာအိုဘဝကိုတဒင်္ဂမေ့သွားပြီး ပျိုမျစ်နုနယ်လူငယ်ဘဝသို့ ရောက်ရှိခံစားလိုက်ရသည်။ ထို့ကြောင့် "**ချမ်းမြမြ ဟေမန်ဝယ် . . . လှပုံကလေးလည်း တစ်မျိုးကွယ် . . . တစိမ့်စိမ့်လေးလည်းအေးတယ် . . . တသိမ့်သိမ့်တွေးစရာလေးတွေရှိနေပြီမို့ . . . တက္ကသိုလ်မှာဝေတဲ့နှင်းရယ် . . . နှင်းကလေးတွေမှဟုတ်ရဲ့လားကွယ်**"ဟု တင်စားထားသော **တက္ကသိုလ်မှာဝေတဲ့နှင်း** သီချင်းတစ်ပိုင်းတစ်စကို ပြန်လည်သတိရခံစားလိုက်ရသည်။

သင်တန်းသား၊ သင်တန်းသူအားလုံးက တက်ကြွနေကြသည်။ လူငယ်၊ လူရွယ်၊ လူကြီး၊ ကျား၊ မ၊ ပျိုပျိုအိုအို အရွယ်စုံ၊ အလှစုံ၊ အရည်အချင်းစုံ၊ အခံ့အညားစုံ၊ အရောင်အသွေးစုံလှသော မြန်မာစာဌာန၏ ပန်းဥယျာဉ်ကြီးထဲရောက်နေသည့်နှယ်ပင်တည်း။

❖ **သင်တန်းချိန်အတွင်းတွင် သင်တန်းသား၊ သင်တန်းသူများ ရယူလိုသောဆန္ဒများပြင်းပြလာစေရေးအတွက် သင်တန်းဆရာ၊ ဆရာမများက စာပေပညာရှင်ကြီးများ၏ ဩဝါဒများ၊ အဆိုအမိန့်များ၊ စံနမူနာပြသာဓကများ၊ ဖတ်မှတ်လေ့လာအပ်သောစာအုပ်စာပေများ၊ နည်းနာနိဿယများ၊ မှတ်စုအကျဉ်းများကို အသိပေးဖြန့်ဝေပေးကာ စဉ်ဆက်မပြတ်လေ့ကျင့်ပေးခဲ့ကြသည်။ အကျဉ်းအကျပ်ကိုတွေ့မှ အလေ့အကျင့်၏ တန်ဖိုးကိုသိအောင်လက်တွေ့ပို့ချပေးခဲ့ကြသည်။ ဆရာကြီးမင်းသုဝဏ် ညွှန်ကြားဩဝါဒပေးခဲ့သော "စု၊ တု၊ ပြု" နည်းလမ်းများကိုလည်း နားလည်သဘောပေါက်အောင် ရှင်းလင်းသင်ကြားပို့ချပေးခဲ့ကြသည်။** ❖

၂၀၁၇-၂၀၁၈ ပညာသင်နှစ် စတင်ပို့ချရက်မှာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်ဖြစ်ပြီး ပထမပညာသင်ကာလပြီးဆုံးရက်မှာ ၂၀၁၈ ခုနှစ် မတ် ၁၆ ရက်ဖြစ်သည်။ ပထမနှစ်ဝက်စာမေးပွဲဖြေဆိုခဲ့ကြရသည်။ ဒုတိယပညာသင်ကာလမှာ ၂၀၁၈ ခုနှစ် ဇွန် ၅ ရက်မှ စက်တင်ဘာ ၁၄ ရက်ထိဖြစ်သည်။ ဒုတိယနှစ်ဝက်စာမေးပွဲဖြေဆိုခဲ့ကြရသည်။

ပို့ချနေကြသည့်ဘာသာရပ်များမှာ (၁) စာပေအမျိုးအစား၊ စာပေသဘောတရား၊ (၂) စာပေဖန်တီးရေးသားခြင်း၊ ရသပညာ၊ (၃) စာပေတည်းဖြတ်ခြင်း၊ ဘာသာပြန်၊ (၄) စာပေပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်းအခြေအနေဟူ၍ ဘာသာရပ်လေးမျိုးရှိသည်။ အပတ်စဉ် တနင်္လာနေ့မှသောကြာနေ့ထိ နေ့စဉ်နံနက် ၇ နာရီ မိနစ် ၃၀ မှ ၉ နာရီ မိနစ် ၃၀ ထိသင်ကြားပို့ချခဲ့ကြရသည်။ အပတ်စဉ်သောကြာနေ့တိုင်း (Tutorial Test) ပြုလုပ်ကြရသည်။ Tutorial Test ရမှတ်သည် စာမေးပွဲ၏ ၂၀ရာခိုင်နှုန်းရမှတ်ဖြစ်သည်။

ပထမပညာသင်ကာလတွင် ဘာသာရပ်တစ်ခုလျှင် Assignment Paper နှစ်စောင်စီဖြင့် ဘာသာရပ်လေးခုအတွက် ရှစ်စောင်တင်သွင်းကြရသည်။ ဒုတိယပညာသင်ကာလတွင်လည်း ရှစ်စောင်တင်သွင်းကြရသည်ဖြစ်ရာ ပညာသင်နှစ်ပြီးဆုံးချိန်တွင် Assignment Paper ၁၆ စောင်တင်သွင်းခဲ့ကြရသည်။ ပညာသင်နှစ်ကုန်ဆုံးချိန်တွင် ဘွဲ့ယူစာတမ်း တစ်စောင်စီတင်သွင်းခဲ့ကြရသည်။

သင်တန်းကာလအတွင်း ပြည်တွင်း၊ပြည်ပလေ့လာရေးကွင်းဆင်းအစီအစဉ်များရှိပြီး ပြည်တွင်းကွင်းဆင်းအစီအစဉ်များသို့ မပျက်မကွက်လိုက်ပါကြရသည်။ ပြည်ပခရီးစဉ်အတွက်မူ စရိတ်အားလုံးမိမိကိုယ်တိုင်ကျခံရသည်ဖြစ်သောကြောင့် မိမိဆန္ဒအတိုင်းသာ လိုက်ပါနိုင်သည်။ ကျောင်းခေါ်ချိန် ၇၅ ရာခိုင်နှုန်းပြည့်မှသာ စာမေးပွဲဖြေဆိုခွင့်ပြုသည်။ သတ်မှတ်ထားသော စည်းကမ်းများနှင့် ကိုက်ညီပြည့်မီမှသာ စာမေးပွဲအောင်မြင်ပြီး ဘွဲ့လွန်ဒီပလိုမာလက်မှတ်ရရှိသည်။

"**လေ့လာဖတ်မှတ် နံ့ဝေပါကုန်စင် သိမြင်လိမ္မာ မြန်မာစာ**"ဟူသော ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၏ ဆောင်ပုဒ်ကလေးက စိတ်ဝင်စားဖွယ်ကောင်းလှသလို မြန်မာစာဌာန၏သမိုင်းဖြစ်စဉ်ကလည်း စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ရန်ကုန်ယူနီဗာစီတီကောလိပ်၏ ပထမဦးဆုံး မြန်မာလူမျိုးကျောင်းအုပ်ကြီး ဆရာကြီး ဦးဖေမောင်တင်၏ကြိုးပမ်းမှုဖြင့် ၁၉၄၁ ခုနှစ်တွင် မြန်မာစာဌာနသည် သီးခြားဌာနတစ်ဌာနဖြစ်ပေါ်လာခဲ့သည်။

ထို့ကြောင့်လည်း ဆရာကြီး ဦးဖေမောင်တင်ကို ဂုဏ်ပြုသည့်အနေဖြင့် မြန်မာစာဌာန တောင်ငူဆောင်၏မြေညီထပ်အလယ်ဗဟိုတွင် ဆရာကြီး ဦးဖေမောင်တင်၏ရုပ်တုကို ထားရှိဂုဏ်ပြုနေကြခြင်းဖြစ်သည်။ ဆရာကြီးဦးဖေမောင်သည် ကထိကအဖြစ် ရာထူးတိုးမြှင့်ခံရပြီး မြန်မာစာဌာနမှူးအဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့နောက် ပါမောက္ခအဖြစ် ရာထူးတိုးမြှင့်ဆောင်ရွက်ခဲ့သည်။ ၁၉၆၁-၁၉၆၂ ပညာသင်နှစ်တွင် ပါမောက္ခဆရာကြီးဦးဖေမောင် ကြီးမှူးသော မြန်မာစာပေဌာနနှင့် ဆရာကြီးဦးဝန် ဦးစီးသော မြန်မာဘာသာဌာနဟူ၍ ဌာနနှစ်ဌာနဖြစ်လာခဲ့သည်။ ၁၉၆၂-၁၉၆၃ ပညာသင်နှစ်တွင် ပါမောက္ခဆရာကြီး ဦးမောင်မောင်ကြီးလက်ထက်၌ စာပေနှင့် ဘာသာဌာနနှစ်ဌာနကို **မြန်မာစာဌာန**အဖြစ် ပေါင်းစည်းခဲ့သည်။

မြန်မာစာဌာနသည် မူလက သိပ္ပံအဆောက်အအုံ၏ လက်ယာဘက်တောင်ပံ (ဘွဲ့နှင်းသဘင်ခန်းမအနီး) အလယ်ထပ်တွင် တည်ရှိခဲ့သည်။ ၁၉၆၄-၁၉၆၅ ပညာသင်နှစ်မှစ၍ ယခုမြန်မာစာဌာနတည်ရှိရာ တောင်ငူဆောင်သို့ပြောင်းရွှေ့ခဲ့သည်။ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ မြန်မာမှုဘာသာရပ်ကို တိုးချဲ့လက်ခံခဲ့သည်။ မြန်မာစာအထူးပြုဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများအားလုံးနှင့် မြန်မာမှုဘွဲ့ကြိုသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

ထို့ပြင် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအစီအစဉ်ဖြင့် ဖွင့်လှစ်ခဲ့သော ဘွဲ့လွန်ဒီပလိုမာသင်တန်းများ၊ ဒီပလိုမာသင်တန်းများ၊ မြန်မာဘာသာစကား အခြေခံသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ ထို လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအစီအစဉ်အရ မြန်မာဘာသာရပ်နှင့် နီးနွယ်သောအသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းအဖြစ် **စာပေတည်းဖြတ်မှုအတတ်ပညာ** (Editrial Course)ကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဖွင့်လှစ်ခဲ့ပြီး ပညာသင်နှစ်ဝက်တစ်ကြိမ်လျှင် သင်တန်းတစ်တန်းနှုန်းဖြင့် ဖွင့်လှစ်ခဲ့ကာ သင်တန်းဆင်းလက်မှတ်များချီးမြှင့်ခဲ့သည်။

စာပေတည်းဖြတ်မှုအတတ်ပညာသင်တန်း စတင်ဖွင့်လှစ်ခဲ့ပြီး နှစ်နှစ်ပြည့်မြောက်ချိန်တွင် **စာပေဖန်တီးရေးသားမှုနှင့် တည်းဖြတ်မှုအတတ်ပညာဒီပလိုမာ** (Diploma in Creative Writing and Editing) တစ်နှစ်သင်တန်းကို အဆင့်မြှင့်တင်ဖွင့်လှစ်ခဲ့သည်။ ဒီပလိုမာအမှတ်စဉ်(၁)ကို ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှစတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် သင်တန်းပြီးဆုံးခဲ့သည်။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစ၍ ဘွဲ့လွန်ဒီပလိုမာသင်တန်း (Post Graduate Diploma) အဖြစ် အဆင့်ဆင့်တိုးမြှင့်ခဲ့သည်။

၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် **စာပေဖန်တီးရေးသားမှုနှင့် တည်းဖြတ်မှုအတတ်ပညာဘွဲ့လွန်ဒီပလိုမာသင်တန်း**(Post Graduate Diploma in Creative Writing and Editing-PGDCWE) အဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့သည်။ သင်တန်းပို့ချနေကြသည့် ဆရာ၊ ဆရာမများတွင် စာရေးသားနည်း၊ သတင်းရေး

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒါ့အပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့ လုပ်ငန်း လည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှုလမ်းကြောင်းဆိုင်ရာ ရောဂါတွေ ဖြစ်ပွားနိုင်မှုကိုလည်း လျော့ချပေးနိုင်ပါတယ်။

# မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်က တရုတ်နိုင်ငံသို့ သစ်သီးဝလံပို့ကုန် ယာဉ်အစီးရေ ၁၀၀ ကျော်ဖြင့် နေ့စဉ်ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်နေ

**လားရှိုး ဇန်နဝါရီ ၁၂**

မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုတွင် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်က တရုတ်နိုင်ငံသို့ သစ်သီးဝလံပို့ကုန်ယာဉ် အစီးရေ ၁၀၀ ကျော်ဖြင့် နေ့စဉ်ကုန်သွယ်မှု လုပ်ငန်းများ ဆောင်ရွက်နေကြောင်း မြန်မာ-တရုတ် နယ်စပ်ကုန်သည်ကြီးများအသင်း ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ အလုပ်အမှုဆောင် ဦးဇော်သန်းထွန်းက ပြောပြ၍ သိရသည်။

တရုတ်နိုင်ငံက ဖရဲသီးနှင့် သခွားမွှေးဝယ်လိုအား မြင့်တက်လာသည့်အတွက် ယခုနှစ် ဇန်နဝါရီလပထမပတ်မှ စတင်ကာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်က တရုတ်နိုင်ငံသို့ သစ်သီးဝလံပို့ကုန်ယာဉ်အစီးရေ ၁၀၀ ကျော်ဖြင့် နေ့စဉ် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။

"တရုတ်ဝယ်လက်တွေ အမှာ တက်လာတဲ့အတွက် သစ်သီးဝလံ အရောင်းအဝယ် ကောင်းမွန်လာပြီ ဖြစ်ပါတယ်။ အစကကတော့ ဖရဲသီးနဲ့ သခွားမွှေး အရောင်းအဝယ်တွေ ပြန်လည်ကောင်းမွန်လာပြီးတော့ ဈေးနှုန်းတွေလဲ တဖြည်းဖြည်းမြင့်တက်လာပါတယ်။ လက်ရှိမှာ အစေ့မဲ့ ဖရဲသီးတစ်ကီလိုဂရမ်ကို ၃ ဒသမ ၆ ယွမ်ပေါက်ဈေးရှိနေပြီး ရှမ်းဖရဲသီး တစ်ကီလိုဂရမ်ကို ၂ ဒသမ ၆ ယွမ် ပေါက်ဈေးရှိပါတယ်"ဟု ဦးဇော်သန်းထွန်းက ပြောပြသည်။

ယခုနှစ် ဇန်နဝါရီလပထမပတ်မှ စတင်ကာ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်က တရုတ်နိုင်ငံသို့ ဖရဲသီးပို့ကုန်ယာဉ်အစီးရေ ၇၀ ကျော်၊ သခွားမွှေးပို့ကုန်ယာဉ်အစီးရေ ၃၀ ကျော်ဖြင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နေပြီး ဇန်နဝါရီလ တတိယပတ်မှစတင်ကာ ဖရဲသီးနှင့်သခွားမွှေး ပို့ကုန်ယာဉ်အစီးရေ ၃၀၀ ခန့်ဖြင့် နေ့စဉ်ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မြန်မာ-တရုတ် နယ်စပ်ကုန်သည်ကြီးများအသင်း ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ သိရသည်။

ASH



# အောင်ပွဲထုဆစ် မျိုးဆက်သစ်တို့

\- ကိုယ့်နိုင်ငံ တိုးတက်ရေး
မျိုးဆက်သွေးတို့ ကြိုးစားပါ၊
ထာဝစဉ် အမုန်းမလွှမ်း
ပြုံးပန်းဝေဆာ၊
မပျက်မကွက် ကိုယ့်ဝန်တာ
ကျေပွန်စွာ ထမ်းဆောင်ရင်း၊
အများကျိုးကို ရည်ရွယ်လျက်
ရှေ့ဆက်ပါမင်း။

\- ကောင်းဂုဏ်အင် ရနံ့သင်း
သန့်ရှင်းတဲ့ စိတ်ကိုဆောင်၊
ဘဝမှာ တန်ခိုးထွားလို့
တိုးပွားဂုဏ်ရောင်၊
မိုက်အတ္တ ဖယ်ကြဉ်ရှောင်
လူတို့ဘောင် သာယာမနွေး၊
အန္တရာယ် ဘေးမသန်းလို့
အေးချမ်းစေလေး။

\- စေတနာ ရင်မှာမွေးလို့
အကြင်နာပေး လှူရပ်မြေ၊
မေတ္တာကို ရင်ဝယ်ပိုက်
အားစိုက်ဆောင်လေ၊
ယုံကြည်မှု ပန်းတိုင်အခြေ
လှမ်းနိုင်စေ ဇွဲစိတ်ထား၊
အခက်ခဲကြုံ အောင်ပွဲအဖြစ်
ထုဆစ်လှုပ်ရှား။ ။

**ရဲသွေးနီ(တက်ဝန်)**

➤ စာမျက်နှာ ၄ မှအဆက်

သားနည်း၊ တည်းဖြတ်နည်း၊ စာပြင်နည်း စသည်ဖြင့် စာပေဝါ၊ စာပေသမ္ဘာပြည့်စုံနေကြသူများ၊ မြန်မာစာပညာရှင်ကြီးများ၊ စာရေးသားနည်း သင်တန်းမျိုးစုံတွင် ပို့ချသင်ကြားပေးနေကျ ဆရာကြီး၊ ဆရာမကြီးများ၊ နိုင်ငံတော်အဆင့် စာပေဆုမျိုးစုံနှင့် ဘွဲ့ထူးဂုဏ်ထူး ရရှိထားကြသူများ စသည့် အတွေ့အကြုံရင့်ကျက်သူများ ပါဝင်ကြသည်။

ထိုဆရာကြီး၊ ဆရာမကြီးများမှာ အလင်္ကာကျော်စွာဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)၊ ဦးစောထွန်း(စောလူ)၊ ဦးအောင်သောင်း၊ ဦးမျိုးသန့်(မောင်ဘုန်းပြည့်)၊ ဒေါက်တာခင်သန်းဦး(မမိုးမြေ)၊ ချစ်နိုင် (စိတ်ပညာ)၊ ဒေါက်တာညိမ်းညိမ်း၊ ဒေါက်တာထွန်းတင့်၊ ဒေါက်တာခင်မောင်ညို၊ ဦးတင်ဦး(ကျူရှင်)၊ ဟိန်းလတ်၊ ဦးမျိုးမြတ်သူ၊ ကောင်းသန့်၊ မောင်ငြိမ်းသူ(ကြို့ပင်ကောက်)၊ ဒေါက်တာအောင်မြင့်ဦး၊ ဦးစိုးညွှန့် (ရာပြည့်)နှင့် မြန်မာစာဌာနမှ အရာထမ်းစာရေးဆရာတချို့ဖြစ်ကြသည်။ ကျွမ်းကျင်ရာဘာသာရပ်အလိုက် တာဝန်ခွဲဝေယူကြပြီး အချိန်ဇယားနှင့်အညီ သင်ကြားပို့ချပေးခဲ့ကြသည်။ လခစား၊ ကြေးစားများ မဟုတ်ကြဘဲ စာပေပရဟိတလုပ်ငန်းအဖြစ် စာပေလောကအကျိုးကိုစာပေဝါသနာ၊ စာပေအကြင်နာ၊ စာပေစေတနာများဖြင့် စာပေဒါနပြု အကျိုးဆောင်ခဲ့ကြခြင်းဖြစ်သည်။

သင်တန်းချိန်အတွင်းတွင် သင်တန်းသား၊ သင်တန်းသူများ ရယူလိုသောဆန္ဒများပြင်းပြလာစေရေးအတွက် သင်တန်းဆရာ၊ ဆရာမများက စာပေပညာရှင်ကြီးများ၏ ဩဝါဒများ၊ အဆိုအမိန့်များ၊ စံနမူနာပြသာဓကများ၊ ဖတ်မှတ်လေ့လာအပ်သောစာအုပ်စာပေများ၊ နည်းနာနိဿယများ၊ မှတ်စုအကျဉ်းများကို အသိပေးဖြန့်ဝေပေးကာ စဉ်ဆက်မပြတ်လေ့ကျင့်ပေးခဲ့ကြသည်။ **အကျဉ်းအကျပ်ကိုတွေ့မှ အလေ့အကျင့်၏ တန်ဖိုးကို သိအောင်**လက်တွေ့ပို့ချပေးခဲ့ကြသည်။ ဆရာကြီးမင်းသုဝဏ် ညွှန်ကြားဩဝါဒပေးခဲ့သော **"ရ၊ တ၊ မြ"** နည်းလမ်းများကိုလည်း နားလည်သဘောပေါက်အောင် ရှင်းလင်းသင်ကြားပို့ချပေးခဲ့ကြသည်။

စာရေးသူ (စာရေးဆရာ၊ စာရေးဆရာမ၊ သတင်းစာဆရာ)၊ တည်းဖြတ်သူ(အယ်ဒီတာ)၊ ပုံနှိပ်သူ၊ ထုတ်ဝေသူ၊ သရုပ်ဖော်သူ၊ ရောင်းချသူ(ဖြန့်ချိသူ)၊ စာကြည့်တိုက်မှူးဟူ၍ မြစ်လက်တက် ခုနစ်တက်ပေါင်းဆုံစီးဆင်းမှသာ ပုံနှိပ်ထုတ်ဝေရေးလုပ်ငန်းဟူသော မြစ်ကြီးတစ်စင်း (တစ်နည်းအားဖြင့်) **စာပေလောကကြီး** ဖြစ်ပေါ်လာသည်ကို သင်တန်းဆရာ၊ ဆရာမကြီးများက ကိုယ်တွေ့ဖြစ်ရပ်များနှင့် ထင်ဟပ်သုံးသပ်ပြီး သင်ကြားပို့ချပေးခဲ့ကြသည်။

သင်တန်းသား၊ သင်တန်းသူများကလည်း ဆရာကြီး၊ ဆရာမကြီးများ၏ စေတနာကျေးဇူးအထူးထူးကို တုံ့ပြန်ကြသည့်အနေဖြင့် အာစရိယပူဇော်ပွဲများကို နှစ်စဉ်ကျင်းပကန်တော့ခဲ့ကြပြီး နှစ်ပတ်လည်မဂ္ဂဇင်းများ ထုတ်ဝေခဲ့ကြကာ သူတို့၏ကြိုးစားမှုစွမ်းပကားကို ပြသခဲ့ကြသည်။

မြန်မာစာဌာနမှ ဘွဲ့လွန်ဒီပလိုမာ စာပေသင်တန်းများနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းမှ စာရေးနည်းအခြေခံသင်တန်းများ၏အကျိုးကျေးဇူးကြောင့် စာပေလောကထဲတွင် ဂုဏ်မြင့်ဝင့်ထည်သူများ၊ ထူးချွန်သူများ များစွာပေါ်ထွက်လာခဲ့ကြသည်။ ကျွမ်းကျင်ရာဘာသာရပ်အလိုက် နိုင်ငံတော်အဆင့်စာပေဆုရရှိသူများလည်းတိုးပွားလာခဲ့သည်။

ထို့ကြောင့် သင်ကြားပို့ချပေးခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများ အနေဖြင့် ပီတိကိုစားအားရှိနေကြသည်။ ကျွန်တော်လည်း အပါအဝင်ဖြစ်သည်။ **နင်းဖျန်းလို့လန်းဆန်းနေခဲ့ကြတဲ့ တက္ကသိုလ်ထဲမှ စာပန်းပျိုလေးတွေ** ရှင်သန်လန်းဆန်းနေခဲ့ကြသည်ကို ကြားသိမြင်တွေ့ နေရလေလေ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန တောင်ငူဆောင်မှစာပေသင်တန်းများကိုလည်း ပို၍ပို၍ မှန်းဆတမ်းတ၊ လွမ်းဆွတ်နေမိလေလေ ပါတကား။

**"ရန်ကုန်တက္ကသိုလ်ထဲမှာ နင်းတွေဝေနေလေပြီ"။**

**"စာပေသင်တန်းတွေလဲ ပြန်လည်ဖွင့်လှစ်နိုင်ကြပါစေ"။**

# မိုင်းတုံမြို့နယ် နမ့်ယွန်း(လားဟူ)ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မိုင်းတုံ ဇန်နဝါရီ ၁၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံခရိုင် မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် နမ့်ယွန်း(လားဟူ)ကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းတုံခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်၊ မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက နမ့်ယွန်း(လားဟူ) ကျေးရွာ၌ ကျေးလက် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ပိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

နမ့်ယွန်း(လားဟူ)ကျေးရွာ၌ ရေရရှိရေးအတွက် အရှည်တစ်မိုင်ရှိ နှစ်လက်မ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း၊ အလျား ၁၀ ပေ၊ အနံ ရှစ်ပေ၊ အမြင့် ခြောက်ပေရှိ ဂါလန် ၃၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများကို VDP စီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ် ၁၀ သန်း၊ ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် ၃ ဒသမ ၈၂ သန်းဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် ဇူလိုင်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မောင်စိုင်**

## နိုင်ငံတကာ သတင်းများ

# ကဘူးလ်မြို့ အသေခံဗုံးခွဲတိုက်ခိုက်မှု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ရှုတ်ချ

**ကဘူးလ် ဇန်နဝါရီ ၁၂**

အာဖဂန်နစ္စတန်နိုင်ငံကဘူးလ်မြို့၌ ဇန်နဝါရီ ၁၁ ရက်တွင်ဖြစ်ပွားခဲ့သည့် အသေခံဗုံးခွဲတိုက်ခိုက်မှုကို တရုတ်နိုင်ငံက ရှုတ်ချခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ အသေခံဗုံးခွဲတိုက်ခိုက်မှုသည် အာဖဂန်နစ္စတန်နိုင်ငံခြားရေးဝန်ကြီးဌာန အဆောက်အအုံပြင်ပ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လူဦးရေ ၄၀ လည်း ဒဏ်ရာရခဲ့ကြောင်း သိရသည်။

၎င်း အသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်စဉ်ကို တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူက ဝေဖန်ရှုတ်ချခဲ့ပြီး တရုတ်နိုင်ငံသားများအပါအဝင် ကမ္ဘာ့နိုင်ငံအားလုံးမှ နိုင်ငံသားများကို အကာအကွယ်ပေးရန် အာဖဂန်နစ္စတန် တာဝန်ရှိသူများကို တိုက်တွန်းခဲ့သည်။

ဇန်နဝါရီ ၁၁ ရက် အသေခံဗုံးခွဲတိုက်ခိုက်မှုသည် တရုတ်ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို ပစ်မှတ်ထားပြုလုပ်ခဲ့သည်ဟူသော သတင်းများနှင့်ပတ်သက်၍ သတင်းထောက်များ၏မေးမြန်းမှုကို တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက အဆိုပါအတိုင်းတုံ့ပြန်ခဲ့ခြင်းဖြစ်သည်။

အဆိုပါအသေခံဗုံးခွဲတိုက်ခိုက်မှုဖြစ်စဉ်တွင် အသေခံဗုံးခွဲသမားသည် အာဖဂန်နိုင်ငံခြားရေးဝန်ကြီးဌာနအဆောက်အအုံအတွင်း ဝင်ရောက်ရန် ကြိုးစားခဲ့သော်လည်း အောင်မြင်မှု မရှိခဲ့ကြောင်း သိရသည်။

ယင်းအသေခံ ဗုံးခွဲတိုက်ခိုက်မှုကို ကုလသမဂ္ဂနှင့် ပါကစ္စတန်၊ ဗြိတိန်အပါအဝင် ကမ္ဘာ့နိုင်ငံအများအပြားကလည်း ရှုတ်ချခဲ့ကြကြောင်း သိရသည်။ KKO

# ဂရိဘုရင်ဟောင်း ကွန်စတန်တိုင်း-၂ ၏ ဈာပနအခမ်းအနား ဇန်နဝါရီ ၁၆ ရက်တွင် ကျင်းပမည်



**အေသင် ဇန်နဝါရီ ၁၂**

ဂရိနိုင်ငံ၏ နောက်ဆုံးဘုရင်ဖြစ်သော ဘုရင်ဟောင်းကွန်စတန်တိုင်း-၂ ၏ ဈာပနအခမ်းအနားကို အေသင်မြို့ မြောက်ဘက် ဂရိတော်ဝင်မိသားစုပိုင် မြေနေရာတစ်ခု၌ သီးသန့်အခမ်းအနားဖြင့် သင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဂရိဘုရင်ဟောင်း ကွန်စတန်တိုင်းသည် ဇန်နဝါရီ ၁၀ ရက်တွင် ကွယ်လွန်ခဲ့ပြီး ကွယ်လွန်ချိန်တွင် အသက် ၈၂ နှစ်ရှိပြီဖြစ်ကြောင်း ဂရိအစိုးရက သတင်းထုတ်ပြန်ထားသည်။

ကွန်စတန်တိုင်း-၂ သည် မကွယ်လွန်မီ နှလုံးပြဿနာများ၊ လှုပ်ရှားသွားလာနိုင်မှု ဆိုင်ရာပြဿနာများနှင့် ရင်ဆိုင်ခဲ့ရပြီး အေသင်မြို့ ဆေးရုံတစ်ရုံ၌ ပြီးခဲ့သည့်ရက်သတ္တပတ်မှစ၍ ဆေးဝါးကုသမှုများ ခံယူခဲ့ရသည်။

ဘုရင်ဟောင်း ကွန်စတန်တိုင်း-၂ ဈာပနအခမ်းအနားကို ဇန်နဝါရီ ၁၆ ရက်တွင် အေသင်မြို့ မြောက်ဘက်ရှိ ဂရိတော်ဝင်မိသားစု နွေရာသီနန်းတော်၌ ကျင်းပမည်ဖြစ်ကြောင်း ဂရိအစိုးရက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ကွန်စတန်တိုင်း-၂ ဘုရင်သည် ၁၉၆၄ ခုနှစ်တွင် နန်းတက်ခဲ့ပြီး အာဏာသိမ်းယူမှု တစ်ရပ်ကြောင့် ၁၉၆၇ ခုနှစ်တွင် ဂရိနိုင်ငံမှ ပြည်ပသို့ ထွက်ပြေးခဲ့ရသည်။

၁၉၇၄ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် လူထုဆန္ဒခံယူပွဲ၌ ဂရိပြည်သူများက ဘုရင်စနစ်ဖျက်သိမ်းရန် ဆန္ဒပြုခဲ့ကြရာ ကွန်စတန်တိုင်း-၂ မှာ ဂရိနိုင်ငံ၏ နောက်ဆုံးဘုရင်ဖြစ်ခဲ့ကြောင်း သိရသည်။ KKO

# ယူကရိန်းအထူးစစ်ဆင်ရေးများအတွက် တပ်မှူးနေရာအပြောင်းအလဲ ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂေးရှိုဂူး ပြုလုပ်



**မော်စကို ဇန်နဝါရီ ၁၂**

ရုရှား ကာကွယ်ရေးဝန်ကြီး ဆာဂေးရှိုဂူးသည် ယူကရိန်းအထူးစစ်ဆင်ရေးများကို ကွပ်ကဲရေးအတွက် တပ်မှူးနေရာအပြောင်းအလဲ ပြုလုပ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရုရှား ကာကွယ်ရေးဝန်ကြီး ဆာဂေးရှိုဂူးသည် ယူကရိန်းအထူးစစ်ဆင်ရေးများ၏ တပ်မှူးအဖြစ် စစ်ဦးစီးချုပ်ဗိုလ်ချုပ်ကြီး ဗယ်လာရီ ဂီရာဆီမော့ဗ်ကို ရွေးချယ်တာဝန်ပေးခဲ့ကြောင်း သိရသည်။

ဗိုလ်ချုပ်ကြီး ဂီရာဆီမော့ဗ်သည် ယူကရိန်းအထူးစစ်ဆင်ရေးများ၏တပ်မှူးအဖြစ် ပြီးခဲ့သည့်နှစ် အောက်တိုဘာလကမှ ခန့်အပ်ခံထားရသော ဗိုလ်ချုပ်ကြီး ဆာဂေးဆူရိုဗီကင်၏နေရာ၌ အစားထိုးဝင်ရောက်မည်ဖြစ်သည်။

ယူကရိန်းအရှေ့ပိုင်း၌ တိုက်ပွဲများပြင်းထန်နေချိန်တွင် ယူကရိန်းစစ်ဆင်ရေးများအတွက် တပ်မှူးနေရာကို ရုရှားကာကွယ်ရေးဝန်ကြီးဆာဂေးရှိုဂူးက အပြောင်းအလဲပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ရုရှားနှင့် ယူကရိန်းတပ်များသည် ယူကရိန်းအရှေ့ပိုင်း ဆိုလီဒါမြို့၌တိုက်ပွဲများ ပြင်းထန်လျက်ရှိသည်။

အဆိုပါမြို့ကို ရုရှားတပ်များက ထိန်းချုပ်လိုက်ပြီဖြစ်ကြောင်း သတင်းများ ပေါ်ထွက်နေသော်လည်း ယူကရိန်းအစိုးရက ငြင်းပယ်ထားကြောင်း သိရသည်။ KKO

# အင်အားကြီးနိုင်ငံများအားပြိုင်သည့်နေရာ အာဖရိကမဖြစ်သင့်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီး ချင်ကန်း ပြောကြား

**အဒစ်အဘာဘာ ဇန်နဝါရီ ၁၂**

အာဖရိကတိုက် အနေဖြင့် အင်အားကြီးနိုင်ငံများ အားပြိုင်သည့်နယ်မြေဒေသတစ်ခု မဖြစ်သင့်ဘဲ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများရှိရာနယ်မြေတစ်ခုသာဖြစ်သင့်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီး ချင်ကန်းက ဇန်နဝါရီ ၁၁ ရက်တွင် ပြောကြားခဲ့သည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ငါးရက်ကြာအာဖရိကခရီးစဉ်တစ်စိတ်တစ်ပိုင်းအဖြစ် အီသီယိုးပီးယားနိုင်ငံ အဒစ်အဘာဘာမြို့သို့ ရောက်ရှိနေစဉ် တရုတ်နိုင်ငံခြားရေးဝန်ကြီး ချင်ကန်းက အဆိုပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အာဖရိကတိုက် အနေဖြင့် အင်အားကြီးနိုင်ငံများ အားပြိုင်ရာနေရာတစ်ခုမဖြစ်သင့်ဘဲ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ အားကောင်းရာ နေရာမျိုးသာဖြစ်သင့်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးက အာဖရိကသမဂ္ဂ ကော်မရှင်အကြီးအကဲ မိုဆာဖာကီနှင့်ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့ကြောင်း သိရသည်။

အီသီယိုးပီးယားသို့ ရောက်ရှိနေစဉ် တရုတ်နိုင်ငံခြားရေးဝန်ကြီး ချင်ကန်းသည် အဒစ်အဘာဘာမြို့ရှိ အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဗဟိုဌာနအဆောက်အအုံသို့ သွားရောက်လေ့လာခဲ့သည်။

အမေရိကန်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးအဖြစ် တာဝန်ယူခဲ့သည့်ချင်ကန်းကို တရုတ်နိုင်ငံခြားရေးဝန်ကြီးအဖြစ် တရုတ်အစိုးရက ပြီးခဲ့သည့်လအတွင်း ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

ယခင်တရုတ်နိုင်ငံခြားရေးဝန်ကြီးများကဲ့သို့ပင် နိုင်ငံခြားရေးဝန်ကြီးသစ် ချင်ကန်းသည်လည်း ၎င်း၏ ရာထူးသက်တမ်းကို အာဖရိကခရီးစဉ်ဖြင့် အစပြုခဲ့ကြောင်း သိရသည်။ KKO

# ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း အိန္ဒိယနိုင်ငံ၏ ရွှေသတ္တုဝယ်ယူတင်သွင်းမှု သိသိသာသာကျဆင်း

**ဒေလီ ဇန်နဝါရီ ၁၂**



၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း အိန္ဒိယနိုင်ငံ၏ ရွှေသတ္တုတင်သွင်းမှုသည် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလနှင့်နှိုင်းယှဉ်ပါက ၇၉ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အိန္ဒိယနိုင်ငံ၏ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ရွှေတင်သွင်းမှုသည် အနည်းဆုံးဖြစ်ခဲ့သည့်နှစ် ၂၀အတွင်း ဒီဇင်ဘာလအတိုင်းတင်သွင်းခဲ့သည့် ရွှေပမာဏများအနက် အနည်းဆုံးလည်းဖြစ်ကြောင်း အိန္ဒိယအစိုးရ စာရင်းဇယားများအရ သိရသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်၌ ရွှေပမာဏ ဒုတိယအများဆုံးနိုင်ငံဖြစ်ရာ အိန္ဒိယနိုင်ငံ၏ ရွှေတင်သွင်းမှုပမာဏ ကျဆင်းလာမှုကြောင့် ကမ္ဘာ့ရွှေဈေးအပေါ် အကျိုးသက်ရောက်မှုရှိလာနိုင်သည်ဟု လေ့လာသူများက သုံးသပ်ထားသည်။

သို့သော် ၂၀၂၂ ခုနှစ်ဒီဇင်ဘာလအတွင်း ရွှေတင်သွင်းမှုပမာဏ သိသိသာသာ ကျဆင်းခဲ့မှုကြောင့် အိန္ဒိယနိုင်ငံ၏ကုန်သွယ်ရေးလိုငွေပြမှုပြဿနာ လျော့ပါးသွားနိုင်ပြီး ရူပီးငွေတန်ဖိုးကိုလည်း ကူးကန်ပေးထားနိုင်မည် ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ရွှေပမာဏတန်၂၀ တင်သွင်းခဲ့ကြောင်း အိန္ဒိယအစိုးရ တာဝန်ရှိသူများက ပြောကြားထားသည်။

အိန္ဒိယနိုင်ငံသည် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ တွင် ရွှေပမာဏ ၉၈ တန်ထိ ဝယ်ယူတင်သွင်းခဲ့သည်။ KKO

# SCIENCE AND TECHNOLOGY

## နာဆာ၏တက်စ်ဂြိုဟ်တုက ကမ္ဘာမြေနှင့်အရွယ်အစားတူ နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ်တစ်စင်းကို ရှာဖွေတွေ့ရှိ



**ဝါရှင်တန် ဇန်နဝါရီ ၁၂**

အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ တက်စ်ဂြိုဟ်တုသည် ကမ္ဘာမြေနှင့်အရွယ်အစားတူ နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ်တစ်စင်းကို ရှာဖွေတွေ့ရှိထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၁၁ ရက်က ရေးသားတင်ပြထားသည်။

TOI 700e ဟု၍အမည်ပေးထားသည့် အဆိုပါဂြိုဟ်သစ်သည် အရွယ်အစားအားဖြင့် ကမ္ဘာမြေအရွယ်အစား၏ ၉၅ ရာခိုင်နှုန်းထိရှိပြီး ကျောက်သားဂြိုဟ်တစ်စင်းဖြစ်နိုင်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါဂြိုဟ်သည် ကမ္ဘာမြေနှင့် အလင်းနှစ် ၁၀၀ ခန့်တွင် တည်ရှိသော TOI 700 အမည်ရှိကြယ်ကို ဗဟိုပြုလှည့်ပတ်နေကြောင်း သိရသည်။

TOI 700e ဂြိုဟ်သည် TOI 700 ကြယ်စနစ်အတွင်းရှိ စတုတ္ထမြောက်ဂြိုဟ်ဖြစ်ပြီး ကမ္ဘာမြေနှင့် အရွယ်အစားတူသည့် ဒုတိယမြောက်ဂြိုဟ်လည်းဖြစ်သည်။

၂၀၂၀ ပြည့်နှစ်အတွင်းတွေ့ရှိခဲ့ရသည့် TOI 700d အမည်ရှိဂြိုဟ်သည်လည်း TOI 700 ကြယ်စနစ်၏ ကမ္ဘာနှင့်အရွယ်အစားတူဂြိုဟ်တစ်စင်းဖြစ်သည်။

TOI 700 ကြယ်စနစ်အတွင်း၌ ၎င်းကြယ်နှင့် အနီးဆုံးဂြိုဟ်မှာ TOI 700b ဂြိုဟ်ဖြစ်ပြီး ကမ္ဘာမြေရက်အားဖြင့် ၁၀ ရက်လျှင် တစ်ကြိမ်ကျ မိခင်ကြယ်ကို လှည့်ပတ်လျက်ရှိသည်။

နောက်ပိုင်းတွေ့ရှိထားသော TOI 700d ဂြိုဟ်နှင့် TOI 700e ဂြိုဟ်များကမူ မိခင်ကြယ်ကို ၃၇ ရက်နှင့် ၂၈ ရက်တို့တွင် တစ်ပတ်ကျစီ အသီးသီးလှည့်ပတ်လျက်ရှိကြောင်း သိရသည်။ KKO

# HEALTH

## အကြားအာရုံချို့ယွင်းနေသူသက်ကြီးပိုင်းများ Dementia ဖြစ်နိုင်ခြေ မြင့်မားနိုင်

**နယူးယောက် ဇန်နဝါရီ ၁၂**

အကြားအာရုံချို့ယွင်းမှုပြဿနာ ဆိုးဆိုးရွားရွား ရင်ဆိုင်နေရသူ သက်ကြီးပိုင်းများသည် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ(Dementia) ဖြစ်နိုင်ခြေ ပိုမုန်ထက်မြင့်မားနေနိုင်ကြောင်း ယူပီအိုင်သတင်းဌာနက ဇန်နဝါရီ ၁၁ ရက်က ရေးသားတင်ပြထားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်များအရ သက်ကြီးပိုင်းများ အကြားအာရုံချို့ယွင်းမှုနှင့် Dementia ရောဂါတို့ကြား ဆက်စပ်မှုမှာခိုင်မာမှုရှိသည်ကို တွေ့ရကြောင်း အမေရိကန်နိုင်ငံ ဂျွန်ဟော့ကင်းတက္ကသိုလ်မှ သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် အကြားအာရုံချို့ယွင်းမှုနှင့် Dementia ဖြစ်နိုင်ခြေတို့ကြား ဆက်စပ်မှုကို အတည်ပြုနိုင်ရေးအတွက် သက်ကြီးပိုင်းဦးရေ ၂၄၀၀ တို့ကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ထွက်ပေါ်လာသောရလဒ်များအရ အကြားအာရုံအထိုက်အလျောက် ချို့ယွင်းနေသော သို့မဟုတ် ဆိုးဆိုးရွားရွားချို့ယွင်းနေသော သက်ကြီးပိုင်းများ၏ Dementia ဖြစ်နိုင်ခြေသည် အကြားအာရုံ ပုံမှန်ရှိသူသက်ကြီးပိုင်းများထက် ၆၁ ရာခိုင်နှုန်းပိုမြင့်မားကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

သို့ရာတွင် သက်ကြီးပိုင်းများ အကြားအာရုံချို့ယွင်းမှုနှင့် Dementia ဖြစ်နိုင်ခြေမြင့်မားမှုတို့ကြား မည်သို့ဆက်စပ်နေသည်ကို မသိရသေးကြောင်း သုတေသနပညာရှင်များက ဝန်ခံထားသည်။

ယခင် ပေါ်ထွက်ခဲ့ဖူးသည့် သုတေသန လေ့လာချက်များတွင်လည်း အကြားအာရုံချို့ယွင်းမှုသည် Dementia ရောဂါဖြစ်ပွားရခြင်း၏ နောက်ခံအကြောင်းတရားတစ်ရပ်ဖြစ်နိုင်ကြောင်း ဖော်ထုတ်တင်ပြခဲ့ဖူးသည်။ KKO

## တစ်ခုနှင့်တစ်ခုအနီးကပ်ဘေးချင်းယှဉ်၍ တည်ရှိနေသော အာကာသတွင်းနက်နှစ်ခုကို နက္ခတ္တရူပသိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိ


**ဝါရှင်တန် ဇန်နဝါရီ ၁၂**

တစ်ခုနှင့်တစ်ခု အနီးကပ်ဘေးချင်းယှဉ်၍ တည်ရှိနေသော အာကာသတွင်းနက်နှစ်ခုကို နက္ခတ္တရူပ သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း The Daily Mail သတင်းစာက ဇန်နဝါရီ ၁၁ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါ အာကာသတွင်းနက်နှစ်ခုသည် တစ်ခုနှင့်တစ်ခု အလင်းနှစ် ၇၅၀ သာကွာဝေးပြီးတစ်ချိန်တည်းလိုလို ကြီးထွားနေကြကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ အာကာသတွင်းနက်နှစ်ခုသည် ရှာဖွေတွေ့ရှိခဲ့ဖူးသမျှ အာကာသ တွင်းနက်များအနက် တစ်ခုနှင့်တစ်ခု အနီးကပ်ဆုံးတည်ရှိနေသည့် အာကာသတွင်းနက်များဖြစ်ကြကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

အမေရိကန် သိပ္ပံပညာရှင်များသည် ကမ္ဘာမြေနှင့်အလင်းနှစ်သန်း ၅၀၀ အကွာတွင် တည်ရှိသော အဆိုပါ အာကာသတွင်းနက်နှစ်ခုကို ချီလီနိုင်ငံအခြေစိုက် အယ်လ်မာ ရေဒီယိုတယ်လီစကုပ်၏အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



အနီးကပ် ယှဉ်တွဲတည်ရှိရင်း တဖြည်းဖြည်း ကြီးထွားလာသည့် အဆိုပါ အာကာသတွင်းနက်နှစ်ခုသည် တစ်ချိန်ချိန်တွင် အရွယ်အစား အလွန်ကြီးမားသော တွင်းနက်ကြီးတစ်ခုအဖြစ် ပေါင်းစည်းမိလိမ့်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန် သိပ္ပံပညာရှင်များသည် ကင်ဆာနက္ခတ်တာရာနယ်မြေအတွင်း ကြယ်စုနှစ်ခုပေါင်းစည်းမှုဖြစ်စဉ်ကို လေ့လာနေစဉ်အထက်ပါ အာကာသတွင်းနက်နှစ်ခုကို ရှာဖွေ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ KKO

## မြို့ပြနေကလေးများ လေထုညစ်ညမ်းမှုကြောင့် ပန်းနာရင်ကျပ်ဖြစ်ပွားမှု မြင့်မားလာနိုင်

**နယူးယောက် ဇန်နဝါရီ ၁၂**

လေထုညစ်ညမ်းမှု ပြဿနာကြောင့် မြို့ပြနေကလေးများနှင့် ဆယ်ကျော်သက်များကြား ပန်းနာရင်ကျပ်ရောဂါ ဖြစ်ပွားမှုမြင့်မားလာနိုင်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၁၁ ရက်က ရေးသားတင်ပြထားသည်။

ပတ်ဝန်းကျင် လေထုအတွင်း အိုဇုန်းဓာတ်ငွေ့ပါဝင်မှုအဆင့်နှင့် ဓာတုရုပ်မှုန် ပါဝင်မှုအဆင့် အထိုက်အလျောက် မြင့်မားခဲ့လျှင်ပင် ကလေးများနှင့် ဆယ်ကျော်သက်များ၌ ပန်းနာရင်ကျပ်ဖြစ်နိုင်ခြေမြင့်မားလာနိုင်ကြောင်း အမေရိကန် အမျိုးသားကျန်းမာရေးအင်စတီကျုမှ သုတေသနပညာရှင်များက ပြောကြားသည်။

လေထုလွှာ ညစ်ညမ်းရုပ်မှုန်များကြောင့် ကလေးများ၏ လေပြွန်လမ်းကြောင်း၌ အပြောင်းအလဲများရှိလာနိုင်ပြီး ပန်းနာရင်ကျပ်ဖြစ်ပွားနိုင်ကြောင်း အမေရိကန်သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

အထူးသဖြင့် ဝင်ငွေနိမ့်လူတန်းစားများနေထိုင်ရာ မြို့ပြဒေသနယ်မြေများမှ ကလေးများမှာ လေထုညစ်ညမ်းမှုကြောင့် ပန်းနာရင်ကျပ်ဖြစ်နိုင်ခြေ အလွန်မြင့်မားနေတတ်ကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

သုတေသနပညာရှင်များသည် အသက် ၁၆ နှစ်နှင့် ၁၇ နှစ်ကြား မြို့ပြနေကလေး ၂၀၈ ဦးကိုအချိန်ယူ စောင့်ကြည့်လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။ KKO



## Space-X ကုမ္ပဏီ၏ ဒရာဂွန်အာကာသကုန်တင်ယာဉ် ဖလော်ရီဒါပြည်နယ် ကမ်းရိုးတန်းကမ်းလွန်ရေပြင်အတွင်း ပြန်လည်ဆင်းသက်

**ဝါရှင်တန် ဇန်နဝါရီ ၁၂**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီ၏ ဒရာဂွန်အာကာသကုန်တင်ယာဉ်သည် ဇန်နဝါရီ ၁၂ ရက်တွင် ဖလော်ရီဒါပြည်နယ် ကမ်းရိုးတန်း ကမ်းလွန်ပင်လယ်ပြင်အတွင်းသို့ ပြန်လည်ဆင်းသက်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ယနေ့ ရေးသားတင်ပြထားသည်။

ဒရာဂွန် အာကာသကုန်တင်ယာဉ်သည် ကမ္ဘာမြေအပြန်ခရီးစဉ်အတွက် ဇန်နဝါရီ ၁၁ ရက်တွင် နိုင်ငံတကာ အာကာသစခန်းမှ ခွာထွက်ခဲ့ခြင်းဖြစ်သည်။

ဒရာဂွန် အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းပေါ်မှ သိပ္ပံစမ်းသပ်ပစ္စည်းများနှင့် အခြားပစ္စည်းများ စုစုပေါင်း ကီလိုဂရမ် ၁၀၀၀ ကို ပြန်လည်သယ်ဆောင်လာကြောင်း သိရသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် အဆိုပါဒရာဂွန် အာကာသကုန်တင်ယာဉ်ကို CRS-26 အမည်ရှိ မစ်ရှင်အတွက် ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၆ ရက်က လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)နှင့်ရယူထားသည့် သဘောတူညီချက်အရ ၂၆ ကြိမ်မြောက် နိုင်ငံတကာ အာကာသစခန်း ထောက်ပံ့မစ်ရှင်အဖြစ် ဒရာဂွန် အာကာသကုန်တင်ယာဉ်ကို လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် Space-X ကုမ္ပဏီ၏ အခြားဒရာဂွန်အာကာသလူသယ်ယာဉ်တစ်စင်းမှာ နိုင်ငံတကာ အာကာသစခန်း၌ ဆိုက်ကပ်ထားဆဲဖြစ်သည်။ KKO

## နိုင်ငံတကာ အားကစားသတင်းများ

# မန်စီးတီးအသင်းက ရီးရဲလ်မက်ဒရစ် ကစားသမား ဖာလန်းမန်ဒီကို ယူရို သန်း ၆၀ ဖြင့် ကမ်းလှမ်း

**မန်ချက်စတာ ဇန်နဝါရီ ၁၂**

မန်စီးတီးအသင်းသည် ခံစစ်ပိုင်းလိုအပ်ချက်ကို ဖြည့်တင်းရန် ရီးရဲလ်မက်ဒရစ်အသင်း ဘယ်တောင်ပံ ခံစစ်ကစားသမား ဖာလန်းမန်ဒီကို ယူရိုသန်း ၆၀ ဖြင့် ကမ်းလှမ်းမှုပြုလုပ်ခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

မန်စီးတီးအသင်းမှ ဘယ်တောင်ပံ ခံစစ်ကစားသမား ဘင်ဂျမင်မန်ဒီသည် တရားစွဲဆိုမှု ရင်ဆိုင်နေရပြီး အသင်းနှင့်ပူးပေါင်းနိုင်ခြင်းမရှိသောကြောင့် ဘယ်တောင်ပံခံစစ်ပိုင်းတွင် ကန်ဆယ်လိုတစ်ဦးတည်းသာ အသုံးပြုနေရသည့်အတွက် ခံစစ်ပိုင်းပြဿနာကို ဖြေရှင်းနိုင်ရန် ရီးရဲလ်မက်ဒရစ်အသင်းမှ ခံစစ်ကစားသမား ဖာလန်းမန်ဒီကို လက်ရှိအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

ထို့ပြင် အသင်းမှ ဗဟိုခံစစ်ကစားသမားများမှာလည်း မကြာခဏ ဒဏ်ရာပြဿနာကြုံတွေ့နေရသည့်အပြင် ညာတောင်ပံ ဝေါ်လ်ကာမှာလည်း အသက်အရွယ်အရ အကျပိုင်းရောက်လာသောကြောင့် ကန်ဆယ်လိုကို ၎င်း၏နေရာတွင် ထည့်သွင်းအသုံးပြုချိန်တွင် ဘယ်တောင်ပံခံစစ်ပိုင်း၌ ကစားသမားလိုအပ်ချက်ဖြစ်ပေါ်ခဲ့ပြီး ခံစစ်ပိုင်းအားနည်းချက်များရှိနေသောကြောင့် ပြီးခဲ့သည့် ကွာရာဘောင်းဖလားပွဲစဉ်တွင် တန်းဆင်းဇုန်မှ ဆောက်သမ်တန်အသင်းကို အံ့အားသင့်ဖွယ် ဂိုးပြတ်ရှုံးနိမ့်ခဲ့သည်။

အသက် ၂၇ နှစ်ရှိ ဖာလန်းမန်ဒီသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ၂၀၂၅ ခုနှစ်မှ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး ၎င်းအနေဖြင့် အသင်းတွင် ခြေစွမ်းပြကစားနေသော်လည်း အသင်းတာဝန်ရှိသူများက လူငယ်ကစားသမားများဖြင့်သာ အစားထိုးရန် စီစဉ်နေသောကြောင့် မန်စီးတီးအသင်းအနေဖြင့် ဖာလန်းမန်ဒီကို ခေါ်ယူနိုင်ရန် အခွင့်အရေးရှိနေကြောင်း သိရသည်။ ML



# IFFHS ၂၀၂၂ခုနှစ် နေရာလိုက်အကောင်းဆုံးကစားသမား ၁၁ဦးစာရင်းတွင် ရီးရဲလ်မက်ဒရစ်အသင်းမှကစားသမား သုံးဦးထိပါဝင်



**မက်ဒရစ် ဇန်နဝါရီ ၁၂**

နိုင်ငံတကာ ဘောလုံးအဖွဲ့အစည်း၊ သမိုင်းနှင့်အချက်အလက်ဆိုင်ရာအဖွဲ့အစည်း (International Federation of Football History & Statistics (IFFHS)) ၏ ၂၀၂၂ ခုနှစ်အတွက် နေရာအလိုက် အကောင်းဆုံးကစားသမား ၁၁ ဦးစာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာတွင် ရီးရဲလ်မက်ဒရစ်အသင်းမှ အများဆုံးအဖြစ်ကစားသမား သုံးဦးထိ ပါဝင်လာခဲ့ကြောင်း IFFHS. Com က ယနေ့တွင် ဖော်ပြခဲ့သည်။

IFFHS ၂၀၂၂ ခုနှစ်၏ နေရာအလိုက် တစ်နှစ်တာ အကောင်းဆုံးကစားသမား ၁၁ ဦးတွင် ရီးရဲလ်မက်ဒရစ်အသင်းမှ ကော့တွာ့၊ မိုဒရစ်နှင့် ဘင်ဇီးမားတို့ ပါဝင်လာခဲ့ကြောင်း သိရသည်။

အကောင်းဆုံး ကစားသမား ၁၁ဦး စာရင်းကို ၄-၃-၃ ပုံစံဖြင့် ရွေးချယ်ခဲ့ပြီး ခံစစ်ကစားသမား လေးဦးနေရာမှ ညာတောင်ပံခံစစ်နေရာတွင် ဘိုင်ယန်မြူးနစ်အသင်းမှ အဖွန်ဆိုဒေးဗီးလ်က ပါဝင်လာခဲ့ပြီး ဘယ်တောင်ပံခံစစ်နေရာတွင် ပီအက်စ်ဂျီအသင်းအပြင် ပြီးခဲ့သည့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် မော်ရိုကိုအသင်းနှင့်အတူ ခြေစွမ်းပြသနိုင်ခဲ့သည့် ဟာကီမီ၊ ဗဟိုခံစစ်ကစားသမား နှစ်ဦးနေရာတွင် လီဗာပူးအသင်းမှ ဗန်ဒိုက်နှင့် လိုက်ပ်ဇစ်အသင်းမှ ဂါဗယ်ဒီလိုတို့ ပါဝင်လာခဲ့သည်။

ကွင်းလယ်ကစားသမားလေးဦးနေရာမှ ဗဟိုကွင်းလယ်ကစားသမားနေရာတွင် မန်စီးတီးအသင်းမှ ဒီဘရိုင်းနှင့် ဘယ်တောင်ပံနေရာတွင် ပီအက်စ်ဂျီအသင်းမှ မက်ဆီ၊ ညာတောင်ပံခံစစ်နေရာတွင် ရီးရဲလ်မက်ဒရစ်အသင်းမှ မိုဒရစ်တို့ ပါဝင်လာခဲ့သည်။

တိုက်စစ်ကစားသမား သုံးဦးနေရာတွင် ပီအက်စ်ဂျီအသင်းမှ အမ်ဘက်ပီ၊ မန်စီးတီးအသင်းမှ ဟာလန်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းမှ ဘင်ဇီးမားတို့ ပါဝင်လာခဲ့ကြောင်း သိရသည်။ STA

# ၂၀၂၄ ပါရီအိုလံပစ်ပြိုင်ပွဲပထမအဆင့်ခြေစစ်ပွဲတွင် မြန်မာအမျိုးသမီးအသင်း အုပ်စု(B)တွင် အီရန်၊ ဘင်္ဂလားဒေ့ရှ်နှင့် မော်ဒိုက်အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်

**ကွာလာလမ်ပူ ဇန်နဝါရီ ၁၂**

၂၀၂၄ပါရီအိုလံပစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ အာရှဇုန်ခြေစစ်ပွဲ ပထမအဆင့်အတွက် အုပ်စုရေးဆွဲခြင်းကို ယနေ့တွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ပြုလုပ်ခဲ့ရာ မြန်မာအမျိုးသမီး အသင်းသည် အုပ်စု (B) တွင် အီရန်၊ ဘင်္ဂလားဒေ့ရှ်၊ မော်ဒိုက်အသင်းတို့နှင့် အတူ တစ်အုပ်စုတည်း ကျရောက်ခဲ့ကြောင်း သိရသည်။

၂၀၂၄ ပါရီအိုလံပစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ အာရှဇုန်ခြေစစ်ပွဲ ပထမအဆင့်ကို အသင်းပေါင်း ၂၆ သင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး လေးသင်းပါ ငါးအုပ်စု၊ သုံးသင်းပါ နှစ်အုပ်စုခွဲခြားထားကာ ပထမအဆင့်ခြေစစ်ပွဲတွင် အုပ်စုပထမရသည့် အသင်းများသည် ဒုတိယအဆင့်သို့ တိုက်ရိုက်တက်ရောက်ခွင့်ရမည်ဖြစ်ပြီး ယင်းအဆင့်တွင် ဦးစားပေးအဆင့်အမြင့်ဆုံး ငါးသင်းအဖြစ် သတ်မှတ်ခံထားရသော မြောက်ကိုရီးယား၊ ဂျပန်၊ ဩစတြေးလျ၊ တရုတ်၊ တောင်ကိုရီးယားအသင်းတို့နှင့် ဒုတိယအဆင့်တွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

၂၀၂၄ ပါရီအိုလံပစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ အာရှဇုန်ခြေစစ်ပွဲ ဒုတိယအဆင့်ခြေစစ်ပွဲတွင် အသင်းပေါင်း ၁၂ သင်းကို လေးသင်းပါ သုံးအုပ်စုဖြင့် ကျင်းပမည်ဖြစ်ပြီး အုပ်စုပထမရ သုံးသင်းနှင့် အကောင်းဆုံး အုပ်စုဒုတိယရ တစ်သင်းတို့သည် တတိယအဆင့်သို့ တက်ရောက်ခွင့်ရမည်ဖြစ်ကာ တတိယအဆင့် ခြေစစ်ပွဲတွင် အသင်း လေးသင်းကို တွဲဆိုင်း နှစ်ဆိုင်းပုံစံခွဲကာ အိမ်ကွင်း၊ အဝေးကွင်း ကစားစေမည်ဖြစ်ပြီး အနိုင်ရသော အသင်း နှစ်သင်းသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

၂၀၂၄ ပါရီအိုလံပစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ အာရှဇုန်ခြေစစ်ပွဲ ပထမအဆင့် အခြားအုပ်စုများအဖြစ် အုပ်စု(A)တွင် ဥဇဘက်ကစ္စတန်၊ ဂျော်ဒန်၊ တီမောလက်စ်တေနှင့် ဘူတန်အသင်း၊ အုပ်စု(C)တွင် ဗီယက်နမ်၊ နီပေါ၊ ပါလက်စတိုင်းနှင့် အာဖဂန်နစ္စတန်အသင်း၊ အုပ်စု(D)တွင် ထိုင်း၊ မွန်ဂိုလီးယား၊ စင်ကာပူနှင့် သီရိလင်္ကာအသင်း၊ အုပ်စု (E) တွင် ဖိလစ်ပိုင်၊ ဟောင်ကောင်၊ တာဂျစ်ကစ္စတန်နှင့် ပါကစ္စတန်အသင်း၊ အုပ်စု (F)တွင် တရုတ်(တိုင်ပေ)၊ အင်ဒိုနီးရှားနှင့် လက်ဘနွန်အသင်း၊ အုပ်စု(G)တွင် အိန္ဒိယ၊ ကာဂျစ်စတန်နှင့် တာ့ခ်မင်နစ္စတန်အသင်းတို့ ပါဝင်ခဲ့ကြောင်း သိရသည်။ STA

## အားကစားသတင်း အတိုအထွာများ

- ဥရောပ ထိပ်သီးကလပ်များက စိတ်ဝင်စားနေသည့် ရာဖေးလီအိုနှင့် ဘန်နာဆာတို့အား သက်တမ်းတိုးစာချုပ်ချုပ်နိုင်ရန် သေချာနေကြောင်း အေစီမီလန်အသင်းနည်းစနစ်ဒါရိုက်တာ မာဒီးနီးက ထုတ်ဖော်ပြောကြားခဲ့သည်။
- ကမ္ဘာ့ဖလားတွင် ခြေစွမ်းပြသနိုင်ခဲ့သည့် ကွင်းလယ်ကစားသမား အမ်မရာဘတ်အနေဖြင့် အေတီကိုအသင်းသို့ပြောင်းရွှေ့ရန် ဆန္ဒရှိနေသောကြောင့် လီဗာပူးအသင်း၏ ကမ်းလှမ်းမှုကို လျစ်လျူရှုခဲ့ကြောင်း သိရသည်။
- မန်ယူအသင်းကွင်းလယ်ကစားသမား တွန်မီနေးကိုခေါ်ယူရန် နယူးကာဆယ်အသင်းက ပြောင်းရွှေ့ကြေး သတ်မှတ်ပေးရန် မန်ယူအသင်းထံ တောင်းဆိုခဲ့သည်။

ML

# Adelaide International 2 ပြိုင်ပွဲဆီမီးဖိုင်နယ်အဆင့်သို့ ဘာဒိုဆာ တက်ရောက်

**ကင်ဘာရာ ဇန်နဝါရီ ၁၂**

ဩစတြေးလျနိုင်ငံတွင် ကျင်းပနေသည့် Adelaide International 2 တင်းနစ်ပြိုင်ပွဲကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဘရာဇီး တင်းနစ်မယ် ဟက်ဒက်မိုင်အာနှင့် စပိန်တင်းနစ်မယ် ဘာဒိုဆာတို့ ယှဉ်ပြိုင်ကစားသွားခဲ့ရာ ဘာဒိုဆာက(၇-၆၊ ၇-၅) ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း The West သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့အဆင့်(၁၁)တင်းနစ်မယ် ဘာဒိုဆာအနေဖြင့် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ရန်အတွက် ဟက်ဒက်မိုင်အာဖြင့် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရပြီး ပွဲကစားချိန်မှာ ၂ နာရီ ၃၄ မိနစ်ထိကြာမြင့်ခဲ့ပြီး ၎င်းအတွက် ပွဲပန်းခဲ့ရသည့် ပွဲစဉ်တစ်ပွဲဖြစ်ခဲ့သည်။

ဘာဒိုဆာက "ဟက်ဒက်ဟာ ကစားရခက်တဲ့ ပြိုင်ဘက်ကောင်းတစ်ယောက်ပါ။ ဟက်ဒက်ဟာ အနိုင်မခံအရှုံးမပေးဘဲ နောက်ဆုံးအချိန်ထိ တိုက်ပွဲဝင်တတ်တဲ့ ကစားသမားမျိုးပါ။ ကျွန်မအတွက် တကယ့်ကို ခက်ခဲတဲ့ပြိုင်ဘက်တစ်ယောက်ပါ။ သူ့အနေနဲ့ အနိုင်ရလဒ်နဲ့ထိုက်တန်တဲ့ ကစားသမားတစ်ယောက်ပါ။ သူ့ကို အနိုင်ရဖို့အတွက် နောက်ဆုံးအချိန်ထိ ခက်ခက်ခဲခဲ ကစားခဲ့ရတယ်။ ဟက်ဒက်ဟာ သူလုပ်နိုင်သမျှအရာအားလုံးကို နောက်ဆုံးအချိန်ထိ လုပ်ပြသွားခဲ့တယ်။ လေးစားဖို့ကောင်းတဲ့ ကစားသမားတစ်ယောက်ပါ" ဟု ပြောကြားခဲ့သည်။



ဘာဒိုဆာသည် ဆီမီးဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်မယ် ကာဆက်ကီနာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ AZL

## အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

## ကွာရာဘောင်းဖလား ဆီမီးဖိုင်နယ်အဆင့်တွင် မန်ယူအသင်းနှင့် နော်တင်ဟမ်အသင်းတို့ တွေ့ဆုံ



**လန်ဒန် ဇန်နဝါရီ ၁၂**

ကွာရာဘောင်းဖလား ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်များအပြီးတွင် မဲခွဲမှုပြုလုပ်ခဲ့ရာ မန်ယူအသင်းက နော်တင်ဟမ် အသင်းနှင့်လည်းကောင်း၊ နယူးကာဆယ်အသင်းက ဆောက်သမ်တန်အသင်းနှင့်လည်းကောင်း ထိပ်တိုက်တွေ့ဆုံနေကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ကွာတားဖိုင်နယ် အဆင့်တွင် မန်ယူအသင်းက တတိယတန်းကလပ် ချာတန်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ နော်တင်ဟမ်အသင်းက ဝုဒ်အသင်းကို ပင်နယ်တီ အဆုံးအဖြတ်ဖြင့်လည်းကောင်း၊ နယူးကာဆယ်အသင်းက လက်စတာအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် လည်းကောင်း၊ ဆောက်သမ်တန်အသင်းက မန်စီးတီးအသင်းကို နှစ်ဂိုးပြတ်ဖြင့်လည်းကောင်း အနိုင်ရခဲ့သောကြောင့် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် နယူးကာဆယ်အသင်းသည် ကလပ်အသင်းသမိုင်းတွင် ၁၉၇၆ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ကွာရာဘောင်းဖလား ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းနှင့် တွေ့ဆုံနေသည့် နော်တင်ဟမ်အသင်းသည် ဆီမီးဖိုင်နယ်အဆင့်တွင် လက်စွမ်းပြသနေသည့် ဂိုးသမား ဟန်ဒါဆင်အနေဖြင့် အငှားစာချုပ်အရ ပါဝင်ခွင့်ရမည်မဟုတ်သောကြောင့် နော်တင်ဟမ် အသင်းအတွက် ဗိုလ်လုပွဲတက်ရောက်ရန် မျှော်လင့်ချက်နည်းပါးနေပြီး လက်ရှိတွင် မန်ယူအသင်းကသာ ကစားသမားစုဖွဲ့မှုနှင့် ခြေစွမ်းပိုင်းကောင်းမွန်နေသည့်အတွက် နောက်တစ်ဆင့်တက်ရောက်ရန် အခြေအနေကောင်းနေသည်။

ဆီမီးဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်များကို လာမည့် ဇန်နဝါရီ ၂၅ ရက်နှင့် ဒုတိယအကျော့ပွဲစဉ်များကို လာမည့် ဖေဖော်ဝါရီ ၁ ရက်တွင် အိမ်ကွင်း၊ အဝေးကွင်းစနစ်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ML

## ပွဲထွက်ကစားခွင့်ပျောက်ဆုံးနေသည့် တိုက်စစ်မှူး အူဘာမီယန်း အသင်းပြောင်းရွှေ့ရန် ပြင်ဆင်



**လန်ဒန် ဇန်နဝါရီ ၁၂**

ပြီးခဲ့သည့် နွေရာသီ အပြောင်းအရွှေ့ကာလက ဘာစီလိုနာအသင်းမှ ချဲလ်ဆီးအသင်းသို့ စတာလင်ပေါင် ၁၂ သန်းဖြင့် ပြောင်းရွှေ့ခဲ့သည့် တိုက်စစ်မှူး အူဘာမီယန်းသည် အသင်းတွင် ပုံမှန်ပွဲထွက်ကစားခွင့် ပျောက်ဆုံးနေသောကြောင့် အသင်းမှထွက်ခွာရန် ပြင်ဆင်နေကြောင်း Fotmob.com က ယနေ့တွင် ဖော်ပြခဲ့သည်။

လက်ရှိတွင် တိုက်စစ်ပိုင်းလိုအပ်ချက်ရှိနေသည့် အေဗာတန်အသင်းက အူဘာမီယန်းကို ခေါ်ယူရန် ပစ်မှတ်ထားနေသော်လည်း ကစားသမားအနေဖြင့် ဘောလုံးရာသီတစ်ခုအတွင်း ကလပ်အသင်းနှစ်သင်းတွင်သာ ကစားခွင့်ရှိနေသောကြောင့် ဖီဖာ၏စည်းမျဉ်းနှင့် ကိုက်ညီမှုမရှိသည့်အတွက် အေဗာတန်အသင်း၏ ကမ်းလှမ်းမှုကို လက်ခံရန် မဖြစ်နိုင်ကြောင်း သိရသည်။

အူဘာမီယန်းသည် ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ပြိုင်ပွဲစုံ ၁၆ ပွဲတွင် သွင်းဂိုး သုံးဂိုးသာ သွင်းယူနိုင်ခဲ့ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲတွင်လည်း လေးပွဲသာ ပွဲထွက်ခွင့် ရရှိခဲ့သကဲ့သို့ ယခု အပြောင်းအရွှေ့ကာလတွင်လည်း အသင်းအနေဖြင့် တိုက်စစ်မှူး ဂျာအိုဖီးလစ်နှင့် ဒက်ထရီဗိုဖန်နာ၊ ကွင်းလယ်ကစားသမား အန်ဒရီဆန်းတို့စ်၊ ဘာဒီယာရှီးတို့ကို ထပ်မံ ခေါ်ယူခဲ့သောကြောင့် အူဘာမီယန်းသည် ပွဲကစားခွင့်ရရှိရန် မသေချာတော့ခြင်း ဖြစ်သည်။

ထို့ကြောင့် အသက် ၃၃ နှစ်ရှိ တိုက်စစ်မှူး အူဘာမီယန်းသည် အသင်းနှင့် စာချုပ်သက်တမ်း တစ်နှစ် ကျန်ရှိနေသော်လည်း အသင်းမှထွက်ခွာရန် ကြိုးပမ်းခဲ့ကာ အသင်းဟောင်း ဘာစီလိုနာအသင်းနှင့် ပြန်လည်ပူးပေါင်းရန် ဆန္ဒရှိနေကြောင်း သိရသည်။ ML

## The Great Lethwei
## မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် ထွန်းထွန်းမင်းနှင့် သွေးသစ်ဝင်းလှိုင်တို့ ထိုးသတ်မည်

**ရန်ကုန် ဇန်နဝါရီ ၁၂**

The Great Lethwei အမည်ရှိ မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲကြီးတွင် မြန်မာနိုင်ငံလက်ဝှေ့ကျော် နှစ်ဦးဖြစ်သည့် ဝါရင့်လက်ဝှေ့သမား ထွန်းထွန်းမင်းနှင့် သွေးသစ်ဝင်းလှိုင်တို့ အဓိကတွဲဆိုင်းအဖြစ် ထိုးသတ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါThe Great Lethwei မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲကို လာမည့် ဇန်နဝါရီ ၂၉ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလက်ဝှေ့ရုံတွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် စုစုပေါင်း တွဲဆိုင်းရှစ်ဆိုင်းဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ထွန်းထွန်းမင်းနှင့် သွေးသစ်ဝင်းလှိုင်တို့သည် ၇၄-၇၇ ကီလိုတန်းတွဲဆိုင်းအဖြစ် ထိုးသတ်သွားမည်ဖြစ်ပြီး ဒုတိယခေါင်းတွဲဆိုင်းအဖြစ် ၆၃ ဒသမ ၅-၆၇ ကီလိုတန်းပွဲစဉ်အဖြစ် အဲမ့်ဗီနှင့် ကမ္ဘောဒီးယားတို့က ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်သည်။

အခြားတွဲဆိုင်းများတွင် တွဲဆိုင်း (၁)အဖြစ် ၅၇-၆၀ ကီလိုတန်း (လိုက်ဝိတ်တန်း)တွင် စောနိုင်လင်းနှင့် ကျားရိုင်း၊ တွဲဆိုင်း (၂)အဖြစ် ၅၄-၅၇ကီလိုတန်း (ဖယ်သာဝိတ်တန်း)တွင် စိုးမင်းထိုက်နှင့် ကစောထူး၊တွဲဆိုင်း(၃)အဖြစ် ၆၃ ဒသမ ၅-၆၇ကီလိုတန်း (ဝယ်လ်တာဝိတ်တန်း) တွင် စောကဲနှင့်သားစိုး၊ တွဲဆိုင်း (၄) အဖြစ် ၆၃ ဒသမ ၅-၆၇ ကီလိုတန်း (ဝယ်လ်တာဝိတ်တန်း)တွင် စောဂျွန်နှင့် စောထွန်းဝင်းအောင်၊ တွဲဆိုင်း (၅) အဖြစ် ၅၇-၆၀ ကီလိုတန်း(လိုက်ဝိတ်တန်း) တွင် ရှမ်းတောက်နှင့် သွေးလင်းထက်၊ တွဲဆိုင်း (၆) အဖြစ် ၆၀-၆၃ ဒသမ ၅ ကီလိုတန်း(လိုက်ဝယ်လ်တာဝိတ်တန်း)တွင် စောရွှေလေးနှင့် မိုးထက်အောင်တို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း သိရသည်။

STA






## ပြင်သစ်လီဂူးပွဲစဉ် (၁၉) ပွဲကြိုသုံးသပ်ချက်များ STA

**မာဆေး Vs လိုရီယန့်**

**ကစားမည့်ရက်/အချိန် ၁၅-၁-၂၀၂၃ (နံနက် ၀၁:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**လိုရီယန့် ၀ - ၃ မာဆေး**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| မာဆေး | - | ဝေး(နိုင်) | ဝေး(နိုင်) | ဝေး(နိုင်) |
| လိုရီယန့် | - | ဝေး(နိုင်) | ဝေး(နိုင်) | အိမ်(သရေ) |

လိုရီယန့်အသင်းဟာ အသင်းလိုက်ကစားပုံ မာကျောမှုရှိတဲ့အသင်းတစ်သင်းဆိုပေမဲ့ အဝေးကွင်းခြေစွမ်းပိုင်းက တည်ငြိမ်မှုမရှိသလို မာဆေးအသင်းနဲ့တွေ့ဆုံတိုင်း ရှုံးကန်ရလေ့ရှိပါတယ်။ မာဆေးအသင်းကလဲ ငါးပွဲဆက်နိုင်ပွဲရယူထားလို့ လိုရီယန့်အသင်းကို အနိုင်ရယူဖို့ ခက်ခဲမှာမဟုတ်ပါဘူး။ ဒါကြောင့် ဒီပွဲမှာ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ မာဆေးအသင်းနဲ့ပဲ လက်တွဲထားရမှာပါ။

**အင်တာနက်ခန့်မှန်း - မာဆေး ၃ - ၁ လိုရီယန့်**

**လိုင်ယွန် Vs စထရာဘော့**

**ကစားမည့်ရက်/အချိန် ၁၅-၁-၂၀၂၃ (နံနက် ၀၂:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**စထရာဘော့ ၁ - ၁ လိုင်ယွန်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| လိုင်ယွန် | - | အိမ်(ရှုံး) | အိမ်(နိုင်) | ဝေး(သရေ) |
| စထရာဘော့ | - | အိမ်(ရှုံး) | အိမ်(သရေ) | အိမ်(သရေ) |

နှစ်သင်းစလုံးနောက်ပိုင်းပွဲစဉ်တွေမှာ ရုန်းကန်နေရတယ်ဆိုပေမဲ့ လိုင်ယွန်အသင်းက အိမ်ကွင်းဆိုရင်တော့ အသင်းလိုက်ကစားပုံကောင်းမွန်ပါတယ်။ စထရာဘော့အသင်းကတော့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေတဲ့ထိ ခြေစွမ်းပိုင်းကဆိုးရွားနေပါတယ်။ ဒါကြောင့် အိမ်ရှင်အားသာချက်နဲ့ဖိအားပေးကစားလာမဲ့ လိုင်ယွန်အသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**အင်တာနက်ခန့်မှန်း - လိုင်ယွန် ၂ - ၁ စထရာဘော့**

## စပိန်လာလီဂါပွဲစဉ် (၁၇) ပွဲကြိုသုံးသပ်ချက် STA

**ဂျီရိုနာ Vs ဆီဗီလာ**

**ကစားမည့်ရက်/အချိန် ၁၄-၁-၂၀၂၃ (ည ၀၉:၄၅နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ဂျီရိုနာ ၁ - ၀ ဆီဗီလာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဂျီရိုနာ | - | ဝေး(ရှုံး) | အိမ်(သရေ) | ဝေး(သရေ) |
| ဆီဗီလာ | - | ဝေး(သရေ) | ဝေး(နိုင်) | အိမ်(နိုင်) |

နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာ လေးပွဲနိုင်ပြီး တစ်ပွဲသရေရလဒ်ရရှိထားတဲ့ ဆီဗီလာအသင်းရဲ့ ခြေစွမ်းပိုင်းက တည်ငြိမ်မှုရှိနေပါတယ်။ ဂျီရိုနာအသင်းကတော့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်နိုင်ပွဲပျောက်ဆုံးတဲ့ထိ ခြေစွမ်းပိုင်းကျဆင်းနေပါတယ်။ ဒါကြောင့် ဒီပွဲမှာ အဝေးကွင်းဆိုပေမဲ့ ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ ဆီဗီလာအသင်းနဲ့ပဲ လက်တွဲထားရမှာပါ။

**အင်တာနက်ခန့်မှန်း - ဂျီရိုနာ ၁ - ၂ ဆီဗီလာ**

# ၂၀၂၃ ခုနှစ် လာခြင်းကောင်းသောနှစ် ဖြစ်ပါစေ

**စိုးဝင်းလ**

၂၀၂၂ ခုနှစ် ကုန်ဆုံး၍ ၂၀၂၃ ခုနှစ်သို့ ရောက်ရှိလာပြီဖြစ်သည်။ အချိန်နှင့်ဒီရေသည် လူကိုမစောင့်ဆိုသကဲ့သို့ ရက်၊ လ၊ နှစ်တို့သည် မရောက်နိုင်သေး၊ လိုသေးသည်ဟု စိတ်တွင်မှတ်ယူနေသော်လည်း တရွေ့ရွေ့နှင့် အမှန်တကယ် ရောက်ရှိလာသည်သာ။ ပြန်ကြည့်လိုက်ရင်တော့ ကျန်ခဲ့သည့်အချိန်များမှာ မကြာသေးသလိုပင်။ ပစ္စုပ္ပန်နှင့် အနာဂတ်ကာလသည် အတိတ်ကာလတည်းဟူသော အကြောင်းတရားအပေါ် အခြေခံ၍ ဖြစ်တည်ခြင်း၊ ပျက်စီးခြင်းစသည့်အကျိုးတရားများပေါ်ပေါက်လာခြင်းဖြစ်ပေရာ လွန်လေပြီးသော ၂၀၂၂ ခုနှစ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ မိဘသဖွယ်မေတ္တာထား၍ စီမံအုပ်ချုပ်မှုအောက်တွင် ကျွန်တော်တို့မြန်မာနိုင်ငံသည် ကောင်းမွန်သောအခြေခံအုတ်မြစ်များဖြင့် ဖြည်းဖြည်းမှန်မှန် တိုးတက်ပြောင်းလဲလာသည်ကို တွေ့မြင်ရသဖြင့် ၂၀၂၃ ခုနှစ်သည် ပိုမိုကောင်းမွန်သော လာခြင်းကောင်းသောနှစ်ဖြစ်မည်ဟု မျှော်လင့်မိပါသည်။

နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံလိုအပ်ချက်များမှာ တည်ငြိမ်အေးချမ်းခြင်းနှင့် တရားဥပဒေစိုးမိုးခြင်းပင်ဖြစ်သည်။ တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှသာ ပြည်သူတို့ဘဝ လုံခြုံစိတ်ချရပြီး နိုင်ငံအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ ပညာရည်မြင့်မားရေးကိစ္စရပ်များ၊ ကျန်းမာရေးနှင့်အခြားလိုအပ်သည့်ကဏ္ဍပေါင်းစုံတို့ကို ထိထိရောက်ရောက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ပြည့်စုံသည့်အခြေအနေ၊ နေပျော်သည့်ဘဝသို့ရောက်ရှိရန်မှာ အခြား ဖွံ့ဖြိုးပြီးနိုင်ငံများကို မှန်းမျှော်အားကျနေရုံမျှဖြင့် မရနိုင်ပေ။ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဟူသောစကားအတိုင်း တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက စည်းစည်းလုံးလုံးဖြင့် ကျရာအခန်းကဏ္ဍတွင် တာဝန်ကျေပွန်အောင် ထမ်းဆောင်ခြင်းဖြင့် တဖြည်းဖြည်းချင်း တည်ဆောက်ရမည်ဖြစ်သည်။

တည်ငြိမ်အေးချမ်းရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားတွင် **"မိမိဒေသ၊ မိမိလူမျိုးရဲ့ ကောင်းကျိုးကို တကယ့်ရင်ထဲက စေ်မှန်တဲ့စေတနာ၊ မေတ္တာအမှန်တရားနဲ့ လိုလားဖို့ပဲ အရေးကြီးပါတယ်။ ကျွန်တော်တို့ လက်နက်ကိုင်ပဋိပက္ခတွေ ဖြေရှင်းနိုင်ရင် တိုင်းရင်းသားတွေနဲ့ တိုင်းရင်းသားဒေသတွေရဲ့ အခွင့်အရေး ပိုမိုဆောင်ရွက်ပေးနိုင်မှာပဲ ဖြစ်ပါတယ်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေ ဒီမိုကရေစီအခွင့်အရေးတွေမဆုံးရှုံးစေဖို့ တိုင်းရင်းသားဒေသတွေအပါအဝင် တစ်နိုင်ငံလုံးနေရာအနှံ့အကြားအလပ်မရှိ ရွေးကောက်ပွဲကျင်းပနိုင်ဖို့ ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်"** ဟု သက်ဆိုင်သည့်အဖွဲ့အစည်းအားလုံးသို့ ရည်ရွယ်၍ ပြောကြားခဲ့သည်။ ဤသည်ကိုကြည့်ပါလျှင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လိုအပ်ချက်အရ နိုင်ငံတော်အာဏာကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ခဲ့ရသော်လည်း ဒီမိုကရေစီလမ်းစဉ်ကို သွေဖည်သွားလိုသောဆန္ဒမရှိကြောင်း အထင်အရှားတွေ့မြင်နိုင်သည်။ ထို့အတူ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးကိုလည်း နေရာဒေသမရွေး တန်းတူညီသောအခွင့်အရေးကို ခံစားစေလိုသည့် စေတနာကိုလည်း ခံစားသိနိုင်သည်။ ထို့ကြောင့်ပင်လျှင် မိမိဒေသနှင့် မိမိလူမျိုးအပေါ် အမှန်တကယ် စေတနာရှိပါက လက်နက်ကိုင်ပဋိပက္ခများကို ဆွေးနွေးအဖြေရှာသောနည်းဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ကြရန် ကြိုတင်ကန့်သတ်ချက်မထားသော ဖိတ်ခေါ်မှုများဖြင့် ငြိမ်းချမ်းရေးတံခါးဖွင့်ထားသည်ကို တိုင်းသိပြည်သိပင်ဖြစ်သည်။ ငြိမ်းချမ်းစွာ ဆွေးနွေးအဖြေရှာရန် အခွင့်အရေးရှိပါလျက် လက်နက်စွဲကိုင်၍ အများပြည်သူတို့၏ တည်ငြိမ်အေးချမ်းမှုကို ဖျက်လိုဖျက်ဆီးလုပ်နေမည်ဆိုပါက ထိုအဖွဲ့အစည်း၏ နယ်မြေဒေသအပေါ် ထားသော စိတ်စေတနာကို ပြန်လည်ဆန်းစစ်ရန် လိုအပ်မည်ဖြစ်သည်။

အထက်ပါ နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားတွင် ဒီမိုကရေစီစနစ်နှင့်စပ်လျဉ်း၍လည်း **"ကျွန်တော်တို့အားလုံး အတူတကွလျှောက်လှမ်းချင်တဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ် ခိုင်မာရေးနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးအတွက် ယခု ရှိပြီးသားထက် ပိုမိုတဲ့ပေါင်းစည်းညီညွတ်မှုများနဲ့ ရှေ့ကိုခရီးဆက်ရမှာပဲဖြစ်ပါတယ်"** ဟု ပြောကြားထားသည်။ ထိုထဲတွင်ဒီမိုကရေစီဟူ၍မပြီး၊ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီဟုဆိုထားပါသည်။ မှန်ပါသည်။ ပြီးခဲ့သည့်ကာလအတွင်း ကြုံခဲ့ရသည့် စည်းလွတ်ဝါးလွတ် ဒီမိုကရေစီကို မလိုချင်ပါ။ အကြိုက်မတူလျှင် ရန်သူထင်သည့် ဒီမိုကရေစီကိုမလိုချင်ပါ။ ဆရာကို မလေးစားသောတပည့်များကို မွေးထုတ်ပေးသည့် ဒီမိုကရေစီကို မလိုချင်ပါ။ မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများကို ဖုံးလွှမ်းပြက်ရယ်ပြုသော ဒီမိုကရေစီကို မလိုချင်ပါ။ လူအတန်းအစားမရွေး တန်းတူညီမျှ လွတ်လပ်ခွင့်ရှိသော၊ တစ်ဦးကိုတစ်ဦး လေးစားတတ်သော၊ တစ်ဦး၏ယုံကြည်မှုကို တစ်ဦးက တန်ဖိုးထားတတ်သော စည်းကမ်းပြည့်ဝသည့်ဒီမိုကရေစီကိုသာလိုချင်သည်။ ကျွန်တော်တို့ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းတည်ထောင်အပ်သော ပြည်ထောင်စုနိုင်ငံဖြစ်သည့်အတွက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်ကို လျှောက်လှမ်းနိုင်ရေး အားလုံးပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဒီမိုကရေစီဆိုသည်မှာ အထက်တွင်ဖော်ပြပြီးသော စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီဖြစ်ပြီး ဖက်ဒရယ်စနစ်ဆိုသည်မှာမတူကွဲပြားနေသည့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ လူမျိုးများ၊ လူမျိုးစုများကို စုစည်းလုပ်ကိုင်ရာမှ လုပ်ကိုင်နိုင်ခွင့်များကို ခွဲဝေကျင့်သုံးသည့် အယူအဆသဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းကို ရည်ညွှန်းသည်။ ဖက်ဒရယ်စနစ်ကိုကျင့်သုံးသော နိုင်ငံများအနေဖြင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အုပ်ချုပ်မှုပုံစံမတူကြပေ။ မိမိတို့နိုင်ငံနှင့် ကိုက်ညီသော အုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင်နိုင်ရန် လိုအပ်သည်။ ထို့အတွက် တိုင်းရင်းသား စည်းလုံးညီညွတ်မှုရရှိရန် လိုအပ်သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ရရှိနိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အဆုံးစွန်ထိ တံခါးဖွင့် ကြိုဆိုလျက်ရှိကြောင်းကိုလည်း အပြောမဟုတ် အလုပ်သက်သေအဖြစ် ၂၀၂၂ ခုနှစ် တစ်နှစ်လုံးကို တပ်မတော်မှ တစ်ဖက်သတ် အပစ်အခတ်ရပ်စဲခဲ့သလို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်ထိလည်း ထပ်မံတိုးမြှင့်ရပ်စဲလိုက်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက ကြေညာခဲ့သည်ကို ဖတ်ရှုရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကမ္ဘာ့နိုင်ငံရေးအပြောင်းအလဲ အကျပ်အတည်းများနှင့် ကိုဗစ်ကပ်ရောဂါဘေးတို့ကြား အဘက်ဘက်က ယိုင်နဲ့ခဲ့သော နိုင်ငံအခြေအနေကို ၂၀၂၂ ခုနှစ်တွင် တည်တည်ငြိမ်ငြိမ်ဖြင့် ပြန်လည်ထူထောင်ထိန်းသိမ်းနိုင်ခဲ့သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက်လည်း ကြီးမားသောမေတ္တာ၊ စေတနာတို့ကို အရင်းခံ၍ အမုန်းတရားများကိုဖယ်ရှားကာ ငြိမ်းချမ်းရေး ဖိတ်ခေါ်ဆွေးနွေးပွဲများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရသည်။ ၁၉၄၈ ခုနှစ်မှ ယနေ့ထိ ခေတ်အဆက်ဆက်တွင် နိုင်ငံ့အကျိုးကို အပြစ်အနာအဆာကင်းမဲ့စွာဖြင့် သယ်ပိုးထမ်းဆောင်ခဲ့ကြသော လူပုဂ္ဂိုလ်များကိုလည်း လူမျိုး၊ ဘာသာ၊ ပါတီအရောင်အသွေးမခွဲခြားဘဲ ဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းခြင်းကိုလည်း ဆောင်ရွက်ပေးခဲ့သည်။ ထို့ပြင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားကြီးကိုလည်း ကမ္ဘာ့အဆင့်မီမီ စည်းကားသိုက်မြိုက်စွာ အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့ပေသည်။ ၂၀၂၂ ခုနှစ်မှ ၂၀၂၃ ခုနှစ်သို့ နှစ်သစ်ကူးသည့် New Year ပွဲများကိုလည်း ဒေသအလိုက် လူငယ်အများ ပျော်ရွှင်လုံခြုံစွာကျင်းပနိုင်ရေး စီမံဆောင်ရွက်ပေးနိုင်ခဲ့သည်။ ထိုထိုသောကိစ္စရပ်များကို တိုင်းရင်းသားပြည်သူများအားလုံးအတွက် ရည်မျှော်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နေ့မအိပ်၊ ညမနား နိုင်ငံ၏ ဒေသအနှံ့သို့ လှည့်လည်သွားရောက်ကာ အစည်းအဝေးပွဲပေါင်းမြောက်မြားစွာ၊ တွေ့ဆုံပွဲမြောက်မြားစွာ၊ စီမံဆောင်ရွက်မှုမြောက်မြားစွာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းပင် ဖြစ်သည်။

ထိုသို့ ၂၀၂၂ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့မှုများအရ တိုးတက်တည်ငြိမ်လာသော နိုင်ငံ၏အခြေအနေကို ၂၀၂၃ ခုနှစ်တွင် ပိုမိုတိုးတက်တည်ငြိမ်အောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်သည်။ ၂၀၂၃ ခုနှစ်သည် နိုင်ငံအတွက် အရေးကြီးသောနှစ်ပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့လိုချင်သော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်ဖြစ်ပေါ်လာရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပနိုင်ရေး ဆောင်ရွက်မည့်နှစ်ပင်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တာဝန်ကို စယူသည်နှင့် အောက်ပါ ရှေ့လုပ်ငန်းစဉ် (၅)ရပ်ကို ချမှတ်အကောင်အထည်ဖော်ခဲ့ပါသည်-

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက် ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အားပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ဆိုရသော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အခက်အခဲများကြားမှပင် ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်များအတိုင်း အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်သည်။ သို့ပါသောကြောင့် နိုင်ငံနှင့်လူမျိုး၏ ကောင်းကျိုးကိုမျှော်၍ သက်ဆိုင်သည့်အဖွဲ့အစည်းအားလုံးနှင့် လူပုဂ္ဂိုလ်အားလုံးတို့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့်လက်တွဲ၍ ရှေ့လုပ်ငန်းစဉ်ကို ညီညွတ်စွာ ပါဝင်အကောင်အထည်ဖော်ကြမည်ဆိုပါလျှင် ၂၀၂၃ ခုနှစ်သည် ကျွန်တော်တို့ မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံးအတွက် လာခြင်းကောင်းသောနှစ်ဖြစ်မည်မှာ အမှန်ပင်ဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။

❖ ထိုထဲတွင်ဒီမိုကရေစီဟူ၍မပြီး၊ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီဟုဆိုထားပါသည်။ မှန်ပါသည်။ ပြီးခဲ့သည့်ကာလအတွင်း ကြုံခဲ့ရသည့် စည်းလွတ်ဝါးလွတ် ဒီမိုကရေစီကို မလိုချင်ပါ။ အကြိုက်မတူလျှင် ရန်သူထင်သည့် ဒီမိုကရေစီကိုမလိုချင်ပါ။ ဆရာကို မလေးစားသောတပည့်များကို မွေးထုတ်ပေးသည့် ဒီမိုကရေစီကို မလိုချင်ပါ။ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းအစဉ်အလာများကို ဖုံးလွှမ်းပြက်ရယ်ပြုသော ဒီမိုကရေစီကိုမလိုချင်ပါ။ လူအတန်းအစားမရွေး တန်းတူညီမျှ လွတ်လပ်ခွင့်ရှိသော၊ တစ်ဦးကိုတစ်ဦး လေးစားတတ်သော၊ တစ်ဦး၏ယုံကြည်မှုကို တစ်ဦးက တန်ဖိုးထားတတ်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီကိုသာလိုချင်သည်။ ❖

# ပန်းချီဆရာကြီး သုံးဦး၏ ရေဆေးပန်းချီကား သုံးကားကို အွန်လိုင်းမှ လေလံတင်ရောင်းချသွားမည်



**ရန်ကုန် ဇန်နဝါရီ ၁၂**

ပန်းချီဆရာကြီး သုံးဦး၏ ရေဆေးပန်းချီကား သုံးကားကို အွန်လိုင်းမှလေလံတင် ရောင်းချသွားမည်ဖြစ်ကြောင်း ZEC Art Studio & Gallery မှ ပြခန်းမန်နေဂျာ ဦးအောင်အောင်ဇော်က ပြောပြ၍ သိရသည်။

အဆိုပါ ပန်းချီကား သုံးကားကို ပန်းချီကားတစ်ချပ်လျှင် ကြမ်းခင်းဈေး ငွေကျပ် ၁၈ သိန်းဖြင့်အွန်လိုင်းမှ လေလံတင်ရောင်းချခြင်းကို ဇန်နဝါရီ ၁၆ ရက်မှ ဇန်နဝါရီ ၂၀ ရက်ထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လေလံတင်မည့် ရေဆေးပန်းချီကားများမှာ ပန်းချီဆရာကြီး ဦးချစ်မြ (၁၉၀၄-၁၉၇၆)၏ (၁၂×၁၆) လက်မ အရွယ်အစား ရွှေကျောင်းအမည်ရှိ ရေဆေးပန်းချီကား၊ ပန်းချီဆရာကြီး ဦးအမ်တင်အေး (၁၉၄၀-၂၀၁၁)၏ (၂၄×၂၆) လက်မအရွယ်အစား ပုဂံမင်းတရားကြီးဖောင်တော်ဖြင့် ဒဂုံသို့ အစုန်အမည်ရှိ ရေဆေးပန်းချီကားနှင့် ပန်းချီဆရာကြီး ဦးသောင်းဟန် (၁၉၃၃-၂၀၁၇)၏ (၁၆×၁၆) လက်မ အရွယ်အစား ထဘီတိုတို ရေစိုစိုအမည်ရှိ ရေဆေးပန်းချီကားတို့ဖြစ်ကြောင်း သိရသည်။

“ဒီတစ်ကြိမ် လေလံတင်မှာကတော့ ကွယ်လွန်ထင်ရှား ပန်းချီဆရာကြီးတွေရဲ့လက်ရာ ပန်းချီကား သုံးကား ဖြစ်ပါတယ်။ ပန်းချီဆရာကြီး ဦးချစ်မြ၊ ပန်းချီဆရာကြီး ဦးအမ်တင်အေးနဲ့ ပန်းချီဆရာကြီး ဦးသောင်းဟန်တို့ရဲ့ လက်ရာ ရေဆေးပန်းချီကားတွေ ဖြစ်ပါတယ်။ ဦးချစ်မြရဲ့ရွှေကျောင်းကတော့ ၁၉၆၀ ပြည့်နှစ်လောက်က ရေးဆွဲထားတာဖြစ်ပါတယ်။ ဦးအမ်တင်အေးရဲ့ ပန်းချီကားကတော့ ၁၉၇၀ ပြည့်နှစ်ဝန်းကျင်ကဖြစ်ပြီး ဦးသောင်းဟန်ရဲ့ ပန်းချီကားက ၁၉၈၀ ပြည့်နှစ်ဝန်းကျင်ကဖြစ်ပါတယ်”ဟု ဦးအောင်အောင်ဇော်က ပြောပြသည်။

အဆိုပါ ပန်းချီကားများကို ဇန်နဝါရီ ၁၆ ရက် ည ၈ နာရီမှစတင်ကာ ဇန်နဝါရီ ၂၀ ရက် ည ၉ နာရီထိ အွန်လိုင်းမှ လေလံတင်ပြသ ရောင်းချသွားမည်ဖြစ်ပြီး လေလံပိတ်ချိန်တွင် အမြင့်ဆုံးဈေးပေးနိုင်သည့် လေလံအောင်မြင်သူကို ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# အမေရိကန် ရုပ်ရှင်ဓာတ်ပုံဆရာများအသင်း၏ ထူးချွန်ဆုရဆန်ခါတင်ဇာတ်ကားစာရင်း ထွက်ပေါ်

**နယူးယောက် ဇန်နဝါရီ ၁၂**

အမေရိကန် ရုပ်ရှင်ဓာတ်ပုံဆရာများအသင်း (အေအက်စ်စီ)၏ ၂၀၂၂ ခုနှစ် ရုပ်ရှင်ထူးချွန်ဆုဆန်ခါတင် ဇာတ်ကားများစာရင်း ထွက်ပေါ်လာပြီဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၁၁ ရက်တွင် ရေးသားတင်ပြထားသည်။

အမေရိကန် ရုပ်ရှင်ဓာတ်ပုံဆရာများအသင်း ထူးချွန်ဆုများအတွက် ဆန်ခါတင်အနုပညာရှင်များစာရင်းတွင် Empire of Light ၊ The Batman၊ Top Gun: Maverick ဇာတ်ကားတို့မှ ရုပ်ရှင်၊ ဓာတ်ပုံပညာရှင်များပါဝင်ကြောင်း သိရသည်။

အမေရိကန် ရုပ်ရှင်ဓာတ်ပုံဆရာများအသင်းသည် ၂၀၂၂ ခုနှစ်အတွင်း ထွက်ရှိခဲ့သည့် ရုပ်သံဇာတ်လမ်းတွဲများ၊ မှတ်တမ်းရုပ်ရှင်များနှင့် ရုပ်သံအစီအစဉ်များအတွက် ရုပ်သံဓာတ်ပုံထူးချွန်ဆုဆန်ခါတင် စာရင်းများကို ဇန်နဝါရီ ၉ ရက်က ထုတ်ပြန်ခဲ့သည်။

အမေရိကန် ရုပ်ရှင်ဓာတ်ပုံဆရာများအသင်း၏ ရုပ်ရှင်ထူးချွန်ဆုပေးပွဲကို ယခုနှစ် မတ် ၅ ရက်တွင် ကယ်လီဖိုးနီးယားပြည်နယ် ဘီဗာလီဟေးမြို့ ဘီဗာလီဟယ်တန်ပြည်နယ်၌ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ KKO





# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ဝင်ငွေနည်းအခက်အခဲရှိ အိမ်ထောင်စု ၅၀၀ ကို အဆိုတော် ရွှေရည်သိန်းတန် မိသားစုက စတုဒိသာကျွေးမွေးလှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၁၂**

အဆိုတော် ရွှေရည်သိန်းတန် မိသားစုက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၌ ဝင်ငွေနည်းအခက်အခဲရှိ အိမ်ထောင်စု ၅၀၀ အား စတုဒိသာကျွေးမွေးလှူဒါန်းခြင်းကို ဇန်နဝါရီ ၁၁ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုတော် ရွှေရည်သိန်းတန်နှင့် ခင်ပွန်းဖြစ်သူ ဦးအောင်မြတ် မိသားစုက အဆိုတော် တွံတေးသိန်းတန် ကွယ်လွန်ခြင်း ၂၄ နှစ်ပြည့်အလှူအဖြစ် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ် (၆၉) ရပ်ကွက်ရှိ ဝင်ငွေနည်းအခက်အခဲရှိ အိမ်ထောင်စု ၅၀၀ ကို ထမင်းနှင့်ကြက်သားဟင်း စတုဒိသာကျွေးမွေးလှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

“ဒီအလှူကတော့ ရွှေရည်ရဲ့အဖေ အဆိုတော် တွံတေးသိန်းတန် ကွယ်လွန်ခြင်း ၂၄ နှစ်ပြည့် အလှူဖြစ်ပါတယ်။ ဒီအလှူမတိုင်ခင် မနက်ပိုင်းမှာ အဖေ့ရုပ်တုရှိတဲ့



တွံတေးမြို့မှာ ရုပ်တုဖွင့်လှစ်ခြင်း သုံးနှစ်ပြည့်ပွဲမှာ သီချင်းဆိုပေးခဲ့ပါတယ်။ အခုကတော့ (၆၉) ရပ်ကွက်မှာ အိမ်ထောင်စု ၅၀၀ အတွက် စတုဒိသာကျွေးပါတယ်။ လာမဲ့ ဇန်နဝါရီ ၁၆ ရက်မှာ ဒလမြို့နယ်မှာ အိမ်ထောင်စု ၅၀၀ အတွက် စတုဒိသာကျွေးဖို့ စီစဉ်နေပါတယ်”ဟု အဆိုတော် ရွှေရည်သိန်းတန်က ပြောပြသည်။

မြန်မာသံအဆိုရှင် တစ်ဦးဖြစ်သည့် အဆိုတော် ရွှေရည်သိန်းတန်သည် လက်ရှိတွင် အနုပညာလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းလည်း လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။ ASH

# Merrily We Roll Along ဇာတ်ကား၌ မင်းသား ပေါမက်စကယ် ပါဝင်ဖွယ်ရှိ

**နယူးယောက် ဇန်နဝါရီ ၁၂**

Merrily We Roll Along အမည်ရှိ ဂီတဇာတ်မြူးရုပ်ရှင်ဇာတ်ကား၌ မင်းသား ပေါမက်စကယ် ပါဝင်ဖွယ်ရှိကြောင်း Movieweb သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၁၁ ရက်တွင် ရေးသားတင်ပြထားသည်။

မူလက အဆိုပါဇာတ်ကားတွင် အဓိကဇာတ်ဆောင်အဖြစ် မင်းသား ဘလိတ်ဂျင်နာကို ထုတ်လုပ်သူများက ရွေးချယ်ထားသည်။

သို့ရာတွင် ဇနီးဟောင်း၏ အိမ်တွင်းအကြမ်းဖက်မှု စွပ်စွဲချက်များနှင့်အတူ မင်းသား ဘလိတ်ဂျင်နာနုတ်ထွက်ခဲ့ပြီးနောက် ၎င်းနေရာ၌ ပေါမက်စကယ် အစားထိုးဝင်ရောက်မည့်သတင်း ပေါ်ထွက်လာခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် မင်းသား ပေါမက်စကယ်သည် Merrily We Roll Along ဇာတ်ကား၌ ပါဝင်ရေးအတွက် ထုတ်လုပ်သူများနှင့် ဆွေးနွေးနေပြီး အဆိုပါဇာတ်ကားကို ဒါရိုက်တာ ရစ်ချတ်လင့်လေဆာက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

Merrily We Roll Along ဇာတ်ကားသည် ဂီတစာဆို စတီဖင်ဆွန်းဟိမ်း၏ အမည်တူ ဂီတဇာတ်မြူးပြဇာတ်ကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

KKO




# ပူတာအိုမြို့နယ် မာမိန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပူတာအို ဇန်နဝါရီ ၁၂**

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့နယ် မာမိန်ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေ ပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်အတွက် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပူတာအိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိအိမွန်က မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၅၅ သိန်းကို မာမိန်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက မာမိန်ကျေးရွာ၌ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများလုပ်ကိုင်သူ စုစုပေါင်း ၁၀၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၅၅ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ပူတာအိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစတင်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ထိ မာမိန်ကျေးရွာအပါအဝင် ကျေးရွာယူနစ် ၂၄ ယူနစ်၊ ကျေးရွာပေါင်း ၂၆ ရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက် ရှိကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်အိအိမွန်ထံမှ သိရသည်။ **မင်းမြင့်မိုရ်**

# Trade boom in Muse 105-mile trade zone in the run-up to Chinese New Year


Various kinds of fruits ready for export at Muse Border Trade Zone.

**Muse January 12**

More than 100 trucks carrying fruits are arrived from China to the Muse 105-mile trade zone to boost daily trade as the Chinese New Year is approaching, according to U Zaw Than Tun, Executive Director of the Myanmar-China Border Chamber of Commerce in Shan State (North).

As the Chinese New Year approaches, the demand for watermelons and cantaloupes from the China has increased, and since the beginning of December, the export of fruits has been increased due to the relaxation of the restrictions on Covid-19 in China.

Starting from the first week of January, more than 70 trucks carrying watermelons and over 30 trucks carrying cantaloupes arrived in China from the Muse 105-mile trade zone daily. Starting from the third week of January, the number of trucks carrying watermelons and cantaloupes will increase to about 300.

Payments for bean, corn, sesame and peanuts are made in US dollar and rice, broken rice, other agricultural products and fishery products, such as crabs and eels, are allowed in yuan currency.

ASH

# Hpa-an University admits more than 3,600 students including over 980 fresher students in 2022-23 AY

**Hpa-an January 12**

Hpa-an University admis more than 980 fresher students and is teaching more than 3,600 students in total at 16 majoring subjects in 2022-23 academic year, according to the Kayah State government on 11 January.

Faculty members of the university will teach students in 16 subjects including two new subjects in the 2022-23 academic year under the arrangement of the Higher Education Department. This AY, the university forms eight arts and six science departments.

At present, a total of 3,630 students including 894 fresher students are pursuing education.

On 10 January, the university celebrated the fresh welcoming ceremony at the convocation hall. Chief Minister of Kayin State Thiri Pyanchi U Saw Myint Oo presented K2 million assistance to Rector Dr Soe Soe Aye.

The chief minister gave a speech and the rector extended greetings to the fresher students. Next, students presented songs and dances.

Kayin State Advocate General U Ye Lwin and Chief Justice of State High Court WUNNA Kyaw Htin Daw Khin Swe Tun announced the king and the queen of this academic year and presented sashes to them.

336

# China: Five dead after man drives into crowd in Guangzhou

**Mandalay January 12**

Chinese police have arrested a man who drove a car into pedestrians in Guangzhou, killing five people and injuring 13 others.

The incident has sparked widespread public outrage, with many accusing the man of deliberately targeting people.

Videos posted online show the driver getting out of the car and throwing banknotes into the air, shortly after the crash.

Police have detained the 22-year-old man and launched an investigation.

The crash took place on Wednesday during the evening rush hour at a busy junction in the southern city of 19 million.

"He deliberately drove into the people who were waiting for the traffic light. He rammed the car into them maliciously. After that, he made a U-turn and hit people again," an eyewitness told local outlet Hongxin News.

"He wasn't driving too quickly, but some people couldn't run away in time because they wouldn't have known he was hitting people deliberately."

The man also reportedly drove into a traffic police officer and his motorcycle, but the officer managed to escape.

One widely circulated clip shows a young girl lying on the ground at the scene of the incident, while a woman said to be her mother is seen by her side wailing.

BBC


Pictures circulating online show the badly dented car.

# Press Release

**Myanmar Position on the Annual Press Statement of the Minister for Foreign Affairs, Indonesia, 11 January 2023**

The Ministry of Foreign Affairs, Myanmar observed that the Annual Press Statement of the Minister for Foreign Affairs, Indonesia was held on 11 January 2023 in Jakarta, Indonesia. The Ministry learnt that matters relating to Myanmar were mentioned during the delivery of the press statement made by Retno Marsudi.

In this connection, the Ministry reiterated Myanmar's position as follows;

(a) Myanmar will implement ASEAN's five-point consensus in line with the fundamental principles of upholding its national interest, sovereignty and non-interferences of the internal affairs of the member states.

(b) Myanmar will continue its efforts in implementation of the Five-Point Roadmap to restore the multiparty democratic system in line with the 2008 State Constitution as an independent and sovereign state.

(c) Myanmar again urged ASEAN as a rule-based organization, to follow the provisions of the ASEAN Charter and its fundamental principles and not to engage with any terrorist groups and unlawful associations which had been declared by the Government of Myanmar.

**Ministry of Foreign Affairs**
**Nay Pyi Taw**
**Date, 12 January 2023**

# Second batch of classified Biden documents found

**Washington January 12**

US President Joe Biden's aides have found a fresh batch of classified government records at a second location, in a growing political embarrassment for the White House.

The first cache was found at a private office in Washington DC that Mr Biden used after his vice-presidency.

The matter is under review by the US Department of Justice.

Former President Donald Trump is facing a criminal investigation for allegedly mishandling classified files.

It was not yet clear on Wednesday when or where the additional tranche of files was found by Biden aides.

The original batch of about 10 documents was discovered in November at the Penn Biden Center, a think tank near the White House, but only came to light this week.

Those papers reportedly include US intelligence memos and briefing materials related to Ukraine, Iran and the United Kingdom.


They relate to his time as vice-president under President Barack Obama but it is unclear why they turned up in a private office he started using after that.

Access to classified documents is limited by law to people with special authorisation and there are rules about how they are kept and stored.

All White House records, including classified ones, are required to be turned over to the US National Archives after an administration's time in office.The White House has not yet commented on the newly discovered batch. However, the find has been confirmed by the BBC's US partner CBS and other US media.

BBC

# Border trade value reached over US$6 billion from April to December in current 2022-2023 fiscal year


A border trade camp seen with cargo trucks.

**Nay Pyi Taw January 12**

Border trade camps handled a border trade value of over US$6,000 million from April to December in the current 2022-2023 fiscal year, according to the Ministry of Commerce.

Myanmar engages in border trade activities with its neighbouring China, Thailand, Bangladesh, India and Laos by opening border trade camps.

In the period from 1 April to 2 December this fiscal, Kyainglat border trade camp on the border with Laos, Mese broder trade camp on the border with Thailand and Reed border trade camp on the border with India could not engage in border trade activities this year.

The other border trade camps engaged in a trade value of US$6,044.95 million—US$4,401 million in export and US$1,643.953 million in import. Thus, there was a trade surplus of US$2,797.407 million.

During the period, border trade activities were carried out by Htikhee camp on Thai border, Muse camp on Chinese border and Myawady camp on Thai border.

Htikhee border trade camp could handle the largest value with a total amount of 1,956.154 million—1,882.575 million in export and US$73.579 million.

336

## Public Notice for elimination of violence

1. So called "CRPH", "NUG" and "PDF" terrorist groups are unlawfully committing killings monks, teachers, civil servants and general people and lotting under the pretext of sayings "for the people".
2. Not rendering encourage support and assistance to the "CRPH", "NUG" and "PDF" terrorists that are committing intimidations, killings and destructive activities could be construed as protecting lives and property of general public.
3. Giving information secretly relating to bearing of their arms, ammunitions and terrorists to authorities could be tantamount to protecting lives and property of innocent people.

# Regions and states distribute more than 23,000 bags of rice to Magway Region in December

**Nay Pyi Taw January 12**

Various regions and states distributed more than 23,000 bags of rice to Magway Region in December 2022, according to the Magway Region Consumer Affairs Department on 11 January 2023.

Magway Region is an area of oil pot dubbed as cultivation of oil crops such as sesame and groundnut crops.

But, the region is weak in cultivation of paddy due to weather conditions and insufficiency of water supply.

Paddy can be cultivation in the townships on the western bank of Ayeyawady River thanks to irrigated water in addition to Taungdwingyi, Myothit and Natmauk township.

Hence, local authorities allow purchase of paddy and rice from Yangon, Ayeyawady, Mandalay, Bago and Sagaing regions and Rakhine State for domestic consumption.

In this regard, Ayeyawady Region sent 18,983 bags of rice, Yangon Region 932 bags, Sagaing Region 350 bags, Bago Region 340 bags and Mandalay Region 1,427 bags and Rakhine State 380 bags, totalling 23,412 bags weighing 1,170.6 tons in December 2022.

The prices of rice in Magway Region in December 2022 were: Ayeyapadetha (Pwintbyu) was priced at K63,000-K65,000, new Ayeyapadetha K53,000-K55,000, Ayeyapadetha (Myaungmya) K48,000-K52,000, Shwebo Pawsan K95,000-K100,000, new Shwebo Pawsan K72,000-K74,000, Myaungmya Pawsan K45,000-46,000 and Myaungmya Manaw Thukha K44,000-K47,000, and Phanthee K49,000-K52,000.

336


Bags of rice seen before their distributions to regions and states.

# Farmers invited to contact relevant agricultural mechanization stations for reclaiming farmlands

**Nay Pyi Taw January 12**

Bago Region government issued a press release on 11 January 2023 with invitation to the villages wishing to systematically reclaim the farmlands to contact relevant township agricultural mechanization stations.

The government is striving for transforming manual into mecanized farmings.

In this regard, local farmers need to cooperate with the government in implementing the project of transforming the manual farming into the mechanized farming for development of the agricultural sector.

As such, Bago Region government arranges reclamation of farmlands in the region in a asystematical manner.

Hence, the villages wishing to reclaim farmlands may contact relevant township agricuttural mechanization stations, said Chief Minister U Myo Swe Win of Bago Region at the opening ceremomy of agricultural mechanization operation special course 3/2022-23 at the agricultural mechanization training school in Phayagyi of Bago Township on 10 January afternoon.

The course will last from 10 January to 3 March 2023, and it admits 16 trainees from Bago Region, three each from Yangon and Ayeyawady regions, 31 from Rakhine State and four from Kayin State, totalling 57.

They have to be trained in manual mechanization, workplace safety, tractor operation, engine system, clutch & transmission, front axle, steering& drive line, rear wheel drive & brake system, PTO & hydraulic, electrical system, driving method, maintenance & repair.

336

# RTAD registers more than 10,000 vehicles initially in December 2022

**Nay Pyi Taw January 12**

Over 10,000 vehicles were initially registered in December 2022, according to reports of the Road Transport Administration Department (RTAD) released on January 10.

The department under the Ministry of Transport and Communication is handling the initial registration of vehicles imported from abroad and domestically partially assembled SKD (semi-knocked down) vehicles produced by the Ministry of Industry and vehicles manufactured in industrial zones.

In the process of initial registration of imported vehicles, a total of 8,828 vehicles: 366 vehicles, 12 passenger vehicles, 105 cargo (light-weighted) vehicles, 12 cargo (heavy-weighted) vehicles, 35 other vehicles, 7,796 two-wheelers, 390 three-wheelers, 31 htawlagyi, 18 machinery and 63 trailers, were initially registered.

Also, during the initial registration of vehicles produced by the SKD (Semi Knocked Down) system partially assembled by the Ministry of Industry, a total of 1,636 vehicles: 143 vehicles, 3 cargo (light-weighted) vehicles, 1,371 two-wheelers, 110 three-wheelers and 9 htawlagyi, were initially registered.

336

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ကိုလံဘီယာနိုင်ငံက အစ္စရေးထုတ် Barak MX လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်များဝယ်ယူမည်



ကိုလံဘီယာနိုင်ငံသည် IAI (Israel Aerospace Industries)က ထုတ်လုပ်သော အစ္စရေးထုတ် Barak MX လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်ကို အမေရိကန်ဒေါ်လာ ၁၃၁ ဒသမ ၂ သန်းဖြင့် ဝယ်ယူရန်သဘောတူညီခဲ့ကြောင်း ဇန်နဝါရီ ၅ ရက်တွင် Defense News ဝက်ဘ်ဆိုက်က ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

Defense News မှ အချက်အလက်များအရ ကိုလံဘီယာနိုင်ငံ၏ PES အစီအစဉ်အရ ပြည်တွင်း၌တည်ဆောက်မည့် ဖရီးဂိတ်စစ်သင်္ဘောငါးစီးတွင် Barak MX ဒုံးကျည်စနစ်၏ ရေတပ်မျိုးကွဲကိုလည်း တပ်ဆင်အသုံးပြုနိုင်ရန် IAI(Israel Aerospace Industries)က ကမ်းလှမ်းထားသည်ဟု သိရသည်။

ကိုလံဘီယာကာကွယ်ရေးဝန်ကြီးဌာန၏ ဘတ်ဂျက်မှာခန့်မှန်းခြေအားဖြင့် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၉ ဘီလီယံရှိပြီး ၎င်းသည် ၂၀၂၂ ခုနှစ်အတွက် ကိုလံဘီယာနိုင်ငံ စုစုပေါင်းဘတ်ဂျက်၏ ၁၂ ရာခိုင်နှုန်းခန့်ရှိသည်။ ကာကွယ်ရေးအသုံးစရိတ်အများစုကို လုပ်ခလစာ၊ အခြေခံကုန်စည်၊ ဝန်ဆောင်မှုများဝယ်ယူရေး၊ ပင်စင်လစာများကဲ့သို့သော လုပ်ငန်းလည်ပတ်မှုဆိုင်ရာ လုပ်ငန်းများအတွက် သတ်မှတ်ပေးသွားမည်ဖြစ်သည်။

စုစုပေါင်းဘတ်ဂျက်၏ လေးရာခိုင်နှုန်းခန့် (အမေရိကန်ဒေါ်လာ ၅၂၈ သန်းခန့်)ကို တပ်မတော်၏ လုံခြုံရေးနှင့်မဟာဗျူဟာမြောက်စွမ်းဆောင်ရည် ခိုင်မာစေရေးအတွက် စက်ပစ္စည်းကိရိယာများ၊ စစ်လက်နက်များ၊ ခဲယမ်းမီးကျောက်များဝယ်ယူရန်နှင့် ဆက်သွယ်ရေးအဆင့်မြှင့်တင်မှုများ လုပ်ဆောင်ရန်၊ စီစဉ်ထားသည့်ပြုပြင်ထိန်းသိမ်းမှုများဆောင်ရွက်နိုင်ရန် သို့မဟုတ် ခေတ်မမီတော့သည့် စက်ပစ္စည်းများကို အစားထိုးရန် စသည်တို့အတွက် ခွဲဝေအသုံးပြုမည်ဖြစ်သည်။

၂၀၂၁ ခုနှစ်တွင် ကမ္ဘာ့စစ်အသုံးစရိတ်သည် ပထမဆုံးအကြိမ်အဖြစ် အမေရိကန်ဒေါ်လာ နှစ်ထရီလီယံကျော်လွန်သွားပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၁၁၃ ဘီလီယံထိရောက်ရှိခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာကာကွယ်ရေးအသုံးစရိတ်သည် ၂၀၂၀ ပြည့်နှစ်ထက် သုညဒသမ ၇ ရာခိုင်နှုန်းမြင့်မားခဲ့ပြီး ၂၀၁၂ ခုနှစ်ထက် ၁၂ ရာခိုင်နှုန်းမြင့်မားခဲ့သည်။

Barak MX သည် Barak အုပ်စုဝင် အဆင့်မြင့် လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်တစ်ခုဖြစ်ပြီး Barak ကို တာတို၊ တာလတ်၊ တာဝေးပစ်ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်များတင်ဆောင်ထားသည့် Unified Smart Launchers ဒုံးပစ်လောင်ချာများအသုံးပြုကာ အလွှာပေါင်းစုံလေကြောင်းရန်ကာကွယ်ရေးစနစ်အဖြစ်သို့ ကျယ်ပြန့်စွာဖြန့်ကြက်အသုံးပြုနိုင်မည်ဖြစ်သည်။

Barak MX လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်တွင် တိုက်ပွဲဝင်စီမံခန့်ခွဲမှုဗဟိုဌာနချုပ် Battle Management Center(BMC) အပါအဝင် အဓိကအစိတ်အပိုင်းသုံးခုပါဝင်ပြီး ပေါင်းစည်းလုပ်ဆောင်နိုင်သော ဘက်စုံအာရုံခံကိရိယာ Multi-sensor များက လေကြောင်းအခြေအနေကိုဖန်တီးပုံဖော်လျက် တပ်ဖွဲ့အပြန်အလှန်ချိတ်ဆက်လုပ်ဆောင်မှုများကို ညှိနှိုင်းဆောင်ရွက်ပေးကာ ဒုံးကျည်ပစ်လွှတ်မည့်နေရာများကိုလည်း စီမံခန့်ခွဲပေးသည်။ မြေပြင်အခြေစိုက်စနစ်များတွင် မိုဘိုင်း(ယာဉ်တင်)၊ သယ်ယူပို့ဆောင်နိုင်သောစနစ်များအနေဖြင့် တည်ဆောက်ထားကြသည်။

Barak MX ၏ Transporter Erector Launcher(TEL) ဒုံးပစ်လောင်ချာယာဉ်များတွင် ဒုံးကျည်အမျိုးအစားသုံးမျိုးတပ်ဆင်ပစ်လွှတ်နိုင်သည်။ Single Pulse Rocket Motor အသုံးပြုထားသောတာတို၊ တာလတ်ပစ် BRAK MRAD (Short-Medium Range Missile) ဒုံးကျည်သည် အများဆုံးတိုက်ပွဲဝင်နိုင်သည့် အကွာအဝေး ၃၅ ကီလိုမီတာရှိသည်။ ဒုတိယအမျိုးအစား Barak LRAD ဒုံးကျည်တွင်မူ အကွာအဝေး ကီလိုမီတာ ၇၀ ထိ ပစ်လွှတ်တိုက်ခိုက်နိုင်ရန် Dual Pulse Rocket Motor အသုံးပြုထားပြီး တာဝေးပစ်ဒုံးကျည်အမျိုးအစားလည်းဖြစ်သည်။ အကွာအဝေးစွမ်းဆောင်ရည်အဆင့်မြှင့်တင်ထားသော Barak ER(Extended Range)ဒုံးကျည်တွင် Dual Pulse Rocket Motor အပြင် အပိုဆောင်းအားမြှင့်ကိရိယာ(Booster) ထပ်မံအသုံးပြုထားသည့်အတွက် အကွာအဝေး ကီလိုမီတာ ၁၅၀ ထိ တိုက်ပွဲဝင်နိုင်ကာ နည်းဗျူဟာမြောက်ပဲ့ထိန်းဒုံးကျည် TBM (Theatre Ballistic Missile) စွမ်းရည်များပိုင်ဆိုင်ထားပါသည်။

**Colombia approves the purchase of Israeli Barak MX air defense missile systems ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှားနိုင်ငံက နျူကလီးယားသုံးချောင်းထောက်စွမ်းအားကိုတိုးတက်စေရန် တိုက်ခိုက်ရေးစွမ်းရည်များ တိုးမြှင့်လုပ်ဆောင်မည်

ရုရှားနိုင်ငံသည် ယခုနှစ်တွင် နိုင်ငံ၏ နျူကလီးယားသုံးချောင်းထောက်စွမ်းအား (Nuclear Triad)ကိုတိုးတက်စေရန် တိုက်ခိုက်ရေးစွမ်းရည်များ တိုးမြှင့်လုပ်ဆောင်မည်ဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီး Sergey Shoigu က ဇန်နဝါရီ ၁၀ ရက်က ပြုလုပ်သည့် ကာကွယ်ရေးဝန်ကြီးဌာန၏ ဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

"နျူကလီးယားစွမ်းအားဟာ ကျွန်ုပ်တို့နိုင်ငံရဲ့အချုပ်အခြာအာဏာနဲ့ နယ်မြေစိုးမိုးရေးအတွက် အဓိကအာမခံချက်အဖြစ် ဆက်လက်တည်ရှိနေတာကြောင့် ကျွန်ုပ်တို့ဟာ နိုင်ငံ့နျူကလီးယားသုံးချောင်းထောက်စွမ်းအားကို ဆက်လက်တည်ဆောက်သွားမှာဖြစ်ပြီး တိုက်ပွဲဝင်အသင့်ဖြစ်စေဖို့ ထိန်းသိမ်းလုပ်ဆောင်သွားမှာဖြစ်ပါတယ်"ဟု Shoigu က ပြောကြားသည်။

ရုရှားနိုင်ငံသည် စစ်ဘက်တိုက်ခိုက်မှုစွမ်းရည်ကိုတိုးချဲ့ပြီး ၎င်း၏ စစ်လက်နက်ပစ္စည်းများနှင့် စစ်ဝတ်စုံများကိုပါ အဆင့်မြှင့်တင်သွားမည်ဖြစ်သည်။ အနီးကပ်ဆုံးလုပ်ဆောင်မည့်အစီအစဉ်များတွင် နောက်ဆုံးပေါ်တိုက်ခိုက်မှုစွမ်းရည်များ ပိုင်ဆိုင်ထားသော လက်နက်တိုက်များတိုးချဲ့ခြင်းပါဝင်သည်။ တပ်မတော်သားများ၏ နည်းဗျူဟာပိုင်းကို တတ်နိုင်သမျှအဆင့်မြှင့်တင်ခြင်းသည် မကြာမီဦးစားပေးကိစ္စရပ်ဖြစ်လိမ့်မည်ဟု ရုရှားကာကွယ်ရေးဝန်ကြီး Sergey Shoigu က ပြောကြားခဲ့သည်။

"အရေးကြီးတဲ့အလုပ်က တပ်ဖွဲ့ဝင်တွေရဲ့ ဝတ်စုံတွေနဲ့ နည်းဗျူဟာပိုင်းကိုအမြင့်ဆုံးအဆင့်ထိ မြန်မြန်ဆန်ဆန်အဆင့်မြှင့်ဖို့ပါပဲ။ စစ်သားတွေလိုအပ်သမျှအရာအားလုံးဟာ ခေတ်မီအဆင့်ပြေပြီးယုံကြည်စိတ်ချရမှုရှိသင့်ပါတယ်"ဟု Sergey Shoigu က ပြောကြားသည်။

ရုရှားနိုင်ငံသည် ရန်သူ့လေကြောင်းရန်ကာကွယ်ရေးနယ်မြေများတွင် လုပ်ဆောင်ရန် ဒရုန်းများ၊ တိုက်လေယာဉ်များနှင့် ဗုံးကြဲလေယာဉ်များ၏ စွမ်းဆောင်ရည်ကို မြှင့်တင်သွားရန်လည်း အာရုံစိုက်လိမ့်မည်ဖြစ်သည်။



"ခေတ်မီလေကြောင်းရန်ကာကွယ်ရေးဇရိယာတွေထဲမှာ စစ်ဆင်ရေးတာဝန်ထမ်းဆောင်ရမဲ့ တိုက်လေယာဉ်တွေနဲ့ဗုံးကြဲလေယာဉ်တွေရဲ့ စွမ်းဆောင်ရည်နဲ့ပတ်သက်ပြီး လေကြောင်းနဲ့ အာကာသတပ်ဖွဲ့ရဲ့ တိုက်ခိုက်ရေးစွမ်းရည်ကို မြှင့်တင်သွားမှာဖြစ်သလို ဒရုန်းနယ်ပယ်ကိုလဲ အဆင့်မြှင့်တိုးတက်လုပ်ဆောင်သွားမှာပါ။ ယူကရိန်းနဲ့ ဆီးရီးယားမှာ ကျွန်တော်တို့ရဲ့စစ်ဆင်ရေးအတွေ့အကြုံတွေကို အဆက်မပြတ်ခွဲခြမ်းစိတ်ဖြာပြီး စနစ်ကျနဖို့၊ လေ့ကျင့်ရေးအစီအစဉ်တွေကို Update လုပ်ပြီး အသုံးပြုဖို့နဲ့ စစ်လက်နက်ပစ္စည်းပံ့ပိုးမှုဆိုင်ရာအစီအစဉ်တွေကိုရေးဆွဲဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့တပ်ဖွဲ့တွေရရှိထားတဲ့အတွေ့အကြုံတွေဟာ တိုက်ပွဲလေ့ကျင့်ရေးအဆင့်မြှင့်တင်ခြင်းအတွက် အခြေခံဖြစ်သင့်ပါတယ်။ နောက်ဆုံးတစ်ချက်ကတော့ ထိန်းကျောင်းမှုနဲ့ ဆက်သွယ်ရေးစနစ်တွေကို ဉာဏ်ရည်တု (AI) နည်းပညာတွေနဲ့ အဆင့်မြှင့်တင်လုပ်ဆောင်သွားဖို့ပဲ ဖြစ်ပါတယ်။ လက်ရှိ ထိန်းချုပ်မှုနဲ့ ဆက်သွယ်ရေးစနစ်ကို မြှင့်တင်ဖို့လိုပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ဟာ ဉာဏ်ရည်တုနည်းပညာတွေကို တက်ကြွစွာအသုံးပြုသွားမှာပါ"ဟု Shoigu က ပြောကြားခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာနသည် စစ်မှုထမ်းရုံးများ၏ ဒေတာဘေ့စ်များကိုဒစ်ဂျစ်တယ်စနစ်ဖြင့်ပုံဖော်ကာ ဒေသတွင်းနှင့် ဒေသဆိုင်ရာအာဏာပိုင်များနှင့် ၎င်းတို့၏ အပြန်အလှန်ဆက်ဆံရေးကို အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း သိရသည်။

**Russia to develop nuclear triad and expand strike capabilities with drones and aircraft ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆောင်းသီးနှံမတ်ပဲကေ ၉၂၈၀ စိုက်ပျိုးပြီးစီး



ယခင်နှစ် မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၁၂**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်၌ ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် မတ်ပဲကေ ၉၂၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ၂၀၂၂ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲသီးနှံလျာထားဧက ၉၂၈၀ ကို ၂၀၂၂ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့် မတ်ပဲသီးနှံလျာထားဧကအားလုံး ယနေ့တွင် ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ မတ်ပဲသီးနှံများ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးနည်းပညာများနှင့် အခြားလိုအပ်ချက်များကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်မှာ ဆောင်းသီးနှံတွေကို ဇန်နဝါရီလထိ နောက်ဆုံး လျာထားစိုက်ပျိုးနေပါတယ်။ ဆက်လက်စိုက်ပျိုးနေတဲ့ သီးနှံတွေလဲကျန်နေပါသေးတယ်။ ဒီနှစ်မှာ မတ်ပဲကေ ၉၂၈၀ စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ မတ်ပဲသီးနှံတွေ လျာထားဧကအားလုံး စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲအပါအဝင် ဆောင်းသီးနှံတွေအားလုံး စိုက်ပျိုးနိုင်ဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ လိုအပ်တဲ့နည်းပညာတွေနဲ့ သွင်းအားစုတွေကို ရရှိသလို ချိတ်ဆက်ကူညီပံ့ပိုးပေးထားပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြသည်။

အဆိုပါမတ်ပဲသီးနှံများ စနစ်တကျ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး၊ သီးနှံများ ဖြစ်ထွန်းအောင်မြင်စေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေးစသည့် လုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးဌာန၊ စီမံအုပ်ချုပ်ရေးအဖွဲ့၊ စသည့်ဆက်စပ်ဌာနအဖွဲ့အစည်းများနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မန်တုံမြို့နယ် မန်ဆွန်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မန်တုံ ဇန်နဝါရီ ၁၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မန်တုံမြို့နယ် မန်ဆွန်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှုကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသဦးစီးမှူး ဦးသိန်းမောင်ထွေး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ)ဒေါ်နှင်းသဇင်ဦးနှင့် တာဝန်ရှိသူများက မန်တုံမြို့နယ် မန်ဆွန်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုနှင့် အဆိုပါလမ်းပေါ်တွင် Box Culvert ရှစ်စင်း တည်ဆောက်နေမှုများကို စစ်ဆေးကြပြီး မန်တုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းအောင်ကျော်လှိုင်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။



မန်တုံမြို့နယ် မန်ဆွန်ကျေးရွာတွင် အရှည်သုံးမိုင်၊ အကျယ် ၁၈ ပေ၊ အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် အဆိုပါကုန်ထုတ်လမ်းပေါ်တွင် Box Culvert ရှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စု၊ ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၂၂၆ ဒသမ ၉၂၂၅ သန်းဖြင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီက ဒွန်လပထမပတ်က လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ၁၀၀ ရာခိုင်နှုန်းနှင့် တံတားတည်ဆောက်ခြင်းလုပ်ငန်းများ ၄၂ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပါက ကျေးလက်ဒေသထွက်ကုန်ပစ္စည်းများကို ကုန်ကျစရိတ်သက်သာစွာဖြင့် မြို့ပေါ်ဈေးကွက်အရောက် တိုက်ရိုက်တင်ပို့ရောင်းချနိုင်မည်ဖြစ်ရာ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည်ဖြစ်ကြောင်း မန်တုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# စေတုတ္တရာမြို့နယ် ကောင်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စေတုတ္တရာ ဇန်နဝါရီ ၁၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကောင်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ပဥ္စမအကြိမ် မြောက်ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာဘက်စုံသုံးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့် ဝန်ထမ်းများက ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များ၊ စီမံကိန်းလက်စွဲစာဆောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဦးတင့်ထွန်းက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များနှင့် မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များ၏တာဝန်နှင့် ခံစားခွင့်များအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့် ဝန်ထမ်းများက ကြီးကြပ်၍ ကျေးရွာစီမံကိန်းကော်မတီဝင်များက ကောင်းကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၃၀ ကို ငွေကျပ် ၁၂ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၁ ဦးကို ငွေကျပ် ၁၈ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၂ ဒသမ ၇ သန်း၊ စုစုပေါင်းအသင်းသား၊ အသင်းသူ ၇၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၄ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုညို**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၂-၁-၂၀၂၃**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၇၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၂၀၀၀၀ |
| **(ဓွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဝိယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၃၆၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၄၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၉၈၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၈၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၄၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

၂၀ ရှေ့ဖုံးမှအဆက်

လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီဖြစ်စေရေး ဗဟိုကြီးကြပ်ရေးအဖွဲ့နှင့်ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ပြီးဖြစ်ပါကြောင်း၊ ဗဟိုကြီးကြပ်ရေးအဖွဲ့အနေဖြင့်လည်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးခေါ်ယူပြီး လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့်အချက်ပြများ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ပြေးညီပြည့်စုံညီညွတ်မှန်ကန်စေရေးလုပ်ငန်းအစီအမံများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ဗဟိုကြီးကြပ်ရေးအဖွဲ့အနေဖြင့် လမ်းများကို လက်တွေ့စီမံခန့်ခွဲဆောင်ရွက်နေကြသည့် ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ စည်ပင်သာယာရေးကော်မတီများက ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ဒေသကြီးကြပ်ရေးအဖွဲ့များက အနီးကပ်ကြီးကြပ်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ Road Safety Audit ကွင်းဆင်းစစ်ဆေးပြီး လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများဆိုင်ရာ ပြင်ဆင်ဖြည့်စွက်ဆောင်ရွက်သင့်သည့်အကြံပြုချက်များကို အချိန်နှင့်တစ်ပြေးညီ ညွှန်ကြားကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ပါ၍ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများအနေဖြင့် ကွင်းဆင်းစစ်ဆေးအကြံပြုချက်များအပေါ် အမြန်အကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် ဆောင်ရွက်ပြီးစီးမှု၊ တိုးတက်မှုများကို အစီရင်ခံတင်ပြကြရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်မည့်ဘဏ္ဍာငွေအသုံးပြုခြင်းများကိုလည်း တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းများနှင့်အညီ စနစ်တကျလျာထားတောင်းခံသုံးစွဲကြရန်လိုပါကြောင်း၊ ဝန်ကြီးချုပ်များနှင့် ဒေသကြီးကြပ်ရေးအဖွဲ့များအနေဖြင့် မိမိတို့နယ်မြေဒေသအလိုက် ပူးပေါင်းအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ကွင်းဆင်းစစ်ဆေးခြင်းများဆောင်ရွက်ကြရန်နှင့်လိုအပ်ချက်၊ အားနည်းချက်များကို အမြန်ဆုံးပြင်ဆင်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဗဟိုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြင့်က ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်မှု၊ မြေပြင်၌ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရန် လုပ်ငန်းစဉ်များ၊ ဗဟိုကြီးကြပ်ရေးအဖွဲ့၏ Road Safety Audit ကွင်းဆင်းစစ်ဆေးဆောင်ရွက်မှုနှင့် သုံးသပ်အကြံပြုချက်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၌မြေပြင်စစ်ဆေးစဉ်တွေ့ရှိရသည့်အားနည်းချက်၊ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များက သက်ဆိုင်ရာနယ်မြေဒေသအလိုက် ကြီးကြပ်ရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ထားရှိမှု၊ ကွင်းဆင်းစစ်ဆေးမှု၊ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု၊ အသစ်စိုက်ထူရေးဆွဲပြီးစီးမှု၊ဆောင်ရွက်ရန်ကျန်နှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြသည်။ ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက ပြန်လည်သုံးသပ်ဆွေးနွေးသည်။



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ လမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ တစ်ပြေးညီဖြစ်စေရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

ညှိနှိုင်းအစည်းအဝေး အပြီးတွင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မော်တော်ဆိုင်ကယ်ယာဉ်တိုက်မှုအများဆုံးဖြစ်သည့် ပျဉ်းမနား-တောင်ညိုလမ်း၊ သပြေကုန်းအဝိုင်း လမ်းပိုင်းနေရာသို့ သွားရောက်ကွင်းဆင်းစစ်ဆေးရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အင်ဂျင်နီယာမှူးကြီး(မြို့ပြ)က Road Safety Audit စစ်ဆေးတွေ့ရှိမှု၊ မော်တော်ဆိုင်ကယ်များ အန္တရာယ်ကင်းစွာ အဝိုင်းပတ်ဖြတ်သန်း မောင်းနှင်နိုင်ရေးအတွက် သုံးသပ်အကြံပြုချက်များကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က မော်တော်ဆိုင်ကယ်များအန္တရာယ်ကင်းစွာအဝိုင်းပတ်မောင်းနှင်နိုင်ရေးအတွက် သပြေကုန်းအဝိုင်းရှိ လမ်းပေါ် ဆေးရေးအမှတ်အသားများကို ပြင်ဆင်ရေးဆွဲရန်၊ ယာဉ်ကြောကြိုတင်ပြောင်းရန်ဆေးရေးအမှတ်အသားနှင့် လမ်းညွှန်ဆိုင်းဘုတ်များစိုက်ထူရေးဆွဲရန်၊ လမ်းလယ်တစ်ဆက်တည်းမျဉ်းကို သတ်မှတ်အရောင်အတိုင်းရေးဆွဲရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၌ ယာဉ်တိုက်မှုအဖြစ်များသော မိုင်တိုင် ၂၁၈ (၄ ဖာလုံနှင့် ၇ ဖာလုံအကြား) လမ်းပိုင်းနေရာသို့ သွားရောက်ကွင်းဆင်းစစ်ဆေးရာ အင်ဂျင်နီယာမှူးကြီး(မြို့ပြ)က Road Safety Audit စစ်ဆေးတွေ့ရှိမှုများနှင့် အကြံပြုချက်များကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က အဆိုပါလမ်းပိုင်း၌ ယာဉ်တိုက်မှုလျော့နည်းကျဆင်းရေးအတွက် လမ်းဘေးတွင် Clear Zone လုံလောက်စွာထားရှိရန်၊ လမ်းညွှန်ဆိုင်းဘုတ်များ ပြင်ဆင်ဆောင်ရွက်ရန်၊ လမ်းပေါ် ဆေးရေးအမှတ်အသားများ ပြည့်စုံစွာရေးဆွဲရန် မှာကြားသည်။ ယင်းနောက် Road Safety Audit အဖွဲ့၏ အကြံပြုချက်များအပေါ် သက်ဆိုင်ရာဒေသကြီးကြပ်ရေးအဖွဲ့နှင့်လမ်းဦးစီးဌာနတို့က အမြန်အကောင်အထည်ဖော်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စက်မှုဝန်ကြီးဌာန နှစ်သစ်ကူးမိတ်ဆုံစားပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁၂**

စက်မှုဝန်ကြီးဌာန၌တာဝန်ထမ်းဆောင်နေသည့် အရာထမ်း၊ အမှုထမ်းများနှင့် ချစ်ကြည်ရင်းနှီးမှုပိုမိုရရှိစေရန်၊ အထက်အောက် ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်အားကောင်းစေရန်၊ နွေးထွေးသည့်ဆက်ဆံရေး စသည့်ကောင်းမွန်သည့်အလေ့အထကောင်းများ ဆက်လက်တိုးပွားစေရန်တို့အတွက် စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း၏ နှစ်သစ်ကူးမိတ်ဆုံစားပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၇)၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် အရာထမ်း၊အမှုထမ်းများ တက်ရောက်သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက နှစ်သစ်ကူးမိတ်ဆုံစားပွဲ ကျင်းပခြင်းဖြင့် အချင်းချင်း အထက်အောက်မခွဲခြားဘဲ ချစ်ခင်ရင်းနှီးမှုကိုရရှိစေသကဲ့သို့ လုပ်ငန်းတာဝန်များထမ်းဆောင်နေချိန်တွင် ဖိစီးနေသည့် စိတ်တင်းကျပ်မှုများကိုလျော့နည်းစေမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဝန်ကြီးဌာနရှိ အရာထမ်း၊အမှုထမ်းများနှင့် အခါအားလျော်စွာတွေ့ဆုံ၍ မိတ်ဆုံစားပွဲများကျင်းပရန် လမ်းညွှန်မှုပြုထားပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် နှစ်သစ်မှစ၍ စိတ်သစ်လူသစ်ဖြင့် နိုင်ငံတော်၏အကျိုး၊ ဝန်ကြီးဌာန၏အကျိုးကို ကျေပွန်စွာ ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် တွေ့ကြုံရမည့် စိန်ခေါ်မှုများကိုစုပေါင်းအားဖြင့် ကျော်လွှားနိုင်ရေး ညီညွတ်စွာကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြန်မာ့ဆေးဝါးလုပ်ငန်းသည် ပြည်သူလူထုလိုအပ်သော အခြေခံဆေးဝါးများကို ထုတ်လုပ်ဖြည့်ဆည်းနေသည့် စက်မှုလုပ်ငန်းဖြစ်၍ လုပ်ငန်းတာဝန်များကို ယခုထက်ပိုမိုကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်နှင့် ဝန်ကြီးဌာနက ပေးအပ်လာသည့် လုပ်ငန်းတာဝန်များကို အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် တစ်ဦးချင်း၏ စွမ်းဆောင်ရည်များကိုလည်း မြှင့်တင်ထားရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဝန်ထမ်းအကြီးအကဲများနှင့် မိတ်ဆုံစားပွဲများကို ကျင်းပပေးရမည်ဖြစ်ကြောင်း၊ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် နှစ်သစ်ကိုပိုင်ဆိုင်ကြပါစေရန် ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက နှစ်သစ်ကူးမိတ်ဆုံစားပွဲကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့ဆေးဝါးလုပ်ငန်းရှိဌာနအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများနှင့်အတူတကွ လက်ရည်တစ်ပြင်တည်း နေ့လယ်စာသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## SIM Card များ မှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့်အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက်မှန်ကန်စွာဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ဆင်းကတ်မှတ်ပုံတင်သည့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ကို မှန်၊ မမှန်စစ်ဆေးပြီး ပြင်ဆင်ရန်လိုအပ်ပါက ၃၁-၁-၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ မှန်၊ မမှန်စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPTအတွက် *601#၊ Atomအတွက် *979*3*3#၊ Ooredoo အတွက် *666#၊ Mytel အတွက် *966# သို့ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာအော်ပရေတာများ၏ အရောင်းဆိုင်များ၊ Applicationများနှင့် Websiteတို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

# ၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့သည့် နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ အားကစားသမားများကို ဂုဏ်ပြုပွဲကျင်းပပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၁၂**

၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့သည့် နေပြည်တော်တိုင်းစစ်ဌာနချုပ်မှ အားကစားသမားများအား ဂုဏ်ပြုပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အောင်ပြိုင်ဖြိုးခန်းမ၌ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ဆုရရှိသည့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ဆုတံဆိပ်ရရှိခဲ့သည့် အားကစားသမားများကို တစ်ဦးချင်း ဂုဏ်ပြုနှုတ်ဆက်ခဲ့ပြီး ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပခဲ့ရာ တိုင်းမှူးနှင့်တာဝန်ရှိသူများက ၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့သည့်အားကစားအမျိုးအစားအလိုက်ဂုဏ်ပြုဆုများကိုပေးအပ်ရာ ဆုရရှိသူအားကစားသမားများနှင့် အားကစားတာဝန်ခံအရာရှိများက လက်ခံရယူကြသည်။ ယင်းနောက် ဆုရရှိခဲ့သည့် အားကစားသမားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး တက်ရောက်လာကြသူများကို လက်ဖက်ရည်ဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။




နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ၂၀၂၂ ခုနှစ် တပ်မတော် (ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးကို ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။

# အသက်ထက်မြတ်သောဂုဏ်သိက္ခာဇာတ်တော်ကြီး ဒုတိယနေ့ဆက်လက်တင်ဆက်

**ရန်ကုန် ဇန်နဝါရီ ၁၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနက စီစဉ်တင်ဆက်သည့်အသက်ထက်မြတ်သော ဂုဏ်သိက္ခာဇာတ်တော်ကြီးတင်ဆက်မှု ဒုတိယနေ့ကို ယနေ့မွန်းလွဲပိုင်း၌ ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ(ရန်ကုန်)၌ ဆက်လက်တင်ဆက်ကပြသည်။

အဆိုပါဇာတ်တော်ကြီး တင်ဆက်ကပြမှုကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးငွေအောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်မြန်မာ့ယဉ်ကျေးမှုအနုပညာကို စိတ်ဝင်စားကြသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဇန်နဝါရီ ၁၄ ရက်တွင် အဆိုပါဇာတ်တော်ကြီးကို အများပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်ရင်းတပ်ဖွဲ့အသီးသီးမှ တပ်မတော်သားများနှင့် မိသားစုများရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုများကို ဆက်လက်တင်ဆက်ကပြဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်အဆိုအပေါ် ကန့်ကွက်ရှုတ်ချကြောင်း ဆန္ဒထုတ်ဖော်

**နေပြည်တော် ဇန်နဝါရီ ၁၂**

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေး၌ မြန်မာနိုင်ငံဆိုင်ရာဆုံးဖြတ်ချက်အဆိုတစ်ရပ်ကို မဲခွဲချမှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်အဆိုနှင့်ပတ်သက်၍ ကန့်ကွက်ရှုတ်ချဆန္ဒထုတ်ဖော်ပွဲကို ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြိတ်တောင်ကျေးရွာ အရှေ့သိမ်ဘောလုံးကွင်း၌ ဒေသခံပြည်သူများစုပေါင်း၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ တစ်ဖက်သတ်ဆုံးဖြတ်ချက်များကို ဆန့်ကျင်ကြ၊ မြန်မာ့အရေးကို မြန်မာနိုင်ငံကသာဖြေရှင်းရေး ဒို့အရေး၊ အကြမ်းဖက်အားပေး ပြည်ပနိုင်ငံများအလိုမရှိ၊ အကြမ်းဖက် NUG ၊ CRPH ၊ PDF အလိုမရှိ၊အပြစ်မဲ့ပြည်သူများကိုအကြမ်းဖက်သတ်ဖြတ်နေမှုအား ချက်ချင်းရပ်၊ ရဟန်းသံဃာနှင့်နိုင်ငံ့ဝန်ထမ်းများကို အကြမ်းဖက်သတ်ဖြတ်နေမှုများအား ချက်ချင်းရပ်စသည့် ကြွေးကြော်သံများဖြင့် ကြွေးကြော်၍ ပိုစတာများ၊ ဆိုင်းဘုတ်များကိုင်ဆောင်ကာ ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သတင်းရရှိသည်။



တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ဒေသခံပြည်သူများက ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာဆုံးဖြတ်ချက်အဆိုအပေါ် ကန့်ကွက်ရှုတ်ချကြောင်း ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ကြစဉ်။




မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း ပြည်နယ်ပညာရေးဌာနသို့ အလှူငွေများပေးအပ်လှူဒါန်းစဉ်။

# မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပြည်နယ်အဆင့် ပညာရေးစုံညီပွဲတော်ကျင်းပပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၁၂**

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပြည်နယ်အဆင့်ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသား မိဘများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းမှကျောင်းသူများက “စုံညီပွဲတော်တို့နွဲပျော်”တေးသီချင်းဖြင့် သီဆိုဖျော်ဖြေရာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်နယ်အဆင့်ထူးချွန်ဆုရကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ပြည်နယ်ပညာရေးဌာနသို့ အလှူငွေများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် ဇန်နဝါရီ ၁၂**

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့်လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ဒေသခံပြည်သူဦးရေ ၃၇၃၁၀ နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ဒေသခံပြည်သူ ၁၃၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ကျောင်းသား၊ ကျောင်းသူ ၂၄၂၅ ဦးကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ ကျောင်းသား၊ကျောင်းသူများကို ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။

# လားရှိုးမြို့ရှိ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းများ၌ ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်ပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းများ၌ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်တို့ကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများက "မြတ်ဆရာ" သီချင်းနှင့် "စုံညီပွဲတော်တို့နွဲပျော်" သီချင်းတို့ဖြင့် သီဆိုဖျော်ဖြေကြသည်။ ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားပြီး ပညာရေးစုံညီပွဲတော်ကို ကျောင်းအသီးသီး၌ ဖွင့်လှစ်ပေးသည်။

ၤင်းနောက် အဆိုပါ အခြေခံပညာကျောင်းများ၌ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲနှင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်တို့၌ ပညာရည်ချွန်ဆုရရှိသူ ကျောင်းသား၊ ကျောင်းသူများ၊ ဘင်ခရာ၊ အေရိုးဗစ်၊ ပန်းချီ၊စာစီစာကုံးနှင့်အားကစားပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများ၏ တေးသံသာ အကအလှများဖြင့် ဖျော်ဖြေမှုကို တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ကာ အဆိုပါကျောင်းများရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး ထူးချွန်ဆုရကျောင်းသူတစ်ဦးကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲပြုလုပ်စဉ်။

# မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၁၂**

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ မဟာဇေယျသုခမဏ္ဍပ်၌ ပြုလုပ်ရာ ကချင်ပြည်နယ် သံဃနာယက အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဝန်းသိုကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကေတုမာလအမှူးပြုသော သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဝန်းသိုကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပဋ္ဌာန်းအကြောင်းသိကောင်းစရာ ဩဝါဒများ နာယူကြည်ညိုကြသည်။ ထို့နောက် ပတ္တမြားကျောင်းတိုက်ဆရာတော်က ပဋ္ဌာန်းရွတ်ဖတ်ရန် တိုက်တွန်းနှိုးဆော်လှော ပဋ္ဌာန်းအမွှန်းဂါထာကို ရွတ်ဖတ်ပူဇော်ပြီး သံဃာတော်များနှင့် တက်ရောက်လာကြသူများက ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော်မြတ်ကို သုံးကြိမ်ရွတ်ဖတ်ပူဇော်ကြကာ အလှည့်ကျ ဘာဏကသံဃာတော်များက ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်ကြသည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များက သံဃာတော်များကို နေ့ဆွမ်းများဆက်ကပ်လှူဒါန်းကြသည်။ အဆိုပါ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဇန်နဝါရီ ၁၆ ရက်ထိ ငါးရက်တိုင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။


# မအူပင်မြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ဆန်၊ ဆီ၊ ဆား၊ ပဲ အမည်လေးမျိုးနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၁၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ယနေ့ နေ့လယ်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်က နယ်မြေခံတပ်ရင်းခန်းမ၌ တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲအမည်လေးမျိုးနှင့် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ယူနီဖောင်းများကိုလည်းကောင်း အသီးသီးပေးအပ်သည်။ ထို့နောက် တိုင်းမှူးက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့်အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို ဆန်၊ဆီ၊ဆား၊ပဲ အမည်လေးမျိုးနှင့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

## မိဘပြည်သူများသို့ အသိပေးထုတ်ပြန်

၁။ မိဘပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆) (အထစ)များကို အပိုကိုင်ဆောင်ခြင်းများရှိပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၂၀-၉-၂၀၂၂ ရက်တွင် နေ့စဉ်ထုတ်သတင်းစာနှင့် နိုင်ငံပိုင်ရုပ်မြင်သံကြား၊ ရေဒီယိုတို့၌ထုတ်လွှင့်ဖော်ပြအသိပေးကြေညာခဲ့ပါသည်။

၂။ အဆိုပါအသိပေးထုတ်ပြန်ချက်နှင့်ပတ်သက်၍ ၁-၁၀-၂၀၂၂ ရက်ထိ ဆောင်ရွက်နိုင်ကြောင်း ကြေညာထားသော်လည်း နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆) (အထစ)တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားသူပြည်သူများ၏ ပညာရေးအောင်လက်မှတ်၊ ဘွဲ့လက်မှတ်များ၊ ဘဏ်ငွေစာရင်းများနှင့် စီးပွားရေးလုပ်ငန်းများ၊ အိမ်၊ ခြံ၊ မြေ ပိုင်ဆိုင်မှုများ၊ တယ်လီဖုန်း စသည့်ဆက်သွယ်ရေးလုပ်ငန်းများနှင့်သက်ဆိုင်နေသဖြင့် ပိုမိုသိရှိလာရောက်ဆောင်ရွက်နိုင်ရေးအတွက် ရက်သတ္တနှစ်ပတ်တိုး၍ ၁၅-၁၁-၂၀၂၂ ရက်ထိ လာရောက်ဆောင်ရွက်နိုင်ရန် ၉-၁၁-၂၀၂၂ ရက်မှစ၍ နေ့စဉ်ထုတ်သတင်းစာများနှင့် နိုင်ငံပိုင်ရုပ်မြင်သံကြား၊ ရေဒီယိုတို့တွင် ထပ်မံအသိပေးထုတ်ပြန်ကြေညာခဲ့ပါသည်။

၃။ ယခုအခါ လာရောက်ဆောင်ရွက်ရမည့်ရက်သည် ၁၅-၁၁-၂၀၂၂ ရက်တွင် သတ်မှတ်ကာလပြည့်မြောက်ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံသားကတ်အပိုကိုင်ဆောင်ပြီး လာရောက်ဆက်သွယ်ဆောင်ရွက်ခြင်းမရှိသူများ၏ ယခင်ကိုင်ဆောင်ထားသည့် နိုင်ငံသားစိစစ်ရေးကတ်များကို ပယ်ဖျက်၍ နောက်ဆုံးထုတ်ယူခဲ့သော နိုင်ငံသားစိစစ်ရေးကတ်များကို အတည်ပြုပြီးဖြစ်ပါသည်။ နိုင်ငံသားစိစစ်ရေးကတ်တစ်ခုထက်ပိုမိုကိုင်ဆောင်ထားသူများအနေဖြင့် ပယ်ဖျက်ပြီးဖြစ်သည့် ယခင်နိုင်ငံသားစိစစ်ရေးကတ်ကို နီးစပ်ရာမြို့နယ်လဝကရုံးသို့ အပ်နှံကြပါရန်နှင့် အပ်နှံခြင်းမပြုဘဲ ဆက်လက်ကိုင်ဆောင်အသုံးပြုနေကြောင်း စစ်ဆေးတွေ့ရှိပါက ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

# PDF အမည်ခံ အကြမ်းဖက်သမားများထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် ၁၁ နှစ်အရွယ် ကလေးငယ်တစ်ဦး သေဆုံး၊ အမျိုးသားတစ်ဦး မိုင်းစထိမှန်ဒဏ်ရာရရှိ



**PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်း ပေါက်ကွဲမှုကြောင့် မိုင်းစထိမှန်ဒဏ်ရာ ရရှိခဲ့သည့် အမျိုးသား မှတ်တမ်းဓာတ်ပုံ။**

**နေပြည်တော် ဇန်နဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် မြင်းနီကျေးရွာအနီး၌ PDF အမည်ခံ အကြမ်းဖက်သမားများထောင်ထားသည့် လက်လုပ်မိုင်းပေါက်ကွဲခဲ့သဖြင့် ၁၁ နှစ်အရွယ် ကလေးငယ်တစ်ဦးသေဆုံးပြီး အမျိုးသားတစ်ဦး မိုင်းစထိမှန်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၁ ရက် မွန်းလွဲ ၁ နာရီခန့်တွင် နွားထိုးကြီးမြို့နယ် မြင်းနီကျေးရွာနေ ဦးဆန်းဝေ (ဘ) ဦးအောင်ဝင်းနှင့် အသက် ၁၁ နှစ်အရွယ် မောင်ကံကောင်း (ဘ) ဦးဆန်းဝင်းတို့နှစ်ဦးသည် အဆိုပါကျေးရွာ၏အနောက်ဘက်၌ နွားကျောင်းနေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများထောင်ထားသည့် လက်လုပ်မိုင်းတစ်လုံးပေါက်ကွဲခဲ့သဖြင့် ၎င်းတို့နှစ်ဦးတွင် မိုင်းစထိမှန်ဒဏ်ရာများ အသီးသီးရရှိခဲ့ပြီး မောင်ကံကောင်းသည် ရရှိဒဏ်ရာများဖြင့် သေဆုံးခဲ့သည်။

အဆိုပါနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ပြီး ဦးဆန်းဝေနှင့် မောင်ကံကောင်းတို့ကို နွားထိုးကြီးမြို့ ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့သည်။

ထိုသို့ ကျေးရွာနေပြည်သူများကို အကြောင်းမဲ့ ဖုံးထောင်ဖောက်ခွဲခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ တရားဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# တရားမဝင်သစ်မျိုးစုံ၊ စားသုံးဆီ၊ လူသုံးကုန်၊ လုပ်ငန်းသုံးပစ္စည်း၊ အီလက်ထရွန်နစ်ပစ္စည်းနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ







**နေပြည်တော် ဇန်နဝါရီ ၁၂**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသည့် A4 စက္ကူထုပ်များ၊ Water Pump (0.5 HP, 220V) အလုံး ၁၀၀နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် နောက်တွဲယာဉ်ပါ မော်တော်ယာဉ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၄၀၂၀၄၆၂ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ဥက္ကဋ္ဌ ဦးဆောင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က သတင်းအရ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့ အမှတ်(၉၆) သရက်ကုန်းလမ်း သီရိမြိုင်ရပ်ကွက်ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် စားသုံးဆီ လီတာ ၁၀၈၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၂၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇန်နဝါရီ ၁၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ဆိပ်ကမ်းတို့မှ တာဝန်ကျစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းများ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၉၆၀၀၀၀ ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်ဝန်စည်များနှင့်အတူ ရောနှောသယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Drone 2.4G Aircraft Intelligent Control System (အဟောင်း) တစ်စင်းအပါအဝင် ကုန်ပစ္စည်းနှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀ ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၅၆၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဘားအံမြို့ အကောက်ခွန်ဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ဘားအံမြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်နှစ်စီးပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသော လုပ်ငန်းသုံးပစ္စည်းများ၊ ပုစွန်နှစ်ကောင်တံဆိပ် စားသုံးဆီများအပါအဝင် ကုန်ပစ္စည်းနှစ်မျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၂၉၀၀၀ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ်နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၆၂၉၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော စစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ပြည်ခရိုင်နှင့် နတ်တလင်းခရိုင်တို့အတွင်း၌ တရားမဝင်သစ်မျိုးစုံ ၂၉၄ ဒသမ ၂၁၆၉တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၆၀၁၃၄ ကို သစ်တောဥပဒေအရလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ထုံးဘိုမြို့နယ်အတွင်း၌ သရီးကရောင်းအမျိုးအစား လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၀၆၀၁၃၄ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇန်နဝါရီ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်း အမှုတွဲ ၁၆ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၈၅၁၉၅၉၆ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# တာချီလိတ်နှင့် ကော့သောင်းမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၂**

ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၀ ရက် ညနေ ၄ နာရီခွဲတွင် တာချီလိတ်မြို့နယ် ဖန်မင်ကျေးရွာအုပ်စု ဆန်နားကျေးရွာနေ စိုင်းရွှန်နွံ၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း၊ ဇန်နဝါရီ ၁၁ ရက် ည ၉ နာရီတွင် ကော့သောင်းမြို့ ရွှေဟသ်ာရပ်ကွက်နေ မထွေးညို၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ချိန်းဆောစက်ဖုံးများအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ည ၉ နာရီ ၄၅ မိနစ်တွင် ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက်နေ မျိုးလွင်(ခ) ကိုမျိုးနှင့် ဇနီး မခင်နှင်းမူ(ခ) ခင်မူတို့ကို ၎င်းတို့၏နေအိမ်၌ ဖမ်းဆီးရမိသဖြင့်၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **ရဲဖြန့်ကြား**



**ဖမ်းဆီးရမိသည့် စိုင်းရွှန်နွံကို စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။**

## သဇင်(FM) အသံလွှင့်အစီအစဉ်

**၁၃-၁-၂၀၂၃ (သောကြာနေ့)**

၁။ ၀၈း၀၀ နှလုံးသားဝယ်ဘုရားတည်
၂။ ၁၄း၃၀ ပြည်သူကြားက ပြည်သူ့စကား
၃။ ၁၅း၀၀ Jumping Music
၄။ ၁၆း၀၀ တပ်မတော်စာတိုက်ခန်း
၅။ ၂၂း၃၀ Good Night Listeners

# ဖိလစ်ပိုင်နိုင်ငံတွင် ရေကြီးရေလျှံမှုကြောင့် ဒေသခံ ၁၀ ဦး သေဆုံး



**မနီလာ ဇန်နဝါရီ ၁၂**

ဖိလစ်ပိုင်နိုင်ငံ ဘီကိုနယ်မြေ မင်ဒါနာအို မြောက်ဘက်ပိုင်းနှင့် ဒါဗာအိုနယ်မြေတို့တွင် ရေကြီးရေလျှံမှုဖြစ်ပွားနေပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံ ၁၀ ဦးသေဆုံးမှုဖြစ်ပွားခဲ့ကြောင်း ဖိလစ်ပိုင်အမျိုးသား သဘာဝဘေးအန္တရာယ်လျော့ပါးရေးနှင့် စီမံခန့်ခွဲရေးကောင်စီက ထုတ်ပြန်ခဲ့သည်ဟု ABS သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ရေကြီးရေလျှံမှုသည် ဇန်နဝါရီ ၁၀ ရက်က စတင်ခဲ့ခြင်းဖြစ်ပြီး ဇန်နဝါရီ ၁၁ ရက်တွင် အရေးပေါ် အခြေအနေသို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် ဒဏ်ရာရရှိသူ လေးဦးရှိနေပြီး ပျောက်ဆုံးနေသူ နှစ်ဦးရှိနေကြောင်း၊ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသည့် လူဦးရေ ၈၀၀၀ ကျော်ရှိနေပြီး ယာယီကယ်ဆယ်ရေးစခန်းများတွင် နေရာချပေးထားကြောင်း ဖိလစ်ပိုင် အမျိုးသားသဘာဝဘေးအန္တရာယ်လျော့ပါးရေးနှင့် စီမံခန့်ခွဲရေးကောင်စီက ထုတ်ပြန်ခဲ့သည်။

"ဘီကိုနယ်မြေ၊ မင်ဒါနာအို မြောက်ဘက်ပိုင်းနဲ့ ဒါဗာအိုနယ်မြေတို့မှာ ရေကြီးရေလျှံမှုတွေဖြစ်ပေါ်နေပါတယ်။ ရေကြီးရေလျှံမှုကြောင့် လူ ၁၀ ယောက်သေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ လေးယောက်၊ ပျောက်ဆုံးနေသူ နှစ်ယောက်ရှိပါတယ်။ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတဲ့ ဒေသခံ အယောက် ၈၀၀၀ ကျော်ထိရှိနေပါတယ်။ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရတဲ့ ဒေသခံတွေကို ကယ်ဆယ်ရေးစခန်းတွေမှာ နေရာချပေးထားပါတယ်"ဟု ဖိလစ်ပိုင် အမျိုးသားသဘာဝဘေးအန္တရာယ်လျော့ပါးရေးနှင့် စီမံခန့်ခွဲရေးကောင်စီမှပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

သေဆုံးသူ ၁၀ ဦးအနက် ငါးဦးမှာ ဘီကိုနယ်မြေမှဖြစ်ပြီး လေးဦးမှာ မင်ဒါနာအိုမြောက်ဘက်ပိုင်းတွင်နေထိုင်သည့် ဒေသခံများဖြစ်ပြီး ကျန်တစ်ဦးမှာ ဒါဗာအိုနယ်မြေမှဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် စိုက်ခင်းအမြောက်အမြားပျက်စီးခဲ့ပြီး စိုက်ပျိုးရေးကဏ္ဍမှ ပျက်စီးဆုံးရှုံးမှုပမာဏမှာ ပီဆို ၁၄၂ သန်းခန့်ထိ ရှိနေပြီး ပျက်စီးခဲ့သည့် အခြေခံအဆောက်အအုံတန်ဖိုးမှာ ပီဆို ၁၆၅ သန်းထိရှိကြောင်း သိရသည်။ **ခိုင်းဆက်**

# အမေရိကန်နိုင်ငံတွင် နှစ် ၄၀ အတွင်း သဘာဝဘေးကြောင့်ပျက်စီးဆုံးရှုံးမှု ၂၀၂၂ ခုနှစ်က အများဆုံးဖြစ်ခဲ့

**ဝါရှင်တန် ဇန်နဝါရီ ၁၂**

အမေရိကန်နိုင်ငံတွင် ၂၀၂၂ ခုနှစ်က ရာသီဥတုဖောက်ပြန်မှုကြောင့် ဆိုးရွားသောသဘာဝဘေးအန္တရာယ်များဖြင့် ရင်ဆိုင်ခဲ့ရပြီး ၎င်းသဘာဝဘေးများကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့်ပမာဏမှာ နှစ်ပေါင်း ၄၀ အတွင်း အများဆုံးဖြစ်ခဲ့ကြောင်း အမေရိကန်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု US News သတင်းဌာနက ဇန်နဝါရီ ၁၁ ရက်က ရေးသားဖော်ပြခဲ့သည်။

၂၀၂၂ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့်ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၆၅ ဘီလီယံထိရှိခဲ့ပြီး နှစ်ပေါင်း ၄၀ အတွင်းပျက်စီးဆုံးရှုံးမှုပမာဏ အများဆုံးဖြစ်ခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်အတွင်း အမေရိကန်နိုင်ငံတွင် အန္တရာယ်ရှိသည့် မတူညီသောသဘာဝဘေးအန္တရာယ် ၁၈ ကြိမ်ဖြစ်ပွားခဲ့ပြီး ၎င်း ၁၈ ကြိမ်တွင် ပျက်စီးဆုံးရှုံးမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၆၅ ဘီလီယံထိ ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"၂၀၂၂ ခုနှစ်အတွင်း အမေရိကန်နိုင်ငံတစ်ဝန်း မတူညီတဲ့သဘာဝဘေးအန္တရာယ် ၁၈ ကြိမ်ဖြစ်ပွားခဲ့ပါတယ်။ မုန်တိုင်းငယ်ခြောက်ကြိမ်၊ အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း သုံးကြိမ်၊ မိုးသီးမုန်တိုင်း သုံးကြိမ်၊ လေဆင်နှာမောင်း နှစ်ကြိမ်၊ မိုးခေါင်ရေရှားပါးမှု၊ တောမီးလောင်ကျွမ်းမှု၊ ရေကြီးရေလျှံမှု၊ နှင်းမုန်တိုင်း တစ်ကြိမ်စီဖြစ်ပွားခဲ့ပြီး ၎င်းသဘာဝဘေးအန္တရာယ်တွေကြောင့် သေဆုံးသူစုစုပေါင်း ၄၇၄ ယောက်ရှိခဲ့တယ်"ဟု အမေရိကန်အမျိုးသားသဘာဝပတ်ဝန်းကျင်ဆိုင်ရာသတင်းအချက်အလက်စင်တာမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။



၂၀၂၂ ခုနှစ် စက်တင်ဘာလက ဖလော်ရီဒါပြည်နယ်၌ဖြစ်ပွားခဲ့သော ဟာရီကိန်းမုန်တိုင်းတစ်ခုတည်းကြောင့် ပျက်စီးဆုံးရှုံးမှုပမာဏ အမေရိကန်ဒေါ်လာ ၁၁၂ ဒသမ ၉ ဘီလီယံထိရှိခဲ့ပြီး အနောက်ပိုင်းနှင့် အလယ်ပိုင်းပြည်နယ်များတွင်ဖြစ်ပေါ်ခဲ့သော မိုးခေါင်ရေရှားပါးမှုပြဿနာကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် ပမာဏမှာ အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၂ ဘီလီယံထိရှိခဲ့ကြောင်း အမေရိကန်အမျိုးသားသဘာဝပတ်ဝန်းကျင်ဆိုင်ရာ သတင်းအချက်အလက်စင်တာက ထုတ်ပြန်ခဲ့သည်။ **ခိုင်းဆက်**

# ဂျာမနီနိုင်ငံတွင် ဂတ်ဇီလာကျောက်မီးသွေးတူးဖော်ရေးမိုင်းတွင်းလုပ်ကွက်ချဲ့ထွင်မှု ဆန္ဒထုတ်ဖော်သူတချို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့

**ဘာလင် ဇန်နဝါရီ ၁၂**

ဂျာမနီနိုင်ငံအနောက်ဘက်ပိုင်း နော့ရိုင်း-ဝက်စ်ဖာလီယာပြည်နယ်ရှိ ဂတ်ဇီလာကျောက်မီးသွေးတူးဖော်ရေး မိုင်းတွင်းလုပ်ကွက်များ ချဲ့ထွင်မှုကို ဂျာမနီသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများက ဇန်နဝါရီ ၁၀ ရက်က ဆန္ဒထုတ်ဖော်ခဲ့ကြပြီး ဆန္ဒထုတ်ဖော်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကြား ပဋိပက္ခဖြစ်ပွားကာ ဆန္ဒထုတ်ဖော်သူတချို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း နော့ရိုင်း-ဝက်စ်ဖာလီယာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု SBS သတင်းဌာနက ဇန်နဝါရီ ၁၁ ရက်က ရေးသားဖော်ပြခဲ့သည်။

ဆန္ဒထုတ်ဖော်သူများသည် အနက်ရောင် နှာခေါင်းစည်းများဝတ်ဆင်ကာ ဂတ်ဇီလာကျောက်မီးသွေးမိုင်းတွင်းများကို တာဝန်ယူဆောင်ရွက်နေသည့် RWEကုမ္ပဏီကို အဓိကဆန္ဒထုတ်ဖော်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးစီမံချက်အရ ကျောက်မီးသွေးလောင်စာများ ထုတ်လုပ်သုံးစွဲမှုကိုလျှော့ချနိုင်ရန် စီစဉ်နေသော်လည်း ဂျာမနီနိုင်ငံတွင် ကျောက်မီးသွေးတူးဖော်ရေး မိုင်းတွင်းများကို တိုးချဲ့လာခြင်းအပေါ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တက်ကြွလှုပ်ရှားသူများက မကျေမနပ်ဖြစ်နေကြကြောင်း သိရသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတက်ကြွလှုပ်ရှားသူများက ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ခဲ့ကြသည်ကို ဖမ်းဆီးထိန်းသိမ်းခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် မကျေမနပ်ဖြစ်နေသော်လည်း အာဏာပိုင်အဖွဲ့အစည်းက ဆန္ဒထုတ်ဖော်သူများကို ထိန်းထိန်းသိမ်းသိမ်းတားဆီးခဲ့ခြင်းဖြစ်သည်ဟု ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ **ခိုင်းဆက်**

## ငလျင်လှုပ်နေစဉ်တွင်လိုက်နာရန်အချက်များ

၁။ ကြောက်ရွံ့ထိတ်လန့်မှုမရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

၂။ ( ၅ ) စက္ကန့် အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါကပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာတွင် (ဝပ် ကာ ကိုင်)ပုံစံဖြင့်နေပါ။



ဝပ် = ဘေးအန္တရာယ်ကင်းသော နေရာတွင် ဝပ်နေပါ။

ကာ = ခိုင်ခံ့သော စားပွဲ၊ခုံ၊ခုတင်အောက်တွင် မိမိကိုယ်ကို အကာအကွယ်ယူပါ။

ကိုင် = ခိုင်ခံ့သော စားပွဲ၊ ခုံ၊ ခုတင် များကို မြဲမြဲစွာကိုင် ထားပါ။

၃။ လယ်ကွင်း၊ကွင်းပြင်(သို့) ဘေးကင်းရာ ( မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ဓါတ်တိုင်များ၊သစ်ပင်များ ပြိုကျနိုင်သောအရာများနှင့် ဝေးရာ) သို့ပြေးပါ။



၄။ ငလျင်ကြောင့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းခြေ (သို့) မြစ်ကမ်းစပ် အနီးတွင် ရောက်ရှိနေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။



၅။ မီးအသုံးပြုနေစဉ် ငလျင်လှုပ်ပါက မီးတောက်ငြိမ်းပါ။ မီးခလုတ်များကို ပိတ်ပါ။







၆။ ဆိုင်ကယ်၊ ကားစသည်တို့မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။



0w Kv d @

# သဗ္ဗေသတ္တာ ကမ္မသကာ

ယဉ်ယဉ်(ရွှေခယ်မြေ)




(၁)

"ဟဲ့ ဟဲ့ အမယ်လေးခင်လှရေ လာပါအုံးဟဲ့"

"ရှင် လာပါပြီ ကြီးမေ"

"ဟိုမှာ အိမ်ကကြောင်မမိရွှေဝါ ငှက်ကလေး တစ်ကောင်ခုပ်သွားတာ လိုက်မောင်းစမ်းပါအေ။ သနားပါတယ် သူ့ဘာသာ အပြင်မှာ အစာရှာနေတာကို ချောင်းပြီး ခုပ်သွားတယ်။ သေလား၊ ရှင်လားမသိဘူး"

"ဟုတ် ဟုတ်"

အိမ်အကူမလေးခင်လှက ကြီးမေစကားကြောင့် ကြောင်မလေးရွှေဝါနောက် အပြေးလိုက်ရတော့တယ်။ တွေ့ပါပြီ စားပွဲခုံအောက်မှာ တခွီးခွီးမာန်ဖီရင်း သူ့အစာဖြစ်တဲ့ငှက်ကလေးကို ခဲထားရင်းမလွှတ်။

"ဟဲ့ ဟဲ့ လွှတ်စမ်း ရှူး။ ချစမ်း ချခဲ့စမ်း"

အနားရှိတဲ့တုတ်နဲ့ မနည်းခြောက်မှ ပါးစပ်ထဲက ငှက်ကို မလွှတ်ချင်၊ လွှတ်ချင်နဲ့ ရွှေဝါမက လွှတ်ချခဲ့တယ်။ ငှက်ကလေးကို ကောက်ယူကြည့်တော့ အသက်မပါတော့။

"ကြီးမေရေ ဒီမှာ။ ငှက်ကလေးတော့သေသွားပြီ"

"သနားစရာဟယ် ဒီကြောင်မတော့။ ဒီလောက် ဝအောင် စားသောက်ကျွေးမွေးနေတဲ့ကြားက သူများအသက်ကို"

ကြီးမေက သွေးစတွေစွန်းပေနေတဲ့ ငှက်ကလေးရဲ့ခေါင်းကို လက်နဲ့ အသာပွတ်ပေးပြီး စိတ်မကောင်းစွာနဲ့-

"သနားစရာကွယ် ကောင်းရာမွန်ရာရောက်ပါစေ။ ခင်လှရေ ရွှေဝါမမြင်အောင် ဝေးဝေးကိုလွှင့်ပစ်လိုက်ကွယ်"

(၂)

"ဟဲ့ အခု လွှတ်ချစမ်း။ လွှတ်စမ်းလို့ပြောနေတယ်လေ။ ခင်လှရေ လာအုံးဟေ့"

ဘုရားရှိခိုးနေတဲ့ကြီးမေဆီက ခေါ်သံကြောင့် တီဗီကြည့်နေတဲ့ ခင်လှ ကြီးမေဆီ အပြေးအလွှား သွားလိုက်တယ်။

"ကြီးမေ ဘာဖြစ်လို့လဲ"

"ဟိုမှာ ရွှေဝါ ရွှေဝါ။ ငါ ဘုရားရှိခိုးနေတုန်း နံရံကနေဆင်းလာပြီး စုတ်ထိုးတဲ့အိမ်မြှောင်ကို ခုပ်သွားတယ် လိုက်အုံး။ အမယ်လေး ဟိုမှာ တဆတ်ဆတ် လှုပ်ပြတ်ကျန်ခဲ့တာ အိမ်မြှောင်အမြီးမဟုတ်လား။ ကောက်လွှင့်ပစ်လိုက်။ မြင်ရတာ ရင်တုန်ပန်းတုန်နိုင်လိုက်တာအေ။ သတ္တဝါတွေများ အကုသိုလ်လဲမသိ၊ ကုသိုလ်လဲမသိ သံသရာတွေရှည်ကုန်ကြတာ။ ဘုရား ဘုရား လုံးစုံများစွာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ။ ဥပဒ်ရန်ဘေးကင်းစင်ဝေး ငြိမ်းအေးကြပါစေ"

ကြီးမေက ပို့လက်စမေတ္တာဘာဝနာကို ဆက်ပို့နေပေမဲ့ ခင်လှတစ်ယောက်ကတော့ ရွှေဝါနောက် အပြေးလိုက်ရတော့တယ်။ မိတာနဲ့ ကုပ်ကကိုင်ပြီး ပါးစပ်ထဲငုံထားတဲ့အိမ်မြှောင်ကိုလွှတ်ချအောင် နှုတ်သီးကို ရိုက်ချလိုက်ရတယ်။ ဖြုတ်ခနဲပြုတ်ကျလာတဲ့အိမ်မြှောင်လေးကတော့ အသက်ဘေးကနေလွတ်သွားပေမဲ့ နာသွားတာကြောင့်လားမသိ သိပ်မလှုပ်နိုင်သေး။

"မိရွှေဝါ နင်တော်တော်မွေတယ်သိလား။ ငါ့မှာ နင့်ကြောင့် ရုပ်ရှင်တောင်ဖြောင့်အောင်မကြည့်ရဘူး ကောင်းခန်းရောက်မှ"

ခင်လှက ရွှေဝါ့ကို မကျေမနပ်ပြောလိုက်မိတယ်။ ဘုရားခန်းဆီက ကြီးမေက-

"ခင်လှရေ ဖမ်းလို့ရရဲ့လား"

"ရတယ်ကြီးမေရေ သေတော့မသေဘူး။ ချက်ချင်းမပြေးနိုင်သေးလို့ ရွှေဝါ့ကို ကိုင်ထားရတယ်"

"အမယ်လေး တော်ပါသေးရဲ့ အသက်တစ်ချောင်း ကယ်လိုက်နိုင်လို့။ ဘုရား ဘုရား တရားနာနေတဲ့ အိမ်မြှောင်သူတော်ကောင်းလေးမသေလို့ တော်သေးရဲ့။ ရွှေဝါမနဲ့တော့ ခက်တယ် ခက်တယ်။ ခင်လှရေ အိမ်မြှောင်လေးကို မထနိုင်သေးရင် ဘေးလွတ်ရာ အမြင့်ပေါ် တင်ထားလိုက်ပါကွယ်"

(၃)

"ဟဲ့ ခင်လှရေ လုပ်ပါအုံးဟ။ မိရွှေဝါပါးစပ်ထဲ လိပ်ပြာတစ်ကောင်ပါသွားတာတွေ့တယ်။ ခြံထဲဆင်းပြီး လိပ်ပြာလေးတွေကိုဆော့ရင်း လိုက်ဖမ်းပြန်ပြီထင်တယ်။ သင်းလေ သူများအသက်နဲ့ပဲ ဆော့လိုက်၊ စားလိုက် လုပ်တယ်။ အကုသိုလ်ယူနေပြန်တယ် မိရွှေဝါရယ်"

"ဟုတ် ကြီးမေရေ သမီး လိုက်ကြည့်လိုက်မယ်"

"သတ္တဝါလေးတွေ သနားပါတယ် ခင်လှရေ။ ကယ်လိုက်လို့ သူတို့လွတ်သွားရင် ညည်းလဲကုသိုလ်ရ၊ ကျုပ်လဲကုသိုလ်ရတယ်ကြားလား။ အသက်တစ်ချောင်း ကယ်ရတဲ့ကုသိုလ်နည်းတာမဟုတ်ဘူး။ သတ္တဝါဆိုတာ သေရမဲ့ဘေးဆို အကုန်ကြောက်ကြတာပဲကွဲ့"

"ဟုတ်ကဲ့ပါကြီးမေရေ"

ကြီးမေလို့ ခင်လှခေါ်သော ဒေါ်ပြုံးမေဟာ အသက် ၇၀ ကျော်အရွယ်ဖြစ်ပြီး လင်ယောကျ်ားကတော့မရှိတော့။ သားတစ်ယောက်တော့ရှိတယ်။ အဲဒီသားကလဲ အလုပ်တွေရ အိမ်ထောင်ကျပြီးအဝေးမှာ။ ကြီးမေကလဲ သားရှိရာမြို့မှာ တိုက်ခန်းတွေနဲ့မနေနိုင် မွန်းကျပ်တယ်။ သေဝဝ နေဝဝ လေကောင်းလေသန့်တစ်ဝရှူပြီး ကိုယ့်နယ်မြို့လေးမှာပဲ နေမယ်၊ သေမယ်လို့ခေါင်းမာစွာ ပြောပြီး လိုက်မနေ။ သားကလဲ နယ်ကအမေ့ဆီပြန်လာလို့လဲမဖြစ် အလုပ်ကတစ်ဖက်နဲ့။ ခင်လှဆိုတာကလဲ အသက် ၁၂ နှစ်လောက်ကတည်းက ရွာကအမျိုးတွေ ကောင်းမှုနဲ့ ကြီးမေဆီရောက်လာတာ။ အခုဆို အသက် ၂၅ နှစ်ထဲမှာ။ ခင်လှက အတန်းပညာမတတ်ထူထူအအလေး။ ကြီးမေဒါခိုင်းရင် ဒါလုပ်ပေးမယ်ဆိုတဲ့အသိလောက်ပဲရှိတယ်။ မိဘတွေက ငယ်စဉ်ကတည်းကမရှိတော့တာကြောင့် ရွာလဲမပြန်တော့ပဲ ကြီးမေရဲ့ လူယုံလူရင်းသဖွယ်ဖြစ်နေတယ်။ ဒါကြောင့်လဲ ကြီးမေက ခင်လှအားကိုးနဲ့ သားဆီလိုက်နေဖို့ စိတ်ကိုမကူး။ သားကလဲ အမေဖြစ်သူကို ခင်လှရှိနေတာကြောင့် စိတ်ချထားပုံရပြီး လိုအပ်တာ မှန်သမျှကိုတော့ အမြဲပံ့ပိုးပေးတယ်။ ရုံးပိတ်ရက်ရှည်ဆိုရင်တော့ သူ့မိသားစုနဲ့အတူ ကားလေးနဲ့မိခင်ဖြစ်သူဆီပြန်လာတတ်တယ်။ ကြီးမေက အသက် ၇၀ ကျော်ဆိုပေမဲ့ ကျန်းမာရေးဒေါင်ဒေါင်မြည်။ ရပ်ကွက်ထဲ သာရေးနာရေးအကုန်သွားတယ်။ နေလာတာကြာနေတဲ့ဇာတိမြို့လေးဖြစ်တာကြောင့် ရပ်ကွက်ထဲ၊ မြို့ထဲ ကြီးမေအသိအကျွမ်းကပေါလှပြီး ဟိုအိမ်ဒီအိမ်လည်စရာကလဲပေါလှတယ်။ ကြီးမေ သားရှိရာ မလိုက်တာကလဲ ကိုယ့်ဇာတိမြို့လေးနဲ့ အဖော်အမွန်တွေကို မစွန့်နိုင်တာကြောင့်လဲပါတယ်။ ခင်လှကိုတော့ ကြီးမေဘယ်သွားသွား လက်စွဲတော်တောင်ဝှေးအဖြစ် အမြဲခေါ်သွားတယ်။

"ခင်လှရေ မနက်ဖြန်တော့ ဈေးသွားကြရအောင်။ ဆွမ်းချိုင့်လဲအလှည့်ကျတယ်။ ဖွယ်ဖွယ်ရာရာလေး ချက်ပြုတ်လှူရမယ်။ ကိုယ်စားချင်တာလေးလဲ ဈေးပတ်ဝယ်ကြရအောင်"

"ဟုတ်ကဲ့ပါကြီးမေ"

(၄)

နောက်နေ့မှာတော့ ခင်လှနဲ့ကြီးမေ ဈေးထွက်ဝယ်ကြတယ်။ မြစ်နားမှာရှိတဲ့မြို့လေးဖြစ်တာမို့လို့ ငါးဈေးတန်းမှာ မြစ်ထဲကရတဲ့ ငါး၊ ပုစွန်တွေ လိုင်လိုင်ပေါတယ်။ ငါးတွေက လတ်သလားမမေးနဲ့။ ငါးသည်တွေအပြောနဲ့ ပြောရမယ်ဆို ရေမြင်ရင်ခုန်ချတဲ့ထိကို လတ်ဆတ်လှတယ်။ ကြီးမေက ဝယ်နေကျ ငါးဆိုင်တစ်ဆိုင်ရှေ့မှာ ရပ်လိုက်ပြီး-

"ငါးပြေမ ဘယ်ဈေးလဲ"

"အသေးက ငွေ ၈၀၀၀၊ အကြီးက တစ်သောင်းခွဲပါအဒေါ်"

ငါးပြေမတွေက ဒန်ဇလုံထဲ ဖလန်းဖလန်း ထနေကြတယ်။

"အသေးက သေးလွန်းတော့ အရိုးများတယ် ဆွမ်းချိုင့်မထည့်ချင်ဘူး။ ငါလဲ မစားတတ်ဘူး။ အကြီး ၅၀ သားလောက်ယူမယ် လျှော့အုံးလေ"

"အဒေါ်ကလဲ ဝယ်နေကျကို ဈေးတင်ထားပါ့မလား။ မသိတဲ့သူတွေကျနေတာပဲ။ ကျွန်မဆိုင်က ဘယ်တုန်းက ဈေးကြီးဖူးလို့လဲ။ အလေးချိန်ခွင်အပြည့် ဘယ်နေရာပြန်ချိန်ချိန် တစ်ကျပ်သားမလျော့စေရဘူး"

"အင်း ညည်းငါးတွေကလဲ ကိုင်ပြီးသားမရှိဘူးနော်။ အကုန် ဖလန်းဖလန်းထနေတာပဲ"

"အမယ်လေး အဒေါ်ရယ် သိတဲ့အတိုင်းလေ။ ငါးပြေမက ဖလန်း ဖလန်းထမှချိုတာ၊ လူကြိုက်တာ။ ကြိုပြီးကိုင်ထားရင် မလတ်ဘူးထင်ပြီး လူမကြိုက်ကြဘူးလေ။ အဒေါ် ဘယ်လောက်သားယူမှာလဲ ကျွန်မလုပ်ပေးမယ်လေ"

"၅၀ သားယူမယ် အကောင်ကြီးတာလေးနော်"

ပြောနေတုန်းရှိသေး ငါးသည်က ဇလုံထဲကငါးကို ကျွမ်းကျင်စွာနဲ့ ထုတ်ယူလိုက်တယ်။ တဖျပ်ဖျပ်လူးနေသောငါးကို ပိဿာလေးနဲ့ နှစ်ချက်စီလောက် ကောက်ထုပြီး ဗန်းထဲပုံထားလိုက်တာတွေ့ရတယ်။

"ဟဲ့ အကောင်ကြီးတာလေးတွေတော့ ရွေးအုံးအေ။ ညည်းဟာက သေးတာ ရွေးထုနေတယ်"

"မသေးပါဘူးအဒေါ်ရယ် ကြီးပါတယ်။ ဒီအနေတွေပါပဲ"

"ဟိုအနောက်ဘက်က ဇလုံထဲကအကောင်တွေက ပိုကြီးသလိုပဲ အဲဒီဇလုံထဲကယူမယ်။ ဈေးအတူတူပဲမဟုတ်လား"

"ရှင်နေတော့ ဆူးတောင်ကားနေလို့ ကြီးတယ်ထင်ရတာပါအဒေါ်ရဲ့။ ထုလိုက်ရင် ဆူးကမကားနိုင်တော့ သေးသလို ထင်ရတာ။ အဒေါ့်စိတ်ထင်လို့ပါ အတူတူပါပဲ"

"အမယ်လေးအေ။ ငါ ၁၄ နှစ်သမီးလောက်ကတည်းက ဒီငါးဈေးတန်းမှာ ဝယ်လာတဲ့သူပါဟဲ့။ ဒီလောက်တော့ကြည့်တတ်တယ်အေ့"

ငါးသည်လဲ ကြီးမေကိုဘာမှပြန်မပြောနိုင်တော့ပဲ ကြီးမေ လက်ညှိုးထိုးပြတဲ့ဇလုံထဲက အကောင်တွေကိုယူပြီး ထုပေးနေတယ်။ ကြီးမေက ထုပြီး ဗန်းထဲပစ်ချထားတဲ့ငါးတွေကို အထက်အောက်သေချာလှန်ကြည့်ပြီး-

"ညည်းငါးက သေပါတယ်နော်။ အိမ်ရောက်မှ ဖလတ် ဖလတ် ထခုန်ရင် ခက်မယ်။ ငါတို့က လုပ်ရဲကိုင်ရဲတာ မဟုတ်ဘူး"

"စိတ်ချအဒေါ် ကျွန်မသေချာလုပ်ထားပြီးသား။ တစ်ခါတည်းကိုင်ပေးရမလား"

"နေ နေ မကိုင်ပေးနဲ့။ အလေးကပြန်ချိန်မှာမို့လို့ မလျော့စေနဲ့နော်"

တစ်ခါတည်းကိုင်ပေးရင် တာဝန်ငြိမ်းပေမဲ့ ပြန်ချိန်လို့လျော့ရင် ပြောမရတော့။ ဈေးသည်တွေကလဲမကိုင်ဘူး ပြန်ချိန်မယ်ဆိုရင် အဆစ်ဆိုပြီး တစ်ကောင်၊ နှစ်ကောင်စထည့်ပေးတတ်ကြပေမဲ့ တစ်ခါတည်းကိုင်ခိုင်းပါက အဆစ်မရ။ ဒီအထာသိနေတဲ့ ကြီးမေက ဟင်းစားကို ဈေးမှာဘယ်တော့မှမကိုင်။ ဝယ်ပြီးတာနဲ့ စည်ပင်က ဖွင့်ပေးထားတဲ့ သမာဓိချိန်ခွင်မှာ အမြဲပြန်ချိန်တတ်တယ်။

"ဒီအတိုင်းပဲချိန်လိုက်။ ပြည့်ပါစေနော် တစ်ခေါက်ပြန်မလာချင်ဘူး"

"ဈေးလာတိုင်း ကျွန်မဆီဝယ်နေကျဖောက်သည်ကို မလုပ်ပါဘူးစိတ်ချ။ ဒီမှာ ငါးဆယ်သား အဒေါ်ဇောက်ထိုးကြီးနော်"

စာမျက်နှာ ၂၅သို့ ➤

# ကသာခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးစပါး ၈၅၇၆၆ ဧက ရိတ်သိမ်းပြီးစီး



**ကသာ ဇန်နဝါရီ ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးစပါး ၈၅၇၆၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြ၍ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါး ၁၇၃၆၀၈ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် ဇွန်လမှ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၁၇၃၆၁၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ကသာခရိုင်တွင် ၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများကို ဒီဇင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၈၅၇၆၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပျမ်းမျှ ၈၁ ဒသမ ၃၆ တင်း ထွက်ရှိကြောင်း သိရသည်။

"ကသာခရိုင်အတွင်း မိုးသီးနှံစိုက်ပျိုးရာသီမှာ မိုးစပါး ၁၇၃၆၀၈ ဧက စိုက်ပျိုးဖို့လျာထားတယ်။ ဒါပေမဲ့ မိုးစပါး ၁၇၃၆၁၅ ဧက စိုက်ပျိုးနိုင်ခဲ့တယ်။ မိုးစပါးစိုက်ပျိုးမှုကတော့ လျာထားချက်ထက် ပိုမိုစိုက်နိုင်ခဲ့တယ်။ လက်ရှိအချိန်မှာ မိုးစပါးဧက ၈၀၀၀၀ ကျော်လောက် ရိတ်သိမ်းပြီးနေပြီ။ ကျန်ဧကတွေလဲ ဆက်လက်ရိတ်သိမ်းနေကြတယ်" ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ကသာခရိုင်အတွင်း မိုးစပါးဧက ရိတ်သိမ်းပြီးစီးမှုအနေဖြင့် ကသာမြို့နယ်တွင် ၁၂၇၇၁ ဧက၊ အင်းတော်မြို့နယ်တွင် ၂၃၅၀၅ ဧက၊ ထီးချိုင့်မြို့နယ်တွင် ဧက ၂၂၄၁၀၊ ဝန်းမောက်မြို့နယ်တွင် ဧက ၂၇၀၈၀ တို့ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

၂၀၂၂ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက မိုးစပါးစိုက်ပျိုးရာမှာလည်း အချိန်မီ စိုက်ပျိုးရန်၊ အထွက်နှုန်းကောင်းသည့်မျိုးများ စိုက်ပျိုးရန်၊ စိုက်ပျိုးစနစ်များ မှန်ကန်စေရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)

# သဲကုန်းမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သဲကုန်း ဇန်နဝါရီ ၁၂**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ရွာတောင်ကုန်းကျေးရွာနှင့် ပြကြီးကျေးရွာတို့၌ နေကြာစိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားရှိမှု အခြေအနေများနှင့် စီမံကိန်းဆိုင်ရာညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ရွာတောင်ကုန်းကျေးရွာ၌ နေကြာစိုက်ဧက ၅၀ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦးကို ငွေကျပ်သိန်း ၂၀၀ နှင့် ပြကြီးကျေးရွာ၌ နေကြာစိုက်ဧက ၅၀ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၅၀ ကို ငွေကျပ်သိန်း ၂၀၀ ထုတ်ချေးထားပြီး ဆီထွက်သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးက ပြောပြ၍ သိရသည်။

**သုတ**

➤ စာမျက်နှာ ၂၄မှအဆက်

ငါးသည်ဆီက ငါးထုပ်ကိုယူလာပြီး သမာဓိချိန်ခွင်မှာပြန်ချိန်ကြည့်ရသေးတယ်။ ဇောက်ထိုးကြီးပေးလိုက်လို့ပဲ။ ၅၀ သားကို တစ်ကျပ်သားမစွန်းစေရအောင် လက်မှန်းကတော်လှတယ်။ လူအတွက် ဟင်းစားဝယ်ပြီးကြောင်အတွက် ငါးပေါက်စလေးတွေ ဝယ်ရသေးတယ်။ ပြီးတာနဲ့ ဟင်းသီးဟင်းရွက်အတန်းပတ်ပြီး ငါးပြေမနဲ့တွဲချက်ဖို့ ကိုင်းခရမ်းချဉ်သီးနဲ့ နံနံပင်ဝယ်လိုက်တယ်။ စားချင်တာတွေ၊ လိုအပ်တာတွေ စိတ်တိုင်းကျ ဝယ်ခြမ်းပြီးတဲ့နောက် ဆိုက်ကားငှားပြီး အိမ်ပြန်လာခဲ့ကြတယ်။ အိမ်တံခါးဖွင့်လိုက်တာနဲ့-

"ညောင် ညောင် ညောင်"

ရွှေဝါမက ကြီးမေခြေထောက်ကို ခေါင်းထိုးပွတ်ပြီး တညောင်ညောင်နဲ့ ဆီးကြိုနှုတ်ဆက်တော့တယ်။

"အေး အေး သမီးအတွက်လဲ ငါးပေါက်စလေးတွေပါတယ်။ လိမ်လိမ်မာမာနေနော်သမီး"

ကြီးမေက သူ့အချစ်တော်ကြောင်မလေးကို စကားပြောပြီး မောပန်းလာတာကြောင့် အဝတ်အစားလဲ ပက်လက်ကုလားထိုင်ပေါ် ပုတီးလေးစိပ်ရင်း အနားယူနေလိုက်တယ်။ ခင်လှကတော့ ပါလာတဲ့ ဟင်းစားကိုင်ပြီး ချက်ဖို့ပြင်ဆင်နေရတယ်။ ဟင်းအိုးတည်ပြီး တစ်အောင့်အကြာမှာတော့-

"ဝုန်း"

"ဂလွမ်း"

"ဒုန်း"

ကြားလိုက်ရတဲ့အသံတွေကြောင့် ဟင်းအိုးတည်နေရာကနေ အသံကြားရာဆီသို့ ခင်လှတစ်ယောက်အပြေးအလွှားသွားကြည့်မိတော့ ကြီးမေထိုင်နေတဲ့ မလှမ်းမကမ်းက ကော်ဖီဖျော်၊ မုန့်တင်တဲ့ သုံးထပ်စင်အောက်မှာ ခွက်တွေ၊ မုန့်ဘူးတွေပြုတ်ကျပြန့်ကျဲနေတယ်။ ရွှေဝါမကတော့ အပေါ်ဆုံးထပ်မှာ ကားရားကြီးခွပြီး မာန်ဖီနေတာကို အနောက်ဘက်ကနေမြင်လိုက်ရတာကြောင့်-

"ကြီးမေ ဘာဖြစ်တာလဲ ရွှေဝါ ဘာခုပ်ပြန်ပြီလဲ"

ကြီးမေက ပက်လက်ကုလားထိုင်မှာ ပုတီးစိပ်နေရင်း အားနေတဲ့ လက်တစ်ဖက်ကိုမြှောက်ပြီး ဘာမှမဟုတ်ဘူးဆိုတဲ့သဘောနဲ့အသာကာပြလိုက်တယ်။ ပြီးတော့မှ ခပ်တိုးတိုးလေသံနဲ့-

"ကြွက်ခုပ်တာ ခင်လှရေ ကြွက်။ ကြောင်ရှိနေတာတောင် အတင့်ရဲပြီး ခုံပေါ်ကမုန့်ထုပ်ကို လာဆွဲတဲ့ကြွက်ကို ရွှေဝါခုပ်လိုက်တာ"

စင်ပေါ်မှာတော့ ရွှေဝါက ကြွက်ကိုပါးစပ်ထဲ ခဲထားပုံရပြီး လည်ချောင်းသံနဲ့ တခွီးခွီးမာန်ဖီနေတယ်။ ကြွက်ကလဲ ချက်ကောင်းကိုမခုပ်မိတာကြောင့် ရွှေဝါ့ပါးစပ်ထဲကနေ တကျွိကျွိအော်သံကထွက်နေတယ်။ ကြီးမေဆီက ဘာသံမှမကြားတာကြောင့် ခင်လှ ဘာလုပ်လို့လုပ်ရမှန်းမသိပဲ ကြောင်ပြီးရပ်နေမိတယ်။ တစ်အောင့်အကြာမှာတော့ ကြီးမေဆီကနေ-

"သွားလေ ဟင်းချက်နေတာမလား ဆွမ်းချိုင့်အမီ လုပ်စရာရှိတာသွားလုပ်ချေ"

ခင်လှကိုလှမ်းပြောပြီး မျက်လုံးစုံမှိတ် လက်ထဲက ပုတီးကိုပြန်စိပ်ရင်း ကြီးမေတီးတိုးရွတ်ဆိုလိုက်တာက-

"အင်း သဗ္ဗေသတ္တာ ကမ္မသကာပဲပေါ့ကွယ်"

ခင်လှတစ်ယောက် ကြီးမေအနားကနေ ဟင်းအိုးတည်ထားရာ မီးဖိုချောင်သို့ပြန်လာပြီး ငါးပြေမဟင်းအိုးအဖုံးကို ဖွင့်ကြည့်လိုက်တယ်။ မီးအရှိန်ကောင်းတာကြောင့် ဟင်းအိုးထဲကငါးပြေမတွေက အပြင်ကို ခုန်ထွက်မတတ် ပွက်ပွက်ထဆူနေပြီ။ ဘာအဓိပ္ပာယ်လဲမသိပေမဲ့ စောစောက ကြီးမေရေရွတ်လိုက်တဲ့ အသံကိုပြန်ကြားမိပြီး ခင်လှတစ်ယောက် ကြီးမေလို တိုးတိုးလေးလိုက်ရွတ်ကြည့်လိုက်မိတယ်။

"အင်း သဗ္ဗေသတ္တာ ကမ္မသကာပဲပေါ့ကွယ်"

## မေတ္တာဖြန့်ဝေ လောကမြေ

\- လူသားတွေ နှလုံးသား
အမုန်းတရား ကင်းကွာစေ၊
လောကကို အကျိုးပြု
ကောင်းမှုများဝေ၊
မေတ္တာစေတ် ဖြန့်ကြက်လေ
သောကတွေ ပယ်ရှင်း၊
စိတ်ဖြူစင် ကူညီပေးကွယ်
အေးမြမည်သတင်း။

\- စေတနာ မေတ္တာထား
အသိတရား ဖြောင့်မတ်မှန်၊
စွမ်းနိုင်ရာ ပါဝင်ထမ်း
ကြိုးပမ်းစေရန်၊
ဘဝအလှ အမြဲမွှမ်းမံ
အသိဉာဏ် ကောင်းစေရေး၊
ကိုယ်ပြုသော် ကိုယ်ကောင်းကျိုးကို
နိုးကြားမည်လေး။

\- အများကို မေတ္တာပေး
အမြဲနွေးထွေး ပြုံးပန်းဝေ၊
မင်္ဂလာ မေတ္တာနှလုံး
သီကုံးပန်စေ၊
စာနာစိတ် ထားစို့လေ
ဘဝအခြေ တိုးတက်ဖို့၊
လူဖြစ်ချိန် တန်ဖိုးတက်အောင်
ဆောင်ရွက်ကြစို့။ ။

**ဖြိုးထက်(ရေစကြို)**

# စလင်းမြို့နယ် ကံပြားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း ဇန်နဝါရီ ၁၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကံပြားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေ အဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်၊ စီမံကိန်းလုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်၊ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းမြတ်ကြူက ချေးငွေရယူသူ အသင်းသားများကို အဋ္ဌမအကြိမ်အဖြစ် အရင်းမပျောက်မတည်လည်ပတ်ရန်ပုံငွေကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးပြီး အရင်းဆပ်ကာလမှာ ၁၂ လဖြစ်ကြောင်း၊ အရင်းအတိုးငွေများကို သတ်မှတ်ရက်ထက်နောက်မကျစေဘဲ ဘဏ်သို့ အချိန်မီပေးသွင်းရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက စီမံကိန်းရန်ပုံငွေကျပ် ၃၈ ဒသမ ၂ သန်းကို ကျေးရွာကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များက အဋ္ဌမအကြိမ်အဖြစ် ကံပြားကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်ကြသော တောင်သူ ၂၁၈ ဦးကို ငွေကျပ် ၃၈ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းသန်းရီ**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# မြန်မာ့နယ်စပ်ကုန်သွယ်ရေးစခန်းများက ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာလကုန်ထိ ကုန်သွယ်မှုပမာဏအမေရိကန်ဒေါ်လာ ၆၀၄၄ ဒသမ ၉၅၃ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့



**နေပြည်တော် ဇန်နဝါရီ ၁၂**

မြန်မာ့နယ်စပ်ကုန်သွယ်ရေးစခန်းများက ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာလကုန်ထိ ကုန်သွယ်မှုပမာဏအမေရိကန်ဒေါ်လာ ၆၀၄၄ ဒသမ ၉၅၃ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသတင်းများအရ သိရသည်။

မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများဖွင့်လှစ်ကာ ကုန်သွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ကုန်သွယ်မှုပမာဏအမေရိကန်ဒေါ်လာ ၆၀၄၄ ဒသမ ၉၅၃ သန်းဖိုး ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပို့ကုန်အမေရိကန်ဒေါ်လာ ၄၄၀၁ သန်းဖိုး၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၁၆၄၃ ဒသမ ၉၅၃ သန်းဖိုး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါကာလအတွင်း မြန်မာ့နယ်စပ်ကုန်သွယ်ရေးစခန်းများက ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၂၇၅၇ ဒသမ ၀၄၇ သန်းဖိုးရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါကာလအတွင်း ထီးခီးနယ်စပ်ကုန်သွယ်ရေးစခန်းက ပို့ကုန်အမေရိကန်ဒေါ်လာ ၁၈၈၂ ဒသမ ၅၇၅ သန်းဖိုး၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၇၃ ဒသမ ၅၇၉သန်းဖိုး စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၉၅၆ ဒသမ ၁၅၄ သန်းဖိုးဖြင့် ကုန်သွယ်မှုပမာဏ အများဆုံး ဆောင်ရွက်နိုင်ခဲ့ပြီး မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်က ပို့ကုန်အမေရိကန်ဒေါ်လာ ၁၄၅၀ ဒသမ ၀၃၂ သန်းဖိုး၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၁၉၂ ဒသမ ၉၉၆ သန်းဖိုး စုစုပေါင်းကုန်သွယ်မှုပမာဏအမေရိကန်ဒေါ်လာ ၁၆၄၃ ဒသမ ၀၂၈ သန်းဖိုးဖြင့် ကုန်သွယ်မှုပမာဏ ဒုတိယအများဆုံးဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ထို့အတူ မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်အနေဖြင့်လည်း ပို့ကုန်အမေရိကန်ဒေါ်လာ ၅၅၀ ဒသမ ၁၄၆ သန်းဖိုး၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၁၀၃၄ ဒသမ ၀၉၇ သန်းဖိုး စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁၅၈၄ ဒသမ ၂၄၃ သန်းဖိုးဖြင့် ကုန်သွယ်မှုပမာဏတတိယအများဆုံးဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

SKL

# ပြင်ဦးလွင်မြို့နယ် နောင်ဝယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပြင်ဦးလွင် ဇန်နဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ နောင်ဝယ်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ တတိယအကြိမ်ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာညိုက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြင်ဦးလွင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထိုက်က မြစိမ်းရောင်ကျေးရွာစီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက နောင်ဝယ်ကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၅၃ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက နောင်ဝယ်ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း ၅၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၅၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာညို၊ ပြင်ဦးလွင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထိုက်နှင့် တာဝန်ခံဝန်ထမ်းများ၊ နောင်ဝယ်ကျေးရွာမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အေးသူ**

# မြန်မာငါးများအကြောင်း တစေ့တစောင်း (ငါးကြင်းဖြူ)

**မန်းတင့်မော်**

မြန်မာငါးများဟုဆိုလိုက်လျှင် မြန်မာနိုင်ငံအတွင်းရှိ ရေချို မြစ်၊ ချောင်း၊ အင်း၊ အိုင်များအတွင်း ပေါက်ဖွားရှင်သန်သော ငါးများ၊ ဌာနေ(ဒေသရင်း) ငါးများ၊ အခြားနိုင်ငံများမှ မွေးမြူရန်သယ်ဆောင်လာသောငါးများ၊ တစ်ခါတစ်ရံ အိမ်နီးချင်းနိုင်ငံများမှ မြန်မာနိုင်ငံအတွင်း ဖြတ်သန်းစီးဆင်းသော မြစ်များအတွင်းသို့ ရောက်ရှိနယ်ကျွံလာသော ညှော်သည်ငါးများ အားလုံး အကျုံးဝင်လျက်ရှိပါသည်။ နိုင်ငံများစွာ ဖြတ်သန်းလာသော မဲခေါင်မြစ်နှင့် သံလွင်မြစ်တို့တွင် မြန်မာ့ဒေသခံ ငါးမဟုတ်သော ညှော်သည်ငါးများ မကြာခဏ ဖမ်းဆီးရမိသော သတင်းများလည်းရှိပါသည်။ ရေချို၊ ရေငန်စပ် ဒေသများတွင် နေထိုင်သော မြန်မာငါးများကလည်း ရှိသေးသည်။ မြန်မာနိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းနှင့် ရေပိုင်နက်မှာ ရှည်လျားကျယ်ဝန်းသည်။ ထိုဧရိယာအတွင်း ရှင်သန်ကျက်စား ပေါက်ဖွားလျက်ရှိသော ပင်လယ်ငါးများကလည်း မြန်မာ့ရေငန်ငါးများတွင် စာရင်းပေါက်ငါးများဟု မှတ်ယူရပါမည်။

မြန်မာ့ရေချိုငါးစာရင်းဝင် ငါးကြင်းကို လူတိုင်းသိကြပါသည်။ ငါးကြင်းငါးသိုင်းဟူ၍လည်း ယှဉ်တွဲခေါ်လေ့ရှိသည်။ ငါးကြင်းမျိုးကွဲများဖြစ်သော ငါးကြင်းမျက်ဆန်နီ၊ မြက်စားငါးကြင်း၊ ရွှေဝါငါးကြင်း၊ ငါးအုံတုံ၊ ငါးသိုင်းခေါင်းပွတို့နှင့် မျိုးနွယ်တော်စပ်သည်။ ငါးကြင်းမျိုးများတွင် ငါးကြင်းဖြူကို အများသိအင်္ဂလိပ်အမည်ကလည်း White carp ဟု မှည့်ခေါ်ထားသည်။

မျိုးခွဲရာတွင် ငါးကြင်းဖြူကို မျိုးစဉ် Cypriniformes ၌ ထည့်သွင်းထား၍ မျိုးရင်း Cyprinidae အောက်တွင်တည်ရှိသည်။ ငါးကြင်းဖြူကို ၁၈၂၂ ခုနှစ်ကတည်းက ငါးမျိုးခွဲပညာရှင် ဟယ်လမင်တန် (Hamilton)က ပင်လယ်ငါးများအပါအဝင် အပူပိုင်းအာရှရေချိုငါးမျိုးစုံကို မျိုးခွဲ၍ အမည်ပေးခဲ့သည်။ ငါးကြင်းဖြူ၏ သိပ္ပံအမည်မှာ Cirrhinus mrigala ဖြစ်သည်။ ငါးကြင်းဖြူ၏ မူရင်းဇာတိဒေသမှာ အိန္ဒိယမြောက်ပိုင်း အပူပိုင်းဒေသဖြစ်ကြောင်းသိရသည်။ ကမ္ဘာပေါ်တွင် တရုတ်နိုင်ငံမှ စတင်ခဲ့သော ငါးမွေးမြူရေးလုပ်ငန်းက အခြားကမ္ဘာ့နိုင်ငံများသို့ ပျံ့နှံ့လာခဲ့ရာ ငါးကြင်းမွေးမြူရေးလုပ်ငန်းကို ၁၆ ရာစုနှစ် အစောပိုင်းတွင် အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့တွင် စတင်စမ်းသပ်မွေးမြူခဲ့ကြောင်း ငါးလုပ်ငန်းသမိုင်းက မှတ်တမ်းပြုထားသည်။ မြန်မာနိုင်ငံ၏ ငါးကြင်းမွေးမြူခြင်းလုပ်ငန်းကို ၁၉၅၀ ပြည့်နှစ်ခန့်ရောက်မှ စတင်နိုင်ခဲ့ကြောင်း မှတ်သားမိသည်။

ငါးကြင်းဖြူကို ရုတ်တရက်ကြည့်လျှင် ငါးမြစ်ချင်းနှင့် ပုံသဏ္ဌာန်တူသယောင်ရှိသော်လည်း ငါးကြင်း၏ ပါးစပ်ကပို၍ကျယ်ပြီး နှုတ်ခမ်းပါးလွှာသည်။ ငါးကြင်းဖြူ၏မေးအောက်တွင် အဖုငယ်ထင်ရှားစွာပါရှိပြီး ငါးမြစ်ချင်းတွင် မပါရှိပါ။ နှုတ်ခမ်းတွင် သေးငယ်သော အာရုံခံနိုင်သည့် အမျှင်ငယ်နှစ်ခုပါရှိသည်။ အကြေးခွံများမှာ ကြီးမား၍ စက်ဝိုင်းပတ်ပုံ Cycloid အမျိုးအစားဖြစ်သည်။ ငါးကြင်းဖြူ၏ ခန္ဓာကိုယ်ဘေးတစ်ဖက်တစ်ချက်တွင် ရေထဲ၌ ဟန်ချက်ထိန်း အင်္ဂါအဖြစ်အသုံးပြုနိုင်သော ဘေးကြောင်းပွန်စနစ် ပါဝင်၍ ပြင်ပတွင် အစက်အပြောက်တန်းသဖွယ် တွေ့နိုင်သည်။ ဦးခေါင်းမှ အမြီးရင်းထိ ဘေးကြောင်းအကြေးခွံ ၄၀ မှ ၄၅ ထိရှိသည်။

ငါးကြင်းဖြူ၏ ဦးခေါင်းမှာ သိသာစွာကြီးမားခြင်း မရှိဘဲ ခန္ဓာကိုယ်နှင့်တစ်ပြေးတည်း အချိုးညီသည်။ ခန္ဓာကိုယ် ရှည်လျားသွယ်လျသည်။ အမြီးခက်ရင်းခွပုံ ထင်ရှား၍ ခွစောက်နက်သည်။ ခန္ဓာကိုယ်အရောင်မှာ ငွေရောင် ခပ်မှိုင်းမှိုင်းဖြစ်သည်။ ကျောဘက်တွင် အနည်းငယ် အနီရောင်သန်းလျက်ရှိသည်။ ရင်ပိုင်းရေယက်တစ်စုံ၊ တင်ရေယက်တစ်စုံ၊ စအိုရေယက်နှင့် ထင်ရှားသော ကျောဘက်ရေယက် တစ်ခုပါဝင်သည်။ ရေယက်တောင်များကို ရေယက်တန်းများဖြင့် ထောက်ပင့်ထားသည်။



ငါးကြင်းဖြူတို့ ကျက်စားရာနေရာမှာ ရေအနက်ပိုင်းအောက်လွှာဖြစ်၍ ၎င်းအပိုင်းရှိ ပုပ်သိုးဆွေးမြည့်နေသော အပင်၏ အပိုင်းအစများကို စားသုံးသည်။ နှစ်နှစ်သားအရွယ်တွင် အရွယ်ရောက်ကြသည်။ အရွယ်ရောက်ငါးကြင်းဖြူ၏ ပါးစပ်အပေါ် နှုတ်ခမ်းတွင် အဖုငယ်များ ပေါ်လာလေ့ရှိသည်။ မျိုးပွားရာသီတွင် ငါးကြင်းဖြူအထီးက အမထက်စောစွာ အရွယ်ရောက်သည်။ အထီး၏ ရေယက်တောင်များ ကြမ်းတမ်းလာသည်။ စအိုကိုညှစ်ကြည့်လျှင် အဖိုမျိုးရည်များ (နို့နှစ်ရောင်) ထွက်ရှိလာတတ်သည်။ ငါးကြင်းဖြူအမများ အရွယ်ရောက်လျှင် ဝမ်းဗိုက်ဖောင်းလာ၍ စအိုဝညှစ်ကြည့်လျှင် ဥငယ်များထွက်လာတတ်သည်။

ငါးကြင်းများ မိတ်လိုက်ရာတွင် အခြားငါးများနှင့် ကွဲပြားသည်။ ဥချမည့်နေရာကို သေချာစွာရွေးချယ်တတ်သည်။ ရာသီဥတုအပေါ်မူတည်၍ မအေးလွန်း မပူလွန်းသော အနေအထားထိ စောင့်ဆိုင်းလေ့ရှိသည်။ ငါးအမဥချလျှင် ငါးအထီးက မျိုးရည်များကို ဥများပေါ်သို့ ဖျန်းပက်၍ မျိုးအောင်စေသည်။ အမဥချသောဥငယ်များ ရေပေါ်သို့ ပေါ်လေ့မရှိဘဲ ရေမျက်နှာပြင်အောက် ခြောက်လက်မ၊ ခုနစ်လက်မခန့် ရေအနက်တွင်တည်ရှိလျက် မျောနေတတ်သည်။ ဥချမျိုးအောင်ပြီး ၁၆ နာရီမှ ၂၂ နာရီအတွင်း ငါးမှုန်လေးများ စတင်ပေါက်လာလေ့ရှိသည်။ ပေါက်ခါစတွင် အလွန်သေးငယ်၍ ပတ်ဝန်းကျင်အပူချိန်နှင့် ရေအနေအထားပေါ်မူတည်၍ အသေအပျောက်လည်း များတတ်သည်။ အခြားအသားစားငါးများ၏ ဖမ်းယူစားသောက်ခြင်းကိုလည်း ခံရတတ်သည်။ ငါးသားပေါက်လေးများက ရေညှိရေမှော်ပင်ငယ်များကို စားသုံးကြီးထွားလာသည်။ ငါးကြင်းအရွယ်အစားပေါ်မူတည်၍ ငါးမွေးမြူသူများက ငါးကြင်းပွတ်စု၊ ငါးကြင်းချွန်၊ ငါးကြင်းစောက်၊ ငါးကြင်းမားနှင့် ငါးကြင်းပေါက်ဟူ၍ အမျိုးမျိုးခေါ်ဝေါ်လေ့ရှိကြသည်။ ငါးကြင်းတို့ နှစ်စဉ် ဖေဖော်ဝါရီလနှင့် မတ်လတို့တွင် မြစ်ညာသို့ ဆန်တက်လေ့ရှိသည်။ ဩဂုတ်လတွင် သားပေါက်၍ သားပေါက်များနှင့်အတူ မြစ်အောက်ပိုင်းသို့ပြန်၍ စုန်လာလေ့လည်းရှိသည်။

ငါးကြင်းဖြူတို့တွင် အာဟာရတန်ဖိုးများအနေဖြင့် ကယ်လ်စီယမ်(ထုံးဓာတ်)၊ သံဓာတ်၊ ပရိုတင်း(အသားဓာတ်)၊ အဆီနှင့် လူတို့အတွက် ကျန်းမာရေးကိုအထူးအထောက်အကူပြုသော အိုမီဂါသရီးဓာတ်များ ပါရှိသည်။ ငါးများတွင် ပါဝင်သောပရိုတင်းက တန်ဖိုးမြင့်ပရိုတင်းဖြစ်သည်။ ငါးကြင်းဖြူတွင် အဆီဓာတ်ပါဝင်မှုကလည်း ရာနှုန်းများသည်။ ၎င်းအချက်ကိုမြန်မာတို့က "ငါးကြင်းဆီနှင့်ငါးကြင်းကြော်"ဟူ၍လည်း စကားပုံခိုင်းနှိုင်းလေ့ရှိသည်။ ငါးကြင်းဖြူသည် နိုင်ငံတကာ ငါးဈေးကွက်တွင် တန်ဖိုးမြင့်ရေထွက်ကုန်ဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း ခေတ်အဆက်ဆက် ငါးကြင်း၏ တန်ဖိုးကြီးမားပုံကို "ပိုက်ဆံနှစ်ပြားတည်းနှင့် ငါးကြင်းခေါင်းမကိုင်နှင့်" ဟူ၍ ဆိုဆုံးမလေ့လည်းရှိပါသည်။

ငါးကြင်း၏ ဆေးဖက်ဝင်ပုံကို ယောအတွင်းဝန် ဦးဘိုးလှိုင်၏ "ဥတုဘောဇနသင်္ဂဟကျမ်း"တွင် ငါးကြင်း။ ။ နီသောဝမ်းဗိုက်၊ ခံတွင်း၊ မျက်လုံး၊ ရေယက်ရှိသော၊ ညိုသောနက်သော အမြီးရှိသော ငါးသည် ရောဟိတမည်၏။ (ငါးကြင်းဆိုလိုသည်)။ ငါးကြင်းသည် ငါးတကာတို့တွင် အမြတ်ဆုံးဖြစ်၏။ ဆိမ့်၏။ စဉ်းငယ်ဖန်၏။ လေကိုနိုင်၏။ သုက်ကိုပွားစေတတ်၏။ သည်းခြေကို စဉ်းငယ်ပျက်စေတတ်၏။ ခံတွင်း၊ မျက်လုံးရဲ့သော လေနာကိုနိုင်၏။ ငါးကြင်းခေါင်းသည် ဒူးအထက်၌ဖြစ်သော အနာကိုနိုင်သည်။

ငါးကြင်းတစ်မျိုး။ ။ ကျောရိုးညိုသော ဝမ်းဖြူသော ခံတွင်းလုံးလျောင်းသော သဏ္ဌာန်ရှိသော ငါးသည် ရောဟိတမည်၏။ (ငါးကြင်းဆိုလိုသည်)။ ထိုငါးကြင်းသားသည် စဉ်းငယ်ပူ၏။ အားကိုဖြစ်စေတတ်၏။ ဆူ၏။ လေကိုနိုင်၏။ သုက်ကိုပွားစေတတ်၏။ ဤငါးကြင်းနှစ်မျိုးစလုံးကိုပင် လောက၌သုံးဆောင်စားသောက်ကြကုန်၏ဟု ဖော်ပြခဲ့ပါသည်။

အရှင်နာဂသိန်၏ ပုံပြဆေးအဘိဓာန်တွင် ငါးကြင်းဆိုင်ရာ ဖော်ပြချက်များစွာပါရှိသည်။ အကျဉ်းအားဖြင့် ငါးကြင်း၏ ဂုဏ်သတ္တိနှင့် အကျိုးအာနိသင်မှာ အထက်တွင်ဖော်ပြပြီးသော ဥတုဘောဇနသင်္ဂဟကျမ်းနှင့် ဆင်တူသည်။ သိမှတ်ဖွယ်အချက်များအနေဖြင့် ငါးကြင်းဟူသောအမည်သည် မြန်မာ့ဝေါဟာရသက်သက်ဖြစ်သည်။ မာဂဓဘာသာစကားဖြင့် ရောဟိတဖြစ်သည်။ ငါးကြင်းကို ပဥ္စဘုတ်နည်းအရ ဓာတ်ခွဲသော် ပထဝီဦးဆောင်သော ဓာတ်ငါးမျိုးစလုံး အချိုးကျပါဝင်နေ၏။ ငါးကြင်းသည် ငါးသိုင်းမျိုးတွင် ပါဝင်သော ငါးမျိုးဖြစ်၍ ရေချို၊ ရေငန်နှစ်ရပ်စလုံး၌ ကျက်စားနိုင်သည်။ အဆီများသော ငါးမျိုးဖြစ်၏ဟု မှတ်တမ်းတင်ခဲ့ပါသည်။ ငါးကြင်းဆိုင်ရာ ဆေးအသုံးများတွင် သွေးရောဂါ၊ ပန်းသေရောဂါ၊ သူငယ်ခြေလက်သေရောဂါ၊ သူငယ်နှေ့ညမစဲပူသောရောဂါနှင့် ကျောက်အရည်တည်ရောဂါတို့အတွက် အသုံးပြုကြောင်းလည်းသိရသည်။ သတိပြုဖွယ်အချက်မှာ ငါးကြင်းသားကို အမဲရွှတ်နှင့် တွဲဖက်မစားရခြင်းဖြစ်ပါသည်။

ရှေးအခါက သဘာဝမြစ်ချောင်း ငါးကြင်းများသာရှိပြီး မွေးမြူခြင်းမရှိကြသေးပေ။ မြန်မာရှေးကျေးလက်ကဗျာတစ်ပုဒ်တွင် "ကင်ငါးကြင်းငယ်နှင့်၊ ဂုံမင်းတဲ့ရောရာ၊ ပြီးပြောက်ကယ်ဖြာ၊ နွယ်ကျီးအာပုံလုံရွှက်ကယ်နှင့်၊ သပြက်ကယ် ပိလောညိုက ချိုလှတယ်လေး" ဟု စပ်ဆိုထားကြောင်း တွေ့ရရာ ကျေးလက်ရောမြို့ပြတွင်ပါ ငါးကြင်းစားသုံးမှု တွင်ကျယ်ခဲ့ကြောင်း သိနိုင်ပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် ငါး၊ ငါးပိတို့နှင့် မကင်းနိုင်သော မြန်မာပြည်သူပြည်သားအပေါင်း ကိုယ်ကျန်းမာ စိတ်ချမ်းသာစွာဖြင့် ငါးကြင်းခေါင်းကိုင်နိုင်သော ဝင်ငွေများ ရရှိခံစားနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသတည်း။


**ကိုးကား**

၁။ Fish base of Myanmar

၂။ ပုံပြဆေးအဘိဓာန်

၃။ ဥတုဘောဇနသင်္ဂဟကျမ်း


# ကျိုက်လတ်မြို့နယ် ကွမ်းခြံကုန်းကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကျိုက်လတ် ဇန်နဝါရီ ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပဲခိုးစုကျေးရွာအုပ်စု ကွမ်းခြံကုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၄၈ သိန်းဖြင့် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရရှိန်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီအဖွဲ့ဝင်များနှင့်အတူ ကွမ်းခြံကုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ဆောင်ရွက်သည့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မိမိတို့ နေ့စဉ်အသုံးပြုသွားလာရမည့် လမ်းဖြစ်သဖြင့် လမ်းရေရှည်တည်တံ့အောင်၊ ပျက်စီးမှုမရှိအောင် အားလုံးဝိုင်းဝန်းထိန်းသိမ်းသွားကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ကွမ်းခြံကုန်းကျေးရွာတွင် ကျေးရွာတွင်းလမ်း အရှည် ပေ ၁၁၈၀၊ အကျယ် လေးပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်သည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေများအနက်မှ ငွေကျပ် ၄၈ သိန်း၊ ကျေးရွာနေပြည်သူတို့၏ လုပ်အားထည့်ဝင်မှုတို့ဖြင့် ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာရှိ အိမ်ခြေ ၁၈၆ အိမ်၊ လူဦးရေ ၅၃၃ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ကာ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများ ယခင်ကထက်ပိုမို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရရှိန်ထံမှ သိရသည်။

**ကိုလှိုင်**

# စနေနေ့ညမှာကစားမဲ့ပွဲစဉ်တွေထဲက အိမ်ကွင်းခြေစွမ်းပိုင်းတည်ငြိမ်နေတဲ့ မန်ယူ၊ လန်း၊ ဆိုစီဒက်အသင်းတို့ကို ရွေးချယ်ရမှာပါ

ML




အခုတစ်ပတ်စနေနေ့ညမှာတော့ ဘွန်ဒက်လီဂါပြိုင်ပွဲကလွဲရင် ကျန်အမှတ်ပေးပြိုင်ပွဲလေးခုစလုံး ယှဉ်ပြိုင်ကစားကြမှာဖြစ်ပါတယ်။ ကြားရက်မှာတော့ ကလပ်အသင်းအများစုဟာ ပြည်တွင်းဖလားပွဲစဉ်တွေ ကစားခဲ့ရတာကြောင့် ဒဏ်ရာရပွဲပန်းမှုတွေရှိနေမှာဖြစ်လို့ ကစားသမားအင်အားနည်းပါးတဲ့အသင်းတွေကို သတိထားရွေးချယ်ရမှာပါ။ လက်ရှိမှာတော့ ထိပ်သီးကလပ်တွေက အသင်းကြီးတွေဟာ အိမ်ကွင်းကစားပုံထက်မြက်နေတာကြောင့် ဒီတစ်ပတ်မှာလဲ အိမ်ကွင်းခြေစွမ်းပိုင်းတည်ငြိမ်နေတဲ့အသင်းတွေကိုပဲ ဦးစားပေးရွေးချယ်သွားမှာပါ။

### မန်ယူကို အားပေးရမှာပါ

စနေနေ့ညမှာကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ မန်ယူအသင်းနဲ့ မန်စီးတီးအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းတွေ့ဆုံခဲ့တဲ့ ပထမအကျော့မှာတော့ မန်စီးတီးအသင်းက အိမ်ကွင်းမှာ ခြောက်ဂိုးသုံးဂိုးနဲ့ အနိုင်ရထားခဲ့ပေမဲ့ အဲဒီအချိန်တုန်းက မန်ယူအသင်းအနေနဲ့ ခြေစွမ်းပိုင်းကျဆင်းနေခဲ့တာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာတော့ မန်ယူအသင်းဟာ နည်းပြတန်ဟတ်လက်အောက်မှာ ကစားသမားသစ်တွေအထိုင်မကျသေးတာကြောင့် အဘက်ဘက်က အားနည်းချက်တွေရှိခဲ့ပေမဲ့ တိုက်စစ်ပိုင်းက နောက်ဆုံးအချိန်ထိ ဂိုးရရှိအောင်စွမ်းဆောင်နိုင်ခဲ့တာကိုသတိပြုရမှာပါ။ အခုအချိန်မှာတော့ မန်ယူအသင်းဟာ ခြေစွမ်းပိုင်းတည်ငြိမ်လာတဲ့အပြင် တိုက်စစ်မှူးတွေဖြစ်တဲ့ ရက်ရှ်ဖို့ဒ်၊ အန်တိုနီတို့လဲ ဂိုးတွေသွင်းယူနိုင်ခဲ့တာကြောင့် နောက်ဆုံးကစားခဲ့တဲ့ပြိုင်ပွဲစုံ အိမ်ကွင်း ၁၁ ပွဲဆက် ရှုံးပွဲမရှိခဲ့ပါဘူး။ ဒါ့ပြင် အဲဒီပွဲစဉ်တွေမှာ တိုက်စစ်ပိုင်းက သွင်းဂိုး ၂၄ ဂိုးထိသွင်းယူနိုင်ခဲ့သလို ခံစစ်ပိုင်းကလဲ ပေးဂိုးသုံးဂိုးပဲရှိခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိ နည်းပြတန်ဟတ်ရဲ့ ၄-၂-၃-၁ ကစားကွက်မှာတော့ ကွင်းလယ်ပိုင်းက ကက်စမဲရိုး၊ အယ်ရစ်ဆင်တို့အတွဲက အသင်းရဲ့ အဓိကမောင်းနှင်အားဖြစ်နေပြီး သွင်းဂိုး ခုနစ်ဂိုးထိသွင်းယူထားတဲ့ ရက်ရှ်ဖို့ဒ်ကတော့ ဂိုးသွင်းအများဆုံးကစားသမားအဖြစ်ရပ်တည်နေတာကို တွေ့ရမှာပါ။

နည်းပြဂွါဒီယိုလာရဲ့ မန်စီးတီးအသင်းဟာ တိုက်စစ်ပိုင်းထက်မြက်နေတာကြောင့် အခုပြိုင်ပွဲမှာ သွင်းဂိုး ၄၅ ဂိုးထိသွင်းယူနိုင်ခဲ့လို့ ဂိုးသွင်းအများဆုံးတိုက်စစ်ပိုင်းအဖြစ် ရပ်တည်နေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ တိုက်စစ်ပိုင်းလိုအပ်ချက်အတွက် ဟာလန်းကိုခေါ်ယူပြီးနောက်ပိုင်း ဂိုးအလွယ်တကူရရှိနေပေမဲ့ ခံစစ်ပိုင်းကတော့ တည်ငြိမ်မှုပျောက်ဆုံးနေဆဲဖြစ်ပါတယ်။ ဒါ့ပြင် ဗဟိုခံစစ်ကစားသမား ရှုဘင်ဒီယက်ဇ်လဲ ဒဏ်ရာကြောင့် အနားယူနေရတာကြောင့် နောက်ပိုင်းပွဲစဉ်တွေမှာ ခံစစ်ပိုင်းက အသင်းငယ်တွေကိုတောင် ဂိုးပေးခဲ့ရတာကို သတိပြုရမှာပါ။ သူတို့အသင်းနည်းပြအနေနဲ့ ၄-၃-၃ ကစားကွက်ကို ပုံမှန်အသုံးပြုနေပေမဲ့ တိုက်စစ်အတွဲဖြစ်တဲ့ ဒီဘရိုင်း၊ ဟာလန်းတို့ ခြေစွမ်းမပြနိုင်ရင်တော့ နိုင်ပွဲရဖို့ခက်ခဲလေ့ရှိတာကို အဲဗာတန်နဲ့ပွဲစဉ်မှာလဲ တွေ့မြင်ရမှာဖြစ်ပါတယ်။ ဂွါဒီယိုလာဟာ လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ဖို့ အဆင့်(၁)နေရာက အာဆင်နယ်နဲ့ရမှတ်ကွာဟမှုလျှော့ချဖို့ အစွမ်းကုန်ကြိုးစားနေပေမဲ့ ခံစစ်ပိုင်းအားနည်းချက်ကို မပြင်နိုင်သေးတာကြောင့် ရမှတ်တွေဆုံးရှုံးခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိမှာတော့ အမှတ်ပေးပွဲ ၁၇ ပွဲအပြီးမှာ ၁၂ ပွဲနိုင်၊ သုံးပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်နဲ့ ရမှတ် ၃၉ မှတ်ရရှိထားပြီး အာဆင်နယ်နဲ့ ရမှတ် ငါးမှတ်ပဲကွာဟတော့ပေမဲ့ မန်ယူအသင်းကို အဝေးကွင်းသွားကစားရမှာဖြစ်လို့ နိုင်ပွဲရှာဖို့ ခက်ခဲနိုင်တာကြောင့် မန်ယူကိုပဲ အားပေးရမှာပါ။

**မန်ယူအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မန်ယူ | ၃ | - | ၀ | နော့တင်ဟမ် |
| ဝုဗ် | ၀ | - | ၁ | မန်ယူ |
| မန်ယူ | ၃ | - | ၀ | ဘုန်းမောက် |
| မန်ယူ | ၃ | - | ၁ | အဲဗာတန် |
| မန်ယူ | ၃ | - | ၀ | ချာတန် |

**မန်စီးတီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| မန်စီးတီး | ၃ | - | ၂ | လီဗာပူး |
| လိဒ် | ၁ | - | ၃ | မန်စီးတီး |
| မန်စီးတီး | ၁ | - | ၁ | အဲဗာတန် |
| ချဲလ်ဆီး | ၀ | - | ၁ | မန်စီးတီး |
| မန်စီးတီး | ၄ | - | ၀ | ချဲလ်ဆီး |

### လန်းအသင်းကို ရွေးချယ်ရမှာပါ

စနေနေ့ညမှာကစားမဲ့ ပြင်သစ်လီဂူးပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ လန်းအသင်းနဲ့ အော့ဇေးအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ လန်းအသင်းဟာ ပြီးခဲ့တဲ့ပြိုင်ပွဲစုံငါးပွဲဆက်မှာရှုံးပွဲမရှိခဲ့ဘဲ သုံးပွဲနိုင်၊ နှစ်ပွဲသရေရလဒ်ထွက်ပေါ်ခဲ့တာကိုတွေ့ရမှာပါ။ ဒါ့ပြင် နောက်ဆုံးအိမ်ကွင်းပွဲစဉ်မှာလဲ ပြင်သစ်လီဂူးမှာ အကောင်းဆုံးအသင်းဖြစ်တဲ့ ပီအက်စ်ဂျီအသင်းကို သုံးဂိုးတစ်ဂိုးနဲ့အနိုင်ရခဲ့တဲ့ခြေစွမ်းကလဲ အားရစရာဖြစ်နေပါတယ်။ သူတို့အသင်းဟာ ပြီးခဲ့တဲ့အပြောင်းအရွှေ့မှာလဲ အသင်းက အဓိကကစားသမားတွေကိုထိန်းသိမ်းနိုင်ခဲ့သလို ဘရာဇီးအသင်းတိုက်စစ်မှူး အိုပန်ဒါကို ခေါ်ယူနိုင်ခဲ့တာကြောင့် တိုက်စစ်ပိုင်းထက်မြက်လာတာကို တွေ့ရမှာပါ။ ဒါကြောင့် အမှတ်ပေးပွဲ ၁၇ ပွဲအပြီးမှာ ၁၂ ပွဲနိုင်၊ လေးပွဲသရေ၊ တစ်ပွဲရှုံးရလဒ်နဲ့ ရမှတ် ၄၀ ထိရရှိခဲ့တာကြောင့် အမှတ်ပေးဇယားအဆင့်(၂)ထိရောက်ရှိခဲ့ပြီး အဆင့်(၁)က ပီအက်စ်ဂျီအသင်းနဲ့ရမှတ်လေးမှတ်ပဲကွာဟနေတာကိုတွေ့ရမှာပါ။ ဒါ့ပြင် သူတို့အသင်းဟာ အခုရာသီ အိမ်ကွင်းကိုးပွဲမှာရှုံးပွဲမရှိသေးဘဲ ကိုးပွဲစလုံးအနိုင်ရသလို တိုက်စစ်ပိုင်းကလဲ သွင်းဂိုး ၂၁ ဂိုးထိသွင်းယူခဲ့တာကိုသတိပြုရမှာပါ။ အခုပွဲစဉ်မှာတော့ ကစားသမားသုံးယောက်ဒဏ်ရာပြဿနာရှိနေပေမဲ့ အဓိကကစားသမားတွေပါဝင်နိုင်မှာဖြစ်ပါတယ်။

အခုနှစ်မှတန်းတက်လာတဲ့ အော့ဇေးအသင်းကတော့ ကစားသမားစုဖွဲ့မှုအားနည်းချက်ကြောင့် ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘဲ ၁၇ ပွဲကစားအပြီးမှာ သုံးပွဲနိုင်၊ လေးပွဲသရေ၊ ၁၀ ပွဲရှုံးနဲ့ အဆင့်(၁၈)မှာရောက်ရှိနေတာကိုတွေ့ရမှာပါ။ သူတို့အသင်းနည်းပြကတော့ ပြိုင်ပွဲတိုင်းကို ခံစစ်အသားပေးကစားနေပေမဲ့ ကစားသမားတွေရဲ့ တစ်ယောက်ချင်းစွမ်းဆောင်ရည်အားနည်းချက်ကြောင့်ပေးဂိုးတွေများနေပြီး အမှတ်ပေးပြိုင်ပွဲမှာ ဒုတိယပေးဂိုးအများဆုံးအသင်းအဖြစ် ရပ်တည်နေတာဖြစ်ပါတယ်။ အော့ဇေးအသင်းဟာ အခုရာသီအဝေးကွင်း ကိုးပွဲကစားအပြီးမှာ တစ်ပွဲပဲအနိုင်ရခဲ့သလို အဲဒီနိုင်ပွဲကလဲ ခြေရည်တူအသင်းဖြစ်တဲ့ မောင့်ပယ်လီယာအသင်းကိုပဲ အနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ လက်ရှိ သူတို့အသင်းတိုက်စစ်ကို ဦးဆောင်နေတဲ့ နီယန်းကလဲ သွင်းဂိုးသုံးဂိုးပဲသွင်းယူနိုင်ခဲ့ပြီး ခံစစ်ကစားပုံကောင်းတဲ့အသင်းတွေကိုတော့ ဂိုးသွင်းယူနိုင်ခဲ့ခြင်းမရှိပါဘူး။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ဖလားပွဲစဉ်မှာလဲ ဒန်ကာကွီအသင်းကိုအကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရပြီး ပင်နယ်တီအဆုံးအဖြတ်ကျမှ အနိုင်ရခဲ့တာကြောင့် ကစားသမားအင်အား အားနည်းတဲ့သူတို့အသင်းအတွက် အခုပွဲစဉ်ဟာ ခက်ခဲနေမှာသေချာပါတယ်။ ဒါ့ပြင် ကစားသမားစုဖွဲ့မှုကောင်းနေတဲ့ လန်းအသင်းရဲ့ အိမ်ကွင်းတိုက်စစ်ကိုလဲ ပေးဂိုးများနေတဲ့ အော့ဇေးခံစစ်ပိုင်း ထိန်းချုပ်ဖို့မလွယ်ကူနိုင်တာကြောင့် လန်းကိုပဲ ရွေးချယ်ရမှာပါ။

**လန်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လန်း | ၀ | - | ၀ | လီဟာဗေး |
| ရိမ်း | ၁ | - | ၂ | လန်း |
| နိုက် | ၀ | - | ၀ | လန်း |
| လန်း | ၃ | - | ၁ | ပီအက်စ်ဂျီ |
| လင်းနက်စ် | ၀ | - | ၂ | လန်း |

**အော့ဇေးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အန်ဂါ | ၂ | - | ၂ | အော့ဇေး |
| အော့ဇေး | ၁ | - | ၀ | ဟာဂျေဒက် |
| အော့ဇေး | ၂ | - | ၃ | မိုနာကို |
| နန့်တက် | ၁ | - | ၀ | အော့ဇေး |
| ဒန်ကာကွီ | ၂ | - | ၂ | အော့ဇေး |

### ဆိုစီဒက်ရလဒ်ကောင်းမှာပါ

စနေနေ့ညမှာကစားမဲ့ စပိန်လာလီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဆိုစီဒက်နဲ့ ဘီလ်ဘာအိုအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဆိုစီဒက်အသင်းဟာ လာလီဂါ ၁၆ ပွဲကစားအပြီးမှာ ၁၀ ပွဲနိုင်၊ နှစ်ပွဲသရေ၊ လေးပွဲရှုံးရလဒ်နဲ့ ရမှတ် ၃၂ မှတ်ထိရရှိခဲ့လို့ အဆင့်(၃) မှာရပ်တည်နေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ နည်းပြအယ်ဂွါစီ လက်အောက်မှာ အသင်းလိုက်ကစားအားကောင်းနေပြီး ကစားသမားအများစုဟာ နည်းပြရဲ့နည်းစနစ်နဲ့အံဝင်မှုရှိနေတာကြောင့် ပြိုင်ဘက်မရွေးယှဉ်ပြိုင်နိုင်စွမ်းရှိနေတာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ တိုက်စစ်ပိုင်းက အစ်ဆက်ဇ်ကို ယူရို ၇၂ သန်းနဲ့ နယူးကာဆယ်ကိုရောင်းချခဲ့ပေမဲ့ တိုက်စစ်ပိုင်းကျဆင်းသွားခြင်းမရှိခဲ့တာကိုတွေ့ရမှာပါ။ သူ့နေရာမှာတော့ ပြောင်းရွှေ့ကြေးအနည်းငယ်နဲ့ခေါ်ယူထားတဲ့ ရီးရဲလ်မက်ဒရစ်က ကူဘိုနဲ့ လိုက်ပ်ဇစ်က ဆိုးလော့၊ ဆဲလ်တာဗီဂိုက မန်ဒက်ဇ်တို့နဲ့အစားထိုးနိုင်ခဲ့တာကြောင့် ရလဒ်ပိုင်းတည်ငြိမ်နေတာကိုသတိပြုရမှာပါ။ သူတို့အသင်းဟာ အိမ်ကွင်းရှစ်ပွဲမှာ လေးပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ထားပေမဲ့ အခုပွဲစဉ်ဟာ ဥရောပယှဉ်ပြိုင်ခွင့်အတွက် အရေးကြီးနေတာကြောင့် နိုင်ပွဲရဖို့အစွမ်းကုန်ကြိုးစားလာမှာပါ။

ဘီလ်ဘာအိုအသင်းဟာ အဝေးကွင်းခုနစ်ပွဲမှာ နှစ်ပွဲပဲအနိုင်ရခဲ့သလို ခံစစ်ပိုင်းကလဲ ရုန်းကန်ခဲ့ရတာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့နောက်ဆုံးပြိုင်ပွဲစုံငါးပွဲမှာ ရှုံးပွဲမရှိခဲ့ဘူးဆိုပေမဲ့ အမှတ်ပေးပွဲနှစ်ပွဲဆက်တော့ နိုင်ပွဲမရခဲ့တာကိုတွေ့ရမှာပါ။ အဲဒီပွဲစဉ်တွေကလဲ ခံစစ်ကစားပုံကောင်းတဲ့ ဘက်တစ်နဲ့ အိုဆာဆူနာအသင်းတို့ကို သရေရလဒ်ထွက်ပေါ်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် နစ်ကိုးဝီလျံ၊ ဂါစီယာ၊ အီနာကီတို့ဦးဆောင်တဲ့ သူတို့အသင်းတိုက်စစ်ပိုင်းဟာအလုပ်မဖြစ်ဘူးဆိုတာကိုသတိပြုရမှာပါ။ လက်ရှိမှာ တိုက်စစ်မှူးအီနာကီက သွင်းဂိုးငါးဂိုးနဲ့ ဘီလ်ဘာအိုတိုက်စစ်ကိုဦးဆောင်နေပေမဲ့ နောက်ပိုင်းမှာ ဂိုးရဖို့ကြိုးပမ်းနေရတာကြောင့် အသင်းအနေနဲ့ အမှတ်ပေးဇယားအဆင့်(၇)ထိ ကျဆင်းခဲ့ရတာကိုတွေ့ရမှာပါ။ အထူးသဖြင့် အဝေးကွင်းပွဲစဉ်တွေမှာ အမြဲရုန်းကန်နေရတာကြောင့် နောက်ဆုံးအဝေးကွင်းငါးပွဲလဲ နိုင်ပွဲမရှိခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်ဟာ ခြေရည်တူနှစ်သင်းတွေ့ဆုံနေပေမဲ့ ဆိုစီဒက်အသင်းက နည်းပြရဲ့ကစားကွက်ကို အကောင်းဆုံးပုံဖော်နိုင်စွမ်းရှိတာကြောင့် ဘီလ်ဘာအိုခံစစ်ပိုင်း ပွဲချိန်ပြည့်ထိန်းချုပ်ဖို့မဖြစ်နိုင်လို့ ဆိုစီဒက်ပဲ ရလဒ်ကောင်းမှာပါ။

**ဆိုစီဒက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လိဒ် | ၂ | - | ၁ | ဆိုစီဒက် |
| ကော်ရီယာ | ၀ | - | ၅ | ဆိုစီဒက် |
| ဆိုစီဒက် | ၂ | - | ၀ | အိုဆာဆူနာ |
| လိုဂရိုနက်စ် | ၀ | - | ၁ | ဆိုစီဒက် |
| အယ်မာရီယာ | ၀ | - | ၂ | ဆိုစီဒက် |

**ဘီလ်ဘာအိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| အူဒီးနီးစ် | ၀ | - | ၁ | ဘီလ်ဘာအို |
| ဆီစတာအို | ၀ | - | ၁ | ဘီလ်ဘာအို |
| ဘက်တစ် | ၀ | - | ၀ | ဘီလ်ဘာအို |
| အယ်ဒန်စီ | ၁ | - | ၆ | ဘီလ်ဘာအို |
| ဘီလ်ဘာအို | ၀ | - | ၀ | အိုဆာဆူနာ |

# မကွေးတိုင်းဒေသကြီးသို့ ဒီဇင်ဘာလအတွင်း အခြားပြည်နယ်နှင့် တိုင်းဒေသကြီးမှ ဆန် ၂၃၄၁၂ အိတ် တင်သွင်းခဲ့



**မကွေး ဇန်နဝါရီ ၁၂**

မကွေးတိုင်းဒေသကြီးသို့ ဒီဇင်ဘာလအတွင်း အခြားပြည်နယ်နှင့် တိုင်းဒေသကြီးမှ ဆန် ၂၃၄၁၂ အိတ် တင်သွင်းဆောင်ရွက်ခဲ့ကြောင်း မကွေးတိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာန၏ သတင်းများအရ သိရသည်။

မကွေးတိုင်းဒေသကြီးတွင် ဆန်စပါးစိုက်ပျိုးမှုကို ဆည်ရေရရှိသည့် ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းဒေသ မြို့နယ်များနှင့် တောင်တွင်းကြီးမြို့နယ်၊ မြို့သစ်မြို့နယ်နှင့် နတ်မောက်မြို့နယ်တို့တွင်သာ စိုက်ပျိုးမှုရှိနေပြီး စိုက်ပျိုးထွက်ရှိနေသည့် ဆန်စပါးများမှာ မကွေးတိုင်းဒေသကြီးတွင် စားသုံးမှုအတွက်ဖူလုံမှုမရှိသဖြင့် လိုအပ်မှုရှိနေသည့်ဆန်ကို ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ မှာယူတင်သွင်းဆောင်ရွက်ရကြောင်း သိရသည်။

အဆိုပါ ဆောင်ရွက်နေမှုများအရ ပြီးခဲ့သည့်ဒီဇင်ဘာလတွင် မကွေးတိုင်းဒေသကြီးသို့ ဧရာဝတီတိုင်းဒေသကြီးမှ ဆန် ၁၈၉၈၃ အိတ်၊ မန္တလေးတိုင်းဒေသကြီးမှ ဆန် ၂၄၂၇ အိတ်၊ ရန်ကုန်တိုင်းဒေသကြီးမှ ဆန် ၉၃၂ အိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဆန်အိတ်ရေ ၃၅၀၊ ပဲခူးတိုင်းဒေသကြီးမှ ဆန်အိတ်ရေ ၃၄၀ နှင့် ရခိုင်ပြည်နယ်မှ ဆန်အိတ်ရေ ၃၈၀ စုစုပေါင်းဆန် ၂၃၄၁၂ အိတ်၊ တန်ချိန်အားဖြင့် ၁၁၇၀ ဒသမ ၆၀ တန် တင်သွင်းခဲ့ရကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်း ဒီဇင်ဘာလ နောက်ဆုံးပတ်တွင် ဖြစ်ပေါ်ခဲ့သည့် ဆန်ဈေးနှုန်းများမှာ ဧရာပဒေသာ(ပွင့်ဖြူ) ဆန်အဟောင်း ၂၄ ပြည်တစ်အိတ်လျှင် ငွေကျပ် ၆၃၀၀၀ မှ ၆၅၀၀၀၊ ဧရာပဒေသာ(ပွင့်ဖြူ) ဆန်အသစ်တစ်အိတ်လျှင် ငွေကျပ် ၅၃၀၀၀ မှ ၅၅၀၀၀၊ ဧရာပဒေသာ (မြောင်းမြ) ၂၄ ပြည်တစ်အိတ်လျှင် ငွေကျပ် ၄၈၀၀၀ မှ ၅၂၀၀၀၊ ပေါ်ဆန်းမွှေး (ရွှေဘို) ဆန်အဟောင်း ၂၄ ပြည်တစ်အိတ်လျှင် ငွေကျပ် ၉၅၀၀၀ မှ ၁၀၀၀၀၀၊ ပေါ်ဆန်းမွှေး(ရွှေဘို) ဆန်အသစ် ၂၄ ပြည်တစ်အိတ်လျှင် ငွေကျပ် ၇၂၀၀၀ မှ ၇၄၀၀၀၊ ပေါ်ဆန်းမွှေး(မြောင်းမြ) ၂၄ ပြည်တစ်အိတ်လျှင် ငွေကျပ် ၄၅၀၀၀ မှ ၄၆၀၀၀၊ မနောသုခ(မြောင်းမြ) ၂၄ ပြည်တစ်အိတ်လျှင် ငွေကျပ် ၄၄၀၀၀ မှ ၄၇၀၀၀ နှင့် ဖန်သီး ၂၄ ပြည်တစ်အိတ်လျှင် ငွေကျပ် ၄၉၀၀၀ မှ ၅၂၀၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။ **ချမ်းချမ်း**

## ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့

# မလှိုင်မြို့တွင် ဆပ်ပြာဆီ၊ ခေါင်းလျှော်ရည်ပြုလုပ်နည်း သင်တန်းဖွင့်

**မလှိုင် ဇန်နဝါရီ ၁၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆပ်ပြာဆီ၊ ခေါင်းလျှော်ရည် ပြုလုပ်နည်း သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မလှိုင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထက်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။


ထို့နောက် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်အတွက် ယခုကဲ့သို့ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ပို့ချပေးရခြင်းဖြစ်ကြောင်း၊ သင်တန်းတက်ရောက်မည့်သင်တန်းသူများအနေဖြင့် သင်တန်းမှပို့ချပေးမည့် စာတွေ့လက်တွေ့ သင်ခန်းစာများကို စီးပွားဖြစ်ပြန်လည်အသုံးချနိုင်အောင် ကြိုးစားသင်ယူကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ မလှိုင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းထက်၊ မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

အသက်မွေး ဝမ်းကျောင်း အထောက်အကူပြု ဆပ်ပြာဆီ၊ ခေါင်းလျှော်ရည် ပြုလုပ်နည်း သင်တန်းသို့ မလှိုင်မြို့နယ်အတွင်း ထန်းတောကျေးရွာ၊ ထန်းပင်ကောက်ကျေးရွာနှင့် ဖန်းခါးပင်ကျေးရွာတို့မှ သင်တန်းသူဦးရေ ၁၅ ဦးတက်ရောက်ကြပြီး သင်တန်းတွင် ဆပ်ပြာဆီ၊ ခေါင်းလျှော်ရည် ပြုလုပ်နည်းအမျိုးမျိုးကို ကျွမ်းကျင်နည်းပြဆရာများက သင်တန်းကာလ ၁၀ ရက်ကြာ စာတွေ့လက်တွေ့ဖြင့် အခမဲ့သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံက သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**









## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန် ကြေညာချက်

မဓ(၂၇/၇၂)၊ လမ်း၁၃၀ နှင့် ၅၄လမ်းထောင့်၊ (ဆ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီးတွင် ကျွန်တော် **ကိုဇော်ထက်အောင်** သည် အောက်ဖော်ပြပါ တံဆိပ်အမည် (၃)မျိုးအနက်မှ (၁)မျိုးဖြင့် **(၁)TA1 (၂) အောင်တံခွန် (၃) စိန်တံခွန်** သောက်ရေသန့် ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။သို့ဖြစ်ပါ၍ **မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက နိုင်လုံသောအထောက်အထားများဖြင့်** ကြေညာချက်ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဆက်သွယ်၍ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။

**သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြေညာချက်နှင့်အတူ အသုံးပြုလိုသော** အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်တူထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရန်/ ကိုဇော်ထက်အောင် (၉/ဇေန(နိုင်)၀၉၃၇၁၉)၊ ၀၉-၇၈၅၂၈၅၃၇၅**

## ကန့်ကွက်နိုင်ပါသည်

ဒေါ်သန်းစံအမည်ပေါက် ဖုန်းနံပါတ် ၀၂-၄၀၂၁၆၁၅ အား လိပ်စာပြောင်းရွှေ့မည်ဖြစ်ပါ၍ ဖုန်းစာရွက်စာတမ်းများအား မိတ္တူမှန်ထုတ်ယူလိုပါသဖြင့် ကန့်ကွက်လိုပါက (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဦးအာကာဟိန်း (၉/မကန(နိုင်)၁၃၇၆၄၆)**
09-964031311

## စာရေးမတစ်ဦး အလိုရှိသည်

- လစာ ၁၆၀၀၀၀ိ/-
- ဈေးချိုအနောက်ဘက်
- ဒန်သတ္တုဆိုင်
- ၂၆ × ၂၇ ကြား၊ ၈၆ × ၈၇ ကြား။
- 09-444015552

## ဖခင်အမည်မှန်

စစ်ကိုင်းမြို့၊ ကြွယ်လူးကျေးရွာတွင် နေထိုင်သည့် ညောင်ကုန်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ မောင်နန်းဝေအောင် Grade-9 ၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ ဦးအောင်ကျော်မိုး ဖြစ်ပါကြောင်း။ **ဦးအောင်ကျော်မိုး(၅/စကန(နိုင်)၁၅၉၆၇၁)**

## အမည်ပြောင်း

(အဘ) ဦးဇာနည်အောင် (၁၂/လမန(နိုင်)၀၂၄၇၃၉) ၏ သား ပြင်ဦးလွင်မြို့၊ စာပန်းအိမ် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-1 တွင် ပညာသင်ကြားနေသော မောင်အာကာမင်း အား မောင်လင်းရာပြည့် ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်လင်းရာပြည့်**

## ဥတ္တရာသီ တောကိုမှီ

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ ဖြစ်စေ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ **လူမှုရေး**
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ မိမိတို့နိုင်ငံရှိ စီးပွားရေးလုပ်ငန်းများတွင် ဘက်ပေါင်းစုံမှ အထောက်အကူပြုသည့်လုပ်ငန်းမှာ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းပင်ဖြစ်...

❖ ပြည်တွင်းပြည်ပခရီးသွားလာမှုများကြောင့် ဒေသတွင်းရောင်းဝယ်ဖောက်ကားမှုများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများလည်ပတ်နိုင်ခြင်းကြောင့် လည်ပတ်သုံးစွဲငွေများ တိုးမြှင့်လာမည်ဖြစ်...

❖ ပြည်ပခရီးသွားများ ဝင်ရောက်ခြင်းကြောင့် နိုင်ငံခြားဝင်ငွေများ ပိုမိုရရှိလာနိုင်မည်ဖြစ်...

❖ ထို့ကြောင့် ကမ္ဘာလှည့်ခရီးသွားများဝင်ရောက်မှုရှိစေရေး နိုင်ငံတော်အနေဖြင့် စီမံဆောင်ရွက်လျက်ရှိ...

❖ ပြည်တွင်းပြည်ပခရီးသွားလာမှုများ မြှင့်တင်ဆောင်ရွက်နိုင်မည်ဆိုပါက စီးပွားရေးအရ များစွာတိုးတက်ပြောင်းလဲလာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၂၇ ရက်တွင်ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၈/၂၀၂၂)တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချီးမြှင့်သည့် ဘွဲ့တံဆိပ်များ ချီးမြှင့်ပေးအပ်



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေတို့က သရေစည်သူဘွဲ့ရရှိသူ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်အောင် (ကွယ်လွန်) ကိုယ်စား ဇနီးဖြစ်သူ သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်သိန်းကို ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်အပ်နှင်းစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၂**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ဇန်နဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင် ကျင်းပခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘွဲ့ခံပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များကို တစ်ဦးချင်းချီးမြှင့်အပ်နှင်းခဲ့သည်။

အဆိုပါ ဂုဏ်ထူးဆောင်ဘွဲ့များအပ်နှင်းခြင်းအခမ်းအနားသို့

**စာမျက်နှာ ၁၇ ကော်လံ ၁ ☆**

## ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာဆုံးဖြတ်ချက် အဆိုအပေါ် ကန့်ကွက်ရှုတ်ချကြောင်း ဆန္ဒထုတ်ဖော်

*စာမျက်နှာ - ၂၀*

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## The Great Lethwei မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် ထွန်းထွန်းမင်းနှင့် သွေးသစ်ဝင်းလှိုင်တို့ ထိုးသတ်မည်




*စာမျက်နှာ - ၉*

ဇမ္ဗူလာသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရွှေမန်းသူ
အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း
ပါရမီလက်မှတ်အရောင်းဌာန
ရွှေမန်းသူ ၀၉ ၂၅၄၇၈၁၀၆၀၊ ၀၉ ၂၆၁၄၀၀၈၄၄
ရွှေမြိုင်သူ ၀၉ ၂၆၁၄၀၀၈၅၅
ရှမ်းမလေး ရန်ကုန်မြို့တွင်း G & G Store ဆိုင်များ၊
ငုသိစ်သူ Online Easy Ticket, Go - Auto Ticket
ရန်ကုန် — နေပြည်တော်
— တောင်ကြီး
— မုံရွာ၊ မန္တလေး၊ ပြင်ဦးလွင်
— ကျောက်ပန်းတောင်း - ရောက် - ဆိပ်ဖြူ
— ပုဂံ (ညောင်ဦး) - ပခုက္ကူ
— မကွေး - မင်းဘူး - ရွှေစက်တော်၊ မိတ္ထီလာ - မြင်းခြံ
— မော်လမြိုင် - မုဒုံ - သံဖြူဇရပ် - ကျိုက္ကမီ
— တောင်ငူ - ဖျာ - ရေနီ
— ပုသိမ်

ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု